## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ
## ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါ သဘောတူညီချက်များ အတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံ ဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော် တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

ISBN 978-99986-56-07-9
9 789998 656079 >



# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ
# နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်
# ပြောကြားခဲ့သည့် မိန့်ခွန်းများ

( ၂၀၂၃ ခုနှစ်၊ ဇူလိုင်လ )

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ
# နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်
# ပြောကြားခဲ့သည့် မိန့်ခွန်းများ

( ၂၀၂၃ ခုနှစ်၊ ဇူလိုင်လ )

ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက စီစဉ်ထုတ်ဝေသည်။

## ပုံနှိပ်မှတ်တမ်း

| | | |
|---|---|---|
| ပြန်ကြားရေးဝန်ကြီးဌာန | – | စာအုပ်အမှတ်စဉ် ( ၆၅ / ၂၀၂၃ ) |
| ထုတ်ဝေသည့်ခုနှစ် | – | ၂၀၂၃ ခုနှစ်၊ ဩဂုတ်လ |
| ထုတ်ဝေသည့်အကြိမ် | – | ပထမအကြိမ် |
| အုပ်ရေ | – | ၁၅၀၀ အုပ် |
| ပုံနှိပ် | – | ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန |


Online တွင်ဖတ်ရှုရန် Scan ဖတ်ပါ။


ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက စီစဉ်ထုတ်ဝေသည်။


### အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH, NUG, PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့် လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH, NUG, PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ် စည်းစိမ်ကို ကာကွယ်ပေးခြင်း ဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ် စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

### Public Notice for Elimination of Violence

1. So called “CRPH”, “NUG” and “PDF” terrorist groups are unlawfully committing killings monks, teachers, civil servants and general people and lotting under the pretext of sayings “for the people”.
2. Not rendering encourage support and assistance to the “CRPH”, “NUG” and “PDF” terrorists that are committing intimidations, killings and destructive activities could be construed as protecting lives and property of general public.
3. Giving information secretly relating to bearing of their arms, ammunitions and terrorists to authorities could be tantamount to protecting lives and property of innocent people.

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ
# နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်
# ပြောကြားခဲ့သည့် မိန့်ခွန်းများ
( ၂၀၂၃ ခုနှစ်၊ ဇူလိုင်လ )

# မာတိကာ


| | | |
|---|---|---|
| ၁။ | ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI) ညီနောင်အသင်းအဖွဲ့များမှ တာဝန်ရှိသူများနှင့်တွေ့ဆုံစဉ် ပြောကြားသည့်အမှာစကား | ၇ |
| ၂။ | ၂၀၂၃ ခုနှစ် မြန်မာအမျိုးသမီးများနေ့အခမ်းအနားသို့ ပေးပို့သည့်မိန့်ခွန်း | ၁၃ |
| ၃။ | ရသေ့တောင်မြို့နယ်ရှိ ဌာနဆိုင်ရာ ဝန်ထမ်းများ၊ မြို့မိမြို့ဖများနှင့် တပ်နယ်များရှိ အရာရှိ၊ စစ်သည်မိသားစုများအား တွေ့ဆုံအားပေးစဉ် ပြောကြားသည့်အမှာစကား | ၁၆ |
| ၄။ | ရခိုင်ပြည်နယ် စစ်တွေမြို့ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုများကို သွားရောက်ကြည့်ရှုစစ်ဆေးစဉ် ပြောကြားသည့်အမှာစကား | ၂၀ |
| ၅။ | စစ်တွေတပ်နယ်နှင့် ကမ်းနီတပ်နယ်မှ အရာရှိ၊ စစ်သည်မိသားစုများနှင့်သီးခြား တွေ့ဆုံပြောကြားသည့်အမှာစကား | ၂၇ |
| ၆။ | ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၃/၂၀၂၃) တွင်ပြောကြားသည့်အမှာစကား | ၃၁ |
| ၇။ | နိုင်ငံကုန်ထုတ်လုပ်မှုမြှင့်တင်ရေးအစည်းအဝေး၌ ပြောကြားသည့်အမှာစကား | ၃၇ |
| ၈။ | ကမ္ဘာပေါ်ရှိ ထိုင်တော်မူ ကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်လာမည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပြီးစီးမှုနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည့်အမှာစကား | ၄၁ |
| ၉။ | ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်လာမည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ထားကိုးကွယ်မှုအခြေအနေများနှင့် ပတ်သက်၍ ကြည်ညိုသဒ္ဓါပွားများနိုင်ရေး ရှင်းလင်းပြောကြားသည့်အမှာစကား | ၄၄ |
| ၁၀။ | ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် စီးပွားရေးရာကော်မတီအစည်းအဝေးအမှတ်စဉ် (၆/၂၀၂၃) တွင် ပြောကြားသည့်အမှာစကား | ၅၁ |
| ၁၁။ | ၂၀၂၃ ခုနှစ်၊ ဒုတိယအကြိမ် နိုင်ငံအဆင့် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲအခမ်းအနားသို့ တက်ရောက်စဉ် ပြောကြားသည့်အမှာစကား | ၅၅ |

၁၂။ ကမ္ဘာပေါ်ရှိ ထိုင်တော်မူ ကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်များအနက် ဥဏ်တော်အမြင့်ဆုံး ၅၈
ဖြစ်လာမည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပြီးစီးမှုအခြေအနေများနှင့်
ပတ်သက်၍ ရှင်းလင်းပြောကြားသည့် အမှာစကား
၁၃။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ ၆၂
အစည်းအဝေး (၂/၂၀၂၃)တွင် ပြောကြားသည့်အမှာစကား

■ ■ ■

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ
# ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့် အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ
# ဦးတည်ချက် (၉) ရပ်

၁။ နိုင်ငံရေး

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝ လုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ် အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ စီးပွားရေး

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာ ဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူ တစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့်မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက် အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှု လုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင်ဆောင်ရွက်၍ နိုင်ငံအတွင်း ဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ လူမှုရေး

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှု အထောက်အကူပြု ပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံး အကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင် ဆောင်ရွက်ရေး။

# ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI) ညီနောင်အသင်းအဖွဲ့များမှ တာဝန်ရှိသူများနှင့် တွေ့ဆုံစဉ် ပြောကြားသည့်အမှာစကား

(၂-၇-၂၀၂၃)





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI) ညီနောင်အသင်းအဖွဲ့များမှ တာဝန်ရှိသူများအား ဇူလိုင်လ(၂)ရက်နေ့ နံနက် ၉ နာရီခွဲတွင် ရန်ကုန်မြို့ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI)ရှိ မင်္ဂလာခန်းမ၌တွေ့ဆုံ၍ နိုင်ငံ့စီးပွားမြှင့်တင်နိုင်ရေး ကိစ္စရပ်များကို ကဏ္ဍအလိုက် ရင်းနှီးပွင့်လင်းစွာဆွေးနွေးသည်။

အဆိုပါ တွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ကောင်စီဝင်များဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီး မိုးမြင့်ထွန်း၊ ဒုတိယဝန်ကြီးချုပ်နှင့် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဒေါက်တာကံဇော်၊ ဦးမောင်မောင်အုန်း၊ ဦးအောင်နိုင်ဦး၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူးနှင့် တာဝန်ရှိသူများ၊ ရန်ကုန်မြို့တော်ဝန်၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်(UMFCCI) ဥက္ကဋ္ဌဦးအေးဝင်းနှင့် ဗဟိုအလုပ်အမှုဆောင်များ၊ ညီနောင်အသင်းအဖွဲ့များမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

**နိုင်ငံ့စီးပွားမြှင့်တင်နိုင်ရေးကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေး၍ လိုအပ်သည်များ ဆက်လက်ဆောင်ရွက်နိုင်ရန် တွေ့ဆုံခြင်းဖြစ်**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားရာတွင် နိုင်ငံတော်၏ စီးပွားရေးလုပ်ငန်းများကို မြှင့်တင်ဆောင်ရွက်ရာတွင် လိုအပ်သည်များကို ဆွေးနွေးပြောကြားနိုင်ရေးအတွက် တွေ့ဆုံခြင်းဖြစ်ကြောင်း၊ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI)အနေဖြင့် အဓိကအားဖြင့် ထုတ်လုပ်မှုအပိုင်း၊ ကုန်သွယ်မှုအပိုင်းနှင့် ဝန်ဆောင်မှုအပိုင်း စသည့်အပိုင်းသုံးပိုင်းဖြင့်ဆောင်ရွက်လျက်ရှိပြီး အဆိုပါအချက်များသည် နိုင်ငံ၏ GDP တွက်ချက်မှုတွင် ပါဝင်သည့်အပိုင်းများဖြစ်သည်ကို တွေ့ရှိရကြောင်း၊ အဆိုပါကဏ္ဍများ၌ စက်မှု

ကုန်ထုတ်လုပ်မှုလုပ်ငန်းများနှင့်အခြားလုပ်ငန်းများစွာလည်း ပါဝင်ကြောင်း၊ ထို့ကြောင့် ယင်းကဏ္ဍများအားလုံးနှင့် ပတ်သက်၍ လိုအပ်သည်များကို ဆွေးနွေးပြောကြားနိုင်ရန်နှင့် လိုအပ်သည်များကို မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရန် တွေ့ဆုံရခြင်းဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးကို အမျိုးသားရေးလုပ်ငန်းစဉ်အဖြစ် မျှော်မှန်းဆောင်ရွက်လျက်ရှိကြောင်း၊ သာယာဝပြောရေးဆိုသည်မှာ တိုင်းပြည်ငြိမ်းချမ်းမှုရှိရမည်၊ ပြည်သူများအေးအေးချမ်းချမ်း ပျော်ပျော်ရွှင်ရွှင်ဖြင့် လုပ်ကိုင်ဆောင်ရွက်နိုင်မှုရှိရမည်၊ ပညာသင်ကြားနိုင်ရမည်ဖြစ်ကြောင်း၊ မြို့ပြများတွင်သာမက ကျေးလက်ဒေသများပါမကျန် တစ်နိုင်ငံလုံးတွင် ထိုသို့ဖြစ်ရမည်ဖြစ်ကြောင်း။

**စားရေရိက္ခာဖူလုံရေးနှင့် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် ရှိပြီးဖြစ်သည့် အရင်းအမြစ်များနှင့် သယံဇာတများကို အကျိုးရှိစွာ အသုံးချနိုင်ရမည်**

စားရေရိက္ခာဖူလုံရေးနှင့်ပတ်သက်၍ မိမိတို့နိုင်ငံတွင် စိုက်ပျိုးမွေးမြူရေး လုပ်ငန်းများကို အောင်မြင်ဖြစ်ထွန်းစွာ ဆောင်ရွက်နိုင်သည့် ရေမြေသယံဇာတများ ပေါများစွာ ရှိပြီး အလုပ်လုပ်ကိုင်ဆောင်ရွက်နိုင်သည့် လူသားအရင်းအမြစ်များလည်း ရှိပြီးဖြစ်ကြောင်း၊ သို့သော် စားရေရိက္ခာထုတ်လုပ်မှုနှင့်ပတ်သက်၍ ဝယ်လိုအားနှင့် ရောင်းလိုအား မျှတမှုမရှိခြင်းနှင့် ထုတ်လုပ်မှုကုန်ကျစရိတ်များ များပြားခြင်းများကြောင့် ရှိသင့်သည့် ကုန်ဈေးနှုန်းထက် ကြီးမြင့်နေသည်ကိုတွေ့ရကြောင်း၊ ဝယ်လိုအားနှင့် ရောင်းလိုအား မျှတမှုမရှိခြင်းကြောင့် အခြေခံစားသောက်ကုန်များ ဈေးနှုန်းကြီးမြင့်ရခြင်းမှာ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို ဆောင်ရွက်နိုင်သည့် မြေသယံဇာတ၊ ရေသယံဇာတ အခြေခံကောင်းများရှိပြီးဖြစ်သည့် မိမိတို့နိုင်ငံအတွက် ထုတ်လုပ်မှုနည်းပါးခြင်းကြောင့် မဖြစ်သင့်ကြောင်း။

စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများကို ဆောင်ရွက်နိုင်သည့်မြေများ လုံလောက်စွာရှိသော်လည်း စိုက်ပျိုးမွေးမြူထုတ်လုပ်မှုများ အားနည်းခြင်းကြောင့် အချို့တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် ရိက္ခာများဖူလုံသင့်သလောက် ဖူလုံခြင်းမရှိသည်ကိုတွေ့ရှိရကြောင်း၊ မိမိတို့နိုင်ငံတွင် ယခုနှစ်အတွင်း မိုးစပါးစိုက်ဧက ၁၄ ဒသမ ၉ သန်းရှိပြီး ခြောက်သန်း ကျော်သာ သီးထပ်စိုက်ပျိုးကြောင်း၊ မိုးစပါး စိုက်ပျိုးပြီးသည့် အချိန်တွင် ပဲ၊ ပြောင်း၊ နှမ်း၊ နေကြာနှင့် အခြားသီးနှံများကို စိုက်ပျိုးကြပြီး ကျန်ရှိသည့် ခုနှစ်သန်းကျော်တွင် သီးထပ်များစိုက်ပျိုးခြင်းမရှိသည်ကို တွေ့ရှိရကြောင်း၊ အဆိုပါ စိုက်ပျိုးခြင်းမရှိသည့် တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် အခြေခံရေသယံဇာတများ လုံလောက်စွာရှိသော်လည်း စိုက်ပျိုးရေရရှိအောင် ဆောင်ရွက်ခြင်း မရှိသည်ကို တွေ့ရှိရကြောင်း၊ စိုက်ပျိုးရေများ ရရှိရေး ကြိုးပမ်းဆောင်ရွက်ပြီး မြေကိုအကျိုးရှိစွာအသုံးချနိုင်မည် ဆိုပါက စားရေရိက္ခာများ ဖူလုံပြည့်ဝလာမည်ဖြစ်ကြောင်း၊ **စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို အောင်မြင်အောင် ဆောင်ရွက်ခြင်းဖြင့် ကုန်ထုတ်လုပ်မှုများကို ပိုမိုဆောင်ရွက်နိုင်ပြီး ထွက်ရှိလာသည့် ကုန်ကြမ်းပစ္စည်းများအပေါ် မူတည်၍ ပြည်တွင်းစားသုံးမှုနှင့် ပြည်ပပို့ကုန်များ တိုးတက်ရရှိလာမည်ဖြစ်ကာ လယ်ယာကဏ္ဍကြီး၊ စက်မှုကဏ္ဍကြီးနှင့် ဝန်ဆောင်မှုကဏ္ဍကြီးများ တိုးတက်လာမည် ဖြစ်ကြောင်း။**

နိုင်ငံတော်တွင်ရှိသည့် မြေပေါ်မြေအောက် သယံဇာတများကို ထုတ်ယူသုံးစွဲရာတွင် မြေအောက်သယံဇာတပစ္စည်းများသည် ထုတ်ယူသုံးစွဲပြီးကုန်ဆုံးသွားပါက ပြန်လည်ဖြည့်တင်း၍ ရနိုင်မည်မဟုတ်ကြောင်း၊ သတ္တုပစ္စည်းများကို ထိုက်သင့်သလောက်သာ ထုတ်လုပ်ခွင့်ပြုထားကြောင်း၊ တွင်းထွက်ပစ္စည်းများထုတ်လုပ်ရာတွင် ကုန်ကြမ်းပစ္စည်းများ ထုတ်လုပ်ခြင်းထက် ကုန်ချောပစ္စည်း များအဖြစ် ထုတ်လုပ်ခြင်းကို ဆောင်ရွက်ရန်လို

> **စိုက်ပျိုးမွေးမြူရေးကဏ္ဍမှ**
> **စတင်လိုက်သည့် ထုတ်လုပ်မှုသည်**
> **စက်မှုလုပ်ငန်းနှင့် ဝန်ဆောင်မှု**
> **လုပ်ငန်းများကို များစွာပြောင်းလဲ**
> **သွားစေနိုင်သည့်အတွက် မိမိတို့နိုင်ငံနှင့်**
> **ကိုက်ညီပြီး အခြေခံအကျဆုံးဖြစ်သည့်**
> **စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို**
> **အောင်မြင်အောင်**
> **ဆောင်ရွက်ကြစေလို။**

ကြောင်း၊ မြေအောက်သယံဇာတများသည် ချက်ချင်း ပြန်လည်ရရှိခြင်းမရှိဘဲ နှစ်ပေါင်းများစွာ စုဆောင်းရခြင်း ဖြစ်ကြောင်း၊ မြေပေါ်သယံဇာတများသည် လူများက ပြန်လည်ဖြည့်ဆည်း၍ရကြောင်း၊ ဥပမာအားဖြင့် သစ်တောများ ထုတ်ယူပြီးပါက ပြန်လည်စိုက်ပျိုး ဖြည့်တင်းဆောင်ရွက်နိုင်ကြောင်း၊ သစ်တောစိုက်ပျိုးရန် ခွင့်ပြုထားသည့် အချို့မြေနေရာများ၌ သစ်ပင်သစ်တော များကို မှန်ကန်စွာစိုက်ပျိုးထုတ်လုပ်ခြင်းမရှိသည်ကို တွေ့ရှိရကြောင်း၊ ယခင်ကခွင့်ပြုခဲ့သည့် အဆိုပါ စိုက်ပျိုး မြေများပေါ်တွင် အမှန်တကယ် စိုက်ပျိုးခဲ့မည်ဆိုပါက ယခုအချိန်တွင် သစ်ထုတ်လုပ်မှုများဆောင်ရွက်၍ ပြည်ပသို့ တင်ပို့ရောင်းချနိုင်မည်ဖြစ်ပြီး နိုင်ငံ့စီးပွားရေးကို အထောက် အကူပြုနိုင်မည်ဖြစ်ကြောင်း။

## ပြည်တွင်းစားသုံးဆီဖူလုံရေး ကြိုးပမ်းဆောင်ရွက်

စက်မှုလက်မှုလုပ်ငန်းများတွင် MSME လုပ်ငန်းများ လည်းပါဝင်ကြောင်း၊ MSME လုပ်ငန်းများဆောင်ရွက် ရာတွင် ပြည်တွင်း၌ရရှိရန်သေချာသည့် ကုန်ကြမ်းပစ္စည်း များဖြင့် ကုန်ထုတ်လုပ်မှုများဆောင်ရွက်ခြင်းသည် အကောင်းဆုံးဖြစ်ကြောင်း၊ မိမိတို့နိုင်ငံတွင် အသေချာဆုံး ကုန်ကြမ်းများဖြစ်သည့် စိုက်ပျိုးမွေးမြူရေး ထွက်ကုန် များကို ထုတ်လုပ်လျက်ရှိပြီး ဆန်စက်၊ ဆီစက်များသည် စက်မှုလုပ်ငန်းများတွင် အကျုံးဝင်ကြောင်း၊ မိမိတို့နိုင်ငံ တွင် ပဲမျိုးစုံနှင့် ဆီထွက်သီးနှံများထွက်ရှိသဖြင့် ဆီစက် လုပ်ငန်းများကို လည်ပတ်နိုင်ကြောင်း၊ မြေပဲ၊ နှမ်း၊ ပန်းနှမ်း၊ နေကြာ၊ ပဲပုပ် စသည့်ဆီထွက်သီးနှံများ၏ လက်ရှိအထွက် နှုန်းအတိုင်း ဆီထုတ်လုပ်မည်ဆိုပါက စားသုံးဆီဖူလုံမှု ၁၂၆ ဒသမ ၂ ရာခိုင်နှုန်းရှိကြောင်း၊ အဆိုပါ ဆီထွက်သီးနှံ များကို အသုံးပြုရာတွင် မြေပဲ၊ နှမ်းများမှာ ရိုးရာနည်းဖြင့် စားသုံးခြင်း၊ ပြည်ပသို့တင်ပို့ခြင်းနှင့် ဆီထုတ်လုပ်ခြင်းများ ဆောင်ရွက်ကြကြောင်း၊ ရိုးရာစားသုံးမှုနှင့် ပြည်ပသို့တင်ပို့ ခြင်းများကြောင့် ထွက်ရှိသည့်မြေပဲနှင့် နှမ်းများ၏ ရာခိုင်နှုန်းထက်ဝက်ခန့် လျော့နည်းသွားသဖြင့် ပြည်တွင်းဆီ ဖူလုံမှုကို လျော့နည်းသွားစေကြောင်း၊ ထို့ကြောင့် ဆီထွက် သီးနှံများကို ပြည်ပသို့တင်ပို့ခြင်းထက် ဆီထုတ်လုပ်ခြင်း၊ ရိုးရာနည်းဖြင့်စားသုံးမှုများကို ထိန်းသိမ်းခြင်းများ ဆောင်ရွက်နိုင်မည်ဆိုပါက ပြည်တွင်းစားသုံးဆီ လိုအပ် ချက်ကို ဖြည့်ဆည်းပေးနိုင်မည်ဖြစ်ကြောင်း။

ပြည်တွင်းစားသုံးဆီဖူလုံမှုကို ဖြေရှင်းနိုင်ရန်အတွက် မြေပဲ၊ နှမ်း၊ နေကြာ စသည့်ဆီထွက်သီးနှံများကို ပန်းတိုင် ရည်မှန်းချက်များ ပြည့်မီအောင်စိုက်ပျိုး ထုတ်လုပ်နိုင်ရန် လိုကြောင်း၊ အထွက်ကောင်းမျိုးများ စိုက်ပျိုးနိုင်ရေးအတွက် သုတေသနလုပ်ငန်းများကို ဆောင်ရွက်ရန်လိုကြောင်း၊ စိုက်ပျိုးရေးလုပ်ငန်းများ အထွက်နှုန်းတိုးတက်စေရန် အတွက် မျိုးကောင်းမျိုးသန့်များ ရရှိရန်သာမက ထိုက် သင့်သည့် မြေဩဇာများ ထည့်သွင်းခြင်းနှင့် မြေပြုပြင်ခြင်း လုပ်ငန်းများ ဆောင်ရွက်ရန်၊ စိုက်ပျိုးရေများ လုံလောက်စွာ ရရှိရန်နှင့် စိုက်နည်းစနစ်များမှန်ကန်စွာ စနစ်တကျ စိုက်ပျိုး နိုင်ရန်လိုကြောင်း၊ အလားတူ စိုက်ပျိုးရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး သုတေသနပြု ဆောင်ရွက်ရန်လိုကြောင်း၊ မိမိတို့နိုင်ငံတွင် ဆီထွက်သီးနှံစိုက်ပျိုးမှုမှာ (စားအုန်းဆီ) မပါစိုက်ဧက ရှစ်သိန်းရှိပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင် ဆောင်ရွက်နိုင်မည်ဆိုပါက နိုင်ငံ၏ စားသုံး ဆီဖူလုံမှုမှာ ၂၄၉ ဒသမ ၅ ရာခိုင်နှုန်းရှိမည်ဖြစ်သဖြင့် ပြည်ပမှ ဆီတင်သွင်းနေရမှုများကို လျှော့ချနိုင်မည်ဖြစ် ကြောင်း၊ ထို့ကြောင့် ပြည်တွင်းထုတ်လုပ်မှုများကို မြှင့်တင် နိုင်ခြင်းဖြင့် နိုင်ငံ့စီးပွားရေးမှာ များစွာတိုးတက်ပြောင်းလဲ သွားနိုင်ကြောင်း။

**ဆီထွက်သီးနှံများဖြစ်သည့် မြေပဲနှင့်နှမ်းများကို ပြည်ပသို့တင်ပို့ခြင်းထက် ပြည်တွင်း၌ ဆီထုတ်လုပ်ခြင်း လုပ်ငန်းများကိုဆောင်ရွက်မည်ဆိုပါက ဆီစက်များ လည်ပတ်ရခြင်း၊ တိရစ္ဆာန်အစာအတွက် လိုအပ်သည့် နှမ်းဖတ်၊ ပဲဖတ်များရရှိခြင်း၊ အလုပ်အကိုင်များ ရရှိခြင်း များဖြစ်ပေါ်ပြီး ပြည်တွင်းဆီဖူလုံမှုကို များစွာအထောက် အကူပြုစေမည်ဖြစ်**ကြောင်း၊ အလားတူ အခြားသယ်ယူ ပို့ဆောင်ခြင်းနှင့် ဝန်ဆောင်မှုလုပ်ငန်းများကိုလည်း လည်ပတ်ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ **စိုက်ပျိုး မွေးမြူရေးကဏ္ဍမှ စတင်လိုက်သည့် ထုတ်လုပ်မှုသည် စက်မှုလုပ်ငန်းနှင့် ဝန်ဆောင်မှုလုပ်ငန်းများကို များစွာ ပြောင်းလဲသွားစေနိုင်သည့်အတွက် မိမိတို့နိုင်ငံနှင့် ကိုက်ညီပြီး အခြေခံအကျဆုံးဖြစ်သည့် စိုက်ပျိုးမွေးမြူရေး လုပ်ငန်းများကို အောင်မြင်အောင်ဆောင်ရွက်ကြစေလို ကြောင်း၊** ပြည်ပသို့ လယ်ယာထွက်ကုန်များ တင်ပို့ခြင်း နှင့်ပတ်သက်၍ စနစ်တကျဖြင့် စဉ်းစားသုံးသပ် ဆောင်ရွက် ကြစေလိုကြောင်း၊ နိုင်ငံအတွက် အကျိုးဖြစ်ထွန်းနိုင်သည့်

အခြေအနေများကို စဉ်းစားသုံးသပ်ဆောင်ရွက်ကြစေလိုကြောင်း၊ ယနေ့တွေ့ဆုံပွဲသို့တက်ရောက်လာကြသူများသည် နိုင်ငံ့စီးပွားမြင့်တင်ရေးအတွက် အဓိကတာဝန် အရှိဆုံး ပုဂ္ဂိုလ်များဖြစ်ကြပြီး ကဏ္ဍပေါင်းစုံမှ တင်ပြချက်များသည် နိုင်ငံ့စီးပွားမြင့်တင်ရေးအတွက် ဆောင်ရွက်ရန် စဉ်းစားဆောင်ရွက်နိုင်မည့် အဖြေများရရှိမည်ဟု မျှော်လင့်ပါကြောင်းနှင့် နိုင်ငံ့စီးပွားမြင့်တင်ရေးနှင့် နိုင်ငံတော်၏ ကောင်းရာကောင်းကျိုးအတွက် အလေးထားဆွေးနွေးကြစေလိုကြောင်း ပြောကြားသည်။

**လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများနှင့်ကဏ္ဍအလိုက် လိုအပ်ချက်များအား တင်ပြဆွေးနွေး**

ထို့နောက် မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ် (UMFCCI) ဥက္ကဋ္ဌဦးအေးဝင်းက လက်ရှိဖြစ်ပေါ်ပြောင်းလဲနေသည့် စီးပွားရေးကဏ္ဍနှင့် ပတ်သက်၍ ဆွေးနွေးတင်ပြရာတွင် မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်အနေဖြင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ၂၀၂၂ ခုနှစ် ဒီဇင်ဘာလအတွင်း ပထမအကြိမ်တွေ့ဆုံခဲ့ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ နိုင်ငံ့စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးအတွက် လမ်းညွှန်ဆွေးနွေးချက်များအပေါ် လိုက်နာဆောင်ရွက်ခဲ့မှု၊ စီးပွားရေးလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်လာမှုနှင့် ဝန်ကြီးဌာနများနှင့်လည်း ပိုမိုပူးပေါင်းဆောင်ရွက်နိုင်မှု၊ နိုင်ငံတော်မှ ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည် ဖြစ်သော်လည်း ပုဂ္ဂလိကလုပ်ငန်းရှင်များကဏ္ဍမှ ပူးပေါင်းဆောင်ရွက်မှုများ လိုအပ်လျက်ရှိနေခြင်းအပေါ် ဆွေးနွေးအဖြေရှာလျက်ရှိမှု၊ တရားမဝင်ကုန်သွယ်မှုများသည် ပြည်တွင်းကုန်ထုတ်လုပ်မှုနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို ထိခိုက်စေသည့်အတွက် တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးကို ပူးပေါင်းဆောင်ရွက်သွားရန်လိုအပ်မှုနှင့် နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် စီးပွားရေးဆိုင်ရာ မူဝါဒများအပါအဝင် နိုင်ငံတော်မှ ကူညီဆောင်ရွက်ပေးစေလိုသည့် နည်းပညာပိုင်းဆိုင်ရာနှင့် အရင်းအနှီးလိုအပ်ချက်များကို ဆွေးနွေးတင်ပြသည်။

ဆက်လက်ပြီး စိုက်ပျိုးရေးကဏ္ဍနှင့် ပတ်သက်၍ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်ကိုယ်စား ဦးရဲမင်းအောင်၊ မြန်မာနိုင်ငံ ပဲမျိုးစုံနှင့် နှမ်းကုန်သည်များအသင်း ကိုယ်စား ဦးထွန်းလွင်၊ ပြောင်းလုပ်ငန်းရှင်များအသင်းကိုယ်စား ဦးအေးချမ်းအောင်နှင့် ဦးဖြိုးကိုကိုနိုင်တို့ကလည်းကောင်း၊ မွေးမြူရေးကဏ္ဍနှင့်ပတ်သက်၍ မြန်မာနိုင်ငံမွေးမြူရေး လုပ်ငန်းအဖွဲ့ချုပ်ကိုယ်စား ဦးသိန်းမြင့်ကလည်းကောင်း၊ ရေလုပ်ငန်းကဏ္ဍနှင့်ပတ်သက်၍ မြန်မာနိုင်ငံငါးလုပ်ငန်း အဖွဲ့ချုပ်ကိုယ်စား ဦးဌေးမြင့်ကလည်းကောင်း၊ ကုန်ထုတ်လုပ်မှုကဏ္ဍနှင့်ပတ်သက်၍ မြန်မာနိုင်ငံစက်မှုကုန်ထုတ်လုပ်သူများအသင်းကိုယ်စား ဦးအေးထွန်း၊ CMP လုပ်ငန်းများကိုယ်စား ဒေါ်ခိုင်ခိုင်နွယ်၊ မြန်မာနိုင်ငံ ပလတ်စတစ်လုပ်ငန်းရှင်များအသင်းကိုယ်စား ဦးထွန်းဝင်း၊ မြန်မာနိုင်ငံ စားသောက်ကုန် ထုတ်လုပ်တင်ပို့ရောင်းချသူများအသင်းကိုယ်စား ဦးအောင်ရွှေ၊ မြန်မာနိုင်ငံ ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်းကိုယ်စား ဦးဆန်းလင်း၊ မြန်မာနိုင်ငံဆီစက်ပိုင်ရှင်များအသင်းကိုယ်စား ဦးခင်စိုးတို့ကလည်းကောင်း၊ ဝန်ဆောင်မှုကဏ္ဍနှင့်ပတ်သက်၍ မြန်မာနိုင်ငံဆောက်လုပ်ရေးဆိုင်ရာလုပ်ငန်းရှင်များ အသင်းကိုယ်စား ဦးရှိန်ဝင်း၊ မြန်မာနိုင်ငံခရီးသွားလုပ်ငန်းအဖွဲ့ချုပ်ကိုယ်စား ဦးရန်ဝင်းနှင့် မြန်မာနိုင်ငံအပြည်ပြည်ဆိုင်ရာကုန်စည်ပို့ဆောင်ရေးဝန်ဆောင်မှုလုပ်ငန်းရှင်များအသင်းကိုယ်စား ဒေါ်သစ်သစ်ထက်တို့ကလည်းကောင်း၊ အထောက်အကူပြုနှင့် အခြားကဏ္ဍများနှင့်ပတ်သက်၍ မြန်မာနိုင်ငံစက်သုံးဆီတင်သွင်းရောင်းချဖြန့်ဖြူးရေးအသင်းကိုယ်စား ဦးခင်စိုး၊ မြန်မာနိုင်ငံဘဏ်လုပ်ငန်းရှင်များအသင်းကိုယ်စား ဒေါ်ခင်စောဦး၊ မန္တလေးကုန်သည် စက်မှုအသင်းကိုယ်စား ဦးဝင်းဌေး၊ မြန်မာနိုင်ငံကျောက်မျက်ရတနာ လုပ်ငန်းရှင်များအသင်းကိုယ်စား ဦးမြင့်ဟန်၊ မြန်မာနိုင်ငံ သံမဏိလုပ်ငန်းရှင်များအသင်းကိုယ်စားဦးခင်မောင်တင့်တို့ကလည်းကောင်း သက်ဆိုင်ရာကဏ္ဍများအလိုက် တင်ပြဆွေးနွေးရာတွင် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ၊ စက်မှုကုန်ထုတ်လုပ်ငန်းများ ဆောင်ရွက်ရာတွင် ကြုံတွေ့နေရသည့် အခက်အခဲများနှင့် နိုင်ငံတော်မှ ဖြည့်ဆည်းဆောင်ရွက်ပေးစေလိုမှုများ၊ စိုက်ပျိုးရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာမှသာလျှင် မွေးမြူရေးလုပ်ငန်းများအတွက် လိုအပ်သည့် တိရစ္ဆာန်အစာကုန်ကြမ်းများသည်လည်း ဈေးနှုန်းသက်သာစွာ ရရှိနိုင်မည်ဖြစ်သဖြင့် လုပ်ငန်းအချင်းချင်း ချိတ်ဆက်လျက်ရှိမှု၊ မွေးမြူရေးလုပ်ငန်းများတွင် ပြည်တွင်း

ဖူလုံရေးကို ဦးစွာဆောင်ရွက်လျက်ရှိပြီး ပြည်ပသို့ ကုန်ချော တင်ပို့မှုများအစား ကုန်ချောထုတ်လုပ်၍ တန်ဖိုးမြင့် ထုတ်ကုန်များ တင်ပို့နိုင်ရေး ပြုပြင်ပြောင်းလဲမှုများကို ဆောင်ရွက်လျက်ရှိမှု၊ တရားမဝင်ကုန်သွယ်မှုများ ပပျောက်ရေးအတွက် ဝိုင်းဝန်းဖြေရှင်း ဆောင်ရွက်ရန်လိုအပ်မှု၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သည့် အရင်းအနှီးများ၊ နည်းပညာများနှင့် မူဝါဒပိုင်းဆိုင်ရာတို့တွင် လိုအပ်သည်များကို ကူညီဆောင်ရွက်ပေးစေလိုမှု၊ စိုက်ပျိုးမွေးမြူရေး ထုတ်ကုန်နှင့် စက်မှုကုန်ထုတ်ပစ္စည်းများ ပြည်ပဈေးကွက်တွင် ယှဉ်ပြိုင်ရောင်းချနိုင်ရေးနှင့် ဈေးကောင်းရရှိရေး ဆောင်ရွက်ပေးစေလိုမှု၊ အခြားစီးပွားရေးလုပ်ငန်းများဖြစ်သည့် ဝန်ဆောင်မှုကဏ္ဍ၌ ခရီးသွားလုပ်ငန်း၊ အပြည်ပြည်ဆိုင်ရာ ကုန်စည်ပို့ဆောင်ရေး ဝန်ဆောင်မှုလုပ်ငန်း၊ ဘဏ်လုပ်ငန်းတို့နှင့်ပတ်သက်၍ လိုအပ်ချက်များကို တင်ပြဆွေးနွေးကြရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က လိုအပ်သည်များ ပြန်လည်ဆွေးနွေးပြောကြားသည်။

**ပြည်ထောင်စုဝန်ကြီးများက သက်ဆိုင်ရာကဏ္ဍအလိုက် ပြန်လည်ရှင်းလင်းဆွေးနွေး**

ယင်းနောက်ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်(UMFCCI) ဥက္ကဋ္ဌနှင့် ဗဟိုအလုပ်အမှုဆောင်များ၊ ညီနောင်အသင်းအဖွဲ့များမှ တာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြမှုများနှင့် ပတ်သက်၍ ကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီး မိုးမြင့်ထွန်း၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးဝင်းရှိန်၊ ဒေါက်တာကံဇော်၊ဦးအောင်နိုင်ဦးတို့က နိုင်ငံတော်အနေဖြင့် အခက်အခဲများ၊ ကန့်သတ်ချက်များကြားမှ နိုင်ငံ့စီးပွားမြှင့်တင်ရေးလုပ်ငန်းများကို ကြိုးပမ်းဆောင်ရွက်လျက်ရှိမှု၊ စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အတိုးနှုန်းသက်သာသည့် ချေးငွေများကို ခေါင်းစဉ်အမျိုးမျိုးဖြင့် ဆောင်ရွက်ပေးလျက်ရှိသဖြင့် လုပ်ငန်းရှင်များအနေဖြင့်လည်း မိမိတို့ ချေးယူထားသည့် ငွေကြေးများကို မှန်မှန်ကန်ကန် အသုံးချရန်နှင့် အချိန်မီပြန်လည်ပေးဆပ်သွားရန်လိုအပ်မှု၊ ထိုကဲ့သို့ ကဏ္ဍအလိုက် ချေးငွေများကို ပြန်လည်ပေးဆပ်မှသာလျှင် နိုင်ငံတော်၏ လည်ပတ်ရင်းနှီးငွေများသည် ပုံမှန်လည်ပတ်နိုင်မည်ဖြစ်ပြီး စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူဖြစ်စေနိုင်မှု၊ ပြည်ပသွင်းကုန်များနှင့် ပတ်သက်၍ နိုင်ငံတော်မှ ချမှတ်ပေးထားသည့် မူဝါဒများ၊ ခွင့်ပြုချက်များ ရယူပြီးမှတင်သွင်းမည်ဆိုပါက ပိုမိုလွယ်ကူချောမွေ့မည်ဖြစ်သဖြင့် လိုက်နာဆောင်ရွက်သွားရန် လိုအပ်မှု၊ စိုက်ပျိုးရေးနှင့်ပတ်သက်၍ နိုင်ငံတော်အနေဖြင့် ပို့ကုန်တိုးမြှင့်ရေး ဆောင်ရွက်လျက်ရှိပြီး ထုတ်ကုန်များ ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်လျက်ရှိမှု၊ ဈေးနှုန်းများ တည်ငြိမ်ရေးအတွက် ဆောင်ရွက်လျက်ရှိမှု၊ ပြည်တွင်း၊ ပြည်ပ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများကို အားပေးဆောင်ရွက်လျက်ရှိမှု၊ တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးနှင့် ပတ်သက်၍အရေးယူဆောင်ရွက်လျက်ရှိသဖြင့် ဝိုင်းဝန်းပါဝင်ဆောင်ရွက်သွားကြရန်လိုအပ်မှု၊ ကုန်စည်စီးဆင်းမှုများနှင့် ငွေကြေးလည်ပတ်မှုများ မြန်ဆန်စေရေးအတွက် ဆောင်ရွက်ပေးလျက်ရှိမှု စသည်ဖြင့် သက်ဆိုင်ရာကဏ္ဍများအလိုက် ပြန်လည်ဆွေးနွေးပြောကြားကြသည်။

**နိုင်ငံတော်၏ကောင်းရာကောင်းကျိုးကိုအစိုးရမှဆောင်ရွက်လျက်ရှိသကဲ့သို့ သက်ဆိုင်ရာကဏ္ဍအလိုက် တာဝန်ရှိသူများကလည်း အတူတကွ ဝိုင်းဝန်းကြိုးပမ်းရန်လို**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ဆွေးနွေးတင်ပြမှုများနှင့် ပတ်သက်၍ ပြောကြားရာတွင် မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်(UMFCCI)သည် အဓိကအားဖြင့် ရောင်းဝယ်မှုများ ဆောင်ရွက်သည့် အဖွဲ့ဖြစ်ကြောင်း၊ ထုတ်ကုန်ပစ္စည်းများရှိမှသာလျှင် ရောင်းဝယ်မှုများ ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ ထိုသို့ရောင်းချရာတွင် အရေအတွက်များများ ရောင်းချနိုင်ရေးကြိုးပမ်းဆောင်ရွက်ရန်နှင့် ထိုက်သင့်သည့်အမြတ်ဖြင့်သာ ရောင်းချရန် လိုအပ်သကဲ့သို့ နိုင်ငံ့အကျိုးအတွက်လည်း ကြည့်၍ ချိန်ဆဆောင်ရွက်ကြစေလိုကြောင်း၊ မိမိတို့နိုင်ငံသည် ကုန်ပစ္စည်းထုတ်လုပ်မှုမရှိဘဲ ပြည်ပမှတင်သွင်းသည့် ထုတ်ကုန်ပစ္စည်းများကိုသာ အားထားအသုံးပြုနေရသည့် နိုင်ငံဖြစ်သဖြင့် ထုတ်ကုန်များ တိုးမြှင့်ထုတ်လုပ်နိုင်ရေး ဆောင်ရွက်ရန်လိုကြောင်း၊ ယခင်တပ်မတော်အစိုးရလက်ထက်တွင်ပြည်ပမှ ချေးငွေများ ရှိခဲ့ခြင်း မရှိကြောင်း၊ ဒီမိုကရေစီအစိုးရ သက်တမ်းကာလနှစ်ခုတွင် နိုင်ငံတကာမှ ထောက်ပံ့ငွေ၊ ကူညီငွေများနှင့် ချေးငွေများ ရရှိခဲ့ကြောင်း၊ အဆိုပါငွေများဖြင့် နိုင်ငံခြားငွေသုံးစွဲမှုများကို တစ်ဖက်

တစ်လမ်းမှ ဖြေရှင်းဆောင်ရွက်ခဲ့သည်ကို တွေ့ရှိရကြောင်း၊ ပြည်တွင်းကုန်ထုတ်လုပ်မှုလုပ်ငန်းများ အားပေးဆောင်ရွက်ပြီး နိုင်ငံခြားငွေရရှိအောင် ဆောင်ရွက်ခြင်းထက် Non–Trade လုပ်ငန်းများမှရရှိသည့် နိုင်ငံခြားငွေများကို သုံးစွဲ၍ ပြည်ပမှသွင်းကုန်များ တင်သွင်းသုံးစွဲခြင်းက ပိုမိုများပြားခဲ့သည်ကို တွေ့ရှိရကြောင်း။

ထို့ကြောင့် မိမိတို့ တာဝန်ယူရသည့်အချိန်တွင် ပြည်ပသွင်းကုန်များ အစားထိုးနိုင်ရေးအတွက် ပြည်တွင်းကုန်ထုတ်လုပ်မှုလုပ်ငန်းများ တိုးမြှင့်နိုင်ရေး အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်း (MSME) များကို အားပေးဆောင်ရွက်ခဲ့ကြောင်း၊ ပြည်တွင်းလိုအပ်ချက်များကိုပြည့်မီအောင်ထုတ်လုပ်ပြီး ပိုလျှံလာပါက ပြည်ပသို့ တင်ပို့နိုင်သည်အထိပါ စီမံဆောင်ရွက်လျက်ရှိကြောင်း၊ (UMFCCI)အနေဖြင့် နိုင်ငံ့စီးပွားမြှင့်တင်ရေး ဝိုင်းဝန်းဆောင်ရွက်နိုင်ရေး စဉ်းစားဆောင်ရွက်ကြစေလိုကြောင်း၊ **(UMFCCI)သည် ရောင်းဝယ်ရေးလုပ်ငန်းများကို အဓိကဆောင်ရွက်ကြသူများဖြစ်ကြပြီး နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးကြီးသည့် အဖွဲ့များဖြစ်သောကြောင့် မိမိအနေဖြင့် အချိန်ယူတွေ့ဆုံဆွေးနွေးခဲ့ခြင်းဖြစ်**ကြောင်း၊ ယခုတွေ့ဆုံ ဆွေးနွေးမှုများကို ပြန်လည်သုံးသပ်၍ ဆောင်ရွက်သင့်သည်များကို ဆောင်ရွက်ရန်လိုကြောင်း၊ မိမိတို့ အစိုးရပိုင်းအနေဖြင့်လည်း ဆောင်ရွက်၍ ရသည်များကို တတ်နိုင်သမျှ ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် တိုင်းပြည်ကောင်းအောင်ဆောင်ရွက်နေခြင်းပင်ဖြစ်ပြီး နိုင်ငံတော် အစိုးရဆောင်ရွက်လျက်ရှိသကဲ့သို့ သက်ဆိုင်ရာ တာဝန်ရှိသူများ အားလုံးက ဝိုင်းဝန်းဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ **အုပ်ချုပ်မှုပိုင်းဆိုင်ရာ တာဝန်ရှိသူများက စီမံခန့်ခွဲခြင်း၊ စိုက်ပျိုးမွေးမြူရေးလုပ်ဆောင်သူများက ကုန်ကြမ်းများထုတ်လုပ်ခြင်း၊ ကုန်ထုတ်လုပ်သူများက ထုတ်ကုန်များ ဆောင်ရွက်ကြခြင်းဖြစ်ပြီး ထုတ်ကုန်များ ထုတ်လုပ်နိုင်မှသာ ရောင်းဝယ်ခြင်းဝန်ဆောင်မှုများ ဖြစ်ပေါ်လာမည်ဖြစ်သဖြင့် ကိုင်းကျွန်းမှီ၊ ကျွန်းကိုင်းမှီ အပြန်အလှန် မှီခိုနေရခြင်းကြောင့် အပြန်အလှန်အကျိုးရှိစေရေး ဆောင်ရွက်ပေးနိုင်ရေး တိုက်တွန်းပြောကြားလို**ကြောင်း။

ယခုတွေ့ဆုံပွဲတွင် ဆွေးနွေးတင်ပြခဲ့သည့် အချက်များကို အလေးထားမှတ်သားထားရှိပြီး ပြန်လည်သုံးသပ်၍ နှစ်ဦးနှစ်ဖက် အဆင်ပြေနိုင်သည့် လုပ်ဆောင်ချက်များ ဆောင်ရွက်နိုင်သည့်အခြေအနေသို့ ရောက်ရှိနိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ (UMFCCI)မှ ဗဟိုအလုပ်အမှုဆောင်များ၊ ညီနောင်အသင်းအဖွဲ့များမှ တာဝန်ရှိသူများနှင့် သက်ဆိုင်ရာဝန်ကြီးဌာနများမှ ပြည်ထောင်စုဝန်ကြီးများနှင့် တွေ့ဆုံဆွေးနွေးနိုင်ရေး အတွက်လည်း စီစဉ်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ယနေ့တွေ့ဆုံဆွေးနွေးပွဲတွင်နိုင်ငံ့စီးပွားမြှင့်တင်ရေးအတွက် လိုအပ်ချက်များကိုဆွေးနွေးနိုင်ခဲ့ပြီး အချိန်ပေး၍ဆွေးနွေးခဲ့မှုများ၊ အမြင်ချင်းဖလှယ်ခဲ့မှုများအတွက်လည်း ကျေးဇူးတင်ရှိပါကြောင်း ပြောကြားခဲ့သည်။

■ ■ ■

# ၂၀၂၃ ခုနှစ် မြန်မာအမျိုးသမီးများနေ့အခမ်းအနားသို့ ပေးပို့သည့်မိန့်ခွန်း

## ( ၃ - ၇ - ၂၀၂၃ )



**အားလုံးမင်္ဂလာပါ**

ဒီနေ့ကျင်းပပြုလုပ်တဲ့ ၂၀၂၃ ခုနှစ်၊ မြန်မာအမျိုးသမီးများနေ့ အခမ်းအနားကို တက်ရောက်လာကြတဲ့ ဧည့်သည်တော်များအားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနဲ့ ပြည့်စုံကြပါစေ၊ ကျက်သရေမင်္ဂလာအပေါင်းနဲ့ ပြည့်စုံကြပါစေလို့ ပထမဦးစွာ နှုတ်ခွန်းဆက်သအပ်ပါတယ်။

ဒီနေ့ ၂၀၂၃ ခုနှစ် ဇူလိုင်လ ၃ ရက်နေ့ဟာ မြန်မာနိုင်ငံဒေသအသီးသီးမှာ နေထိုင်ကြတဲ့ မြန်မာအမျိုးသမီးများအားလုံးအတွက် ထူးခြားလေးနက်တဲ့နေ့တစ်နေ့ပဲ ဖြစ်ပါတယ်။ ဒီနေ့ကျရောက်တဲ့ မြန်မာအမျိုးသမီးများနေ့မှာ ထူးချွန်တဲ့အမျိုးသမီးများကို ဂုဏ်ပြုချီးမြှင့်တဲ့နေ့လည်းဖြစ်တဲ့အတွက် မြန်မာအမျိုးသမီးများအားလုံးကို လှိုက်လှိုက်လှဲလှဲဂုဏ်ယူကြောင်း ပြောကြားလိုပါတယ်။

မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီဖွဲ့စည်းခဲ့တဲ့ ဇူလိုင်လ ၃ ရက်နေ့ကို မြန်မာအမျိုးသမီးများနေ့အဖြစ် နိုင်ငံတော်ကသတ်မှတ်ပြဋ္ဌာန်းခဲ့ပြီး ၁၉၉၈ ခုနှစ်ကစလို့ မြန်မာအမျိုးသမီးများရဲ့ ထူးချွန်ထက်မြက်တဲ့ စွမ်းဆောင်ရည်များနဲ့ လေးစားဂုဏ်ယူဖွယ် ဂုဏ်ဒြပ်များကို ဂုဏ်ပြုသောအားဖြင့် မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ် အခမ်းအနားများကို နှစ်စဉ်ကျင်းပကြပါတယ်။

မြန်မာအမျိုးသမီးများဟာ ရှေးအစဉ်အလာကတည်းက အမျိုးသားများနည်းတူ သာတူညီမျှ လူ့အခွင့်အရေးတွေကို ယနေ့အထိ နိုင်ငံတကာစံချိန်စံညွှန်းများနဲ့ ကိုက်ညီစွာ ခံစားနေကြရတာ အားလုံးသိရှိပြီးသားဖြစ်ပါတယ်။ ခေတ်အဆက်ဆက်မှာ မိသားစု၊ လူ့အဖွဲ့အစည်း၊ နိုင်ငံနဲ့ လူမျိုးအကျိုးစီးပွား ကာကွယ်စောင့်ရှောက်ရေးနဲ့ ဖွံ့ဖြိုးတိုးတက်ရေး နယ်ပယ်အသီးသီးမှာ မြန်မာအမျိုးသမီးများဟာ အမျိုးသားများနဲ့ တန်းတူရင်ပေါင်တန်းပြီး လွတ်လပ်တက်ကြွစွာ ပါဝင်ဆောင်ရွက်လျက်ရှိပါတယ်။

ကိုလိုနီခေတ် လွတ်လပ်ရေးကြိုးပမ်းမှု ကာလတစ်လျှောက်မှာလည်း အမျိုးသားများနဲ့ ရင်ပေါင်တန်း

တိုက်ပွဲဝင်ခဲ့ကြတဲ့ အမျိုးသမီးသူရဲကောင်းများစွာ ရှိခဲ့ကြပါတယ်။ ယနေ့မျက်မှောက်ကာလမှာလည်း စီးပွားရေး၊ လူမှုရေးနယ်ပယ်များနဲ့ အသိပညာ၊ အတတ်ပညာ၊ အနုပညာဆိုင်ရာနယ်ပယ်များမှာ ထူးချွန်ထက်မြက်ပြီး ဂုဏ်ယူဖွယ်၊ စံပြအားထားဖွယ် မြန်မာအမျိုးသမီးများ များစွာပေါ်ထွက်ခဲ့ပါတယ်။

မြန်မာအမျိုးသမီးများအနေနဲ့ အခြေခံအကျဆုံးဖြစ်တဲ့ မိသားစုတာဝန်ကစလို့ ကဏ္ဍစုံ၊ နယ်ပယ်စုံတွေမှာ အမျိုးသမီးများရဲ့ အခန်းကဏ္ဍဟာ တစ်နေ့ထက်တစ်နေ့ ပိုမိုတိုးတက်မြင့်မားလာနေတာကို တွေ့မြင်နေရပြီ ဖြစ်ပါတယ်။ ခေတ်အဆက်ဆက်မှာ နိုင်ငံတော်ကာကွယ်ရေးနဲ့ လုံခြုံရေးတာဝန်များဖြစ်တဲ့ စစ်မှုထမ်း၊ ရဲမှုထမ်းများအဖြစ် အမျိုးသားများနဲ့ ရင်ပေါင်တန်းပြီး ထူးချွန်ထက်မြက်စွာ နိုင်ငံ့အကျိုးကို သယ်ပိုးလျက်ရှိတာကို တွေ့မြင်ရမှာ ဖြစ်ပါတယ်။

နိုင်ငံတကာနဲ့ အာဆီယံဒေသအဆင့်တွေမှာ မြန်မာနိုင်ငံရဲ့ အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ကတိကဝတ်ပြုမှုများကို အကောင်အထည်ဖော်နိုင်ရေးအတွက် နိုင်ငံတော်အနေနဲ့ မြန်မာနိုင်ငံလုံးဆိုင်ရာအမျိုးသမီးကော်မတီနဲ့ ဒေသဆိုင်ရာကော်မတီအဆင့်ဆင့် ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါတယ်။ အမျိုးသမီးများ အထူးသဖြင့် အမျိုးသမီးငယ်ရွယ်များရဲ့ လူမှုစီးပွားဘဝ အခြေအနေမြင့်မားရေးမှာ အမျိုးသမီးများဘဝ ဖွံ့ဖြိုးတိုးတက်ရေး၊ ကဏ္ဍစုံမှာ အမျိုးသမီးများနဲ့ အမျိုးသားတန်းတူပါဝင်ခွင့်

**စာတတ်မြောက်မှုနဲ့ ပညာအရည်အချင်းတို့ဟာ အလုပ်အကိုင်အခွင့်အလမ်းနဲ့ ဆက်စပ်နေတဲ့အတွက် အမျိုးသမီးများကို ခေတ်မီပညာရေးနဲ့ ခေတ်မီနည်းပညာများ သင်ကြားရာမှာ ယခုထက် ပိုမိုအားပေးဖို့လိုသလို စာတတ်မြောက်ရေးနဲ့ ပညာရေးပြီးဆုံးမှုတို့ မြင့်မားအောင် ကြိုးပမ်းဆောင်ရွက်သွားဖို့လည်း လိုအပ်ပါတယ်။**

ရရှိရေးနဲ့ အမျိုးသမီးကဏ္ဍကို ကျယ်ကျယ်ပြန့်ပြန့်ဖြစ်လာအောင် ဆောင်ရွက်ကြဖို့ မှာကြားလိုပါတယ်။

မြန်မာနိုင်ငံအနေနဲ့ အမျိုးသမီးများအား နည်းမျိုးစုံဖြင့် ခွဲခြားမှုပပျောက်ရေးဆိုင်ရာ ကုလသမဂ္ဂကွန်ဗင်းရှင်းကို ၁၉၉၇ ခုနှစ်မှာ အဖွဲ့ဝင်အဖြစ် အတည်ပြု လက်မှတ်ရေးထိုးခဲ့ပါတယ်။ ကွန်ဗင်းရှင်း အကောင်အထည်ဖော် ဆောင်ရွက်မှုများနဲ့စပ်လျဉ်းပြီး အစီရင်ခံစာများကို UNCEDAW ကော်မတီသို့ တင်သွင်းခဲ့ရာမှာ စတုတ္ထနဲ့ ပဉ္စမအကြိမ် တင်သွင်းခဲ့ပြီးဖြစ်ပါတယ်။ ဆဋ္ဌမအကြိမ်မြောက် အစီရင်ခံစာကို ၂၀၂၃ ခုနှစ်ကုန်ပိုင်းမှာ တင်သွင်းဖို့ပြင်ဆင်ဆောင်ရွက်နေပြီဖြစ်လို့ အစီရင်ခံစာရေးသားမှုမှာ မိမိတို့နိုင်ငံက အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေး၊ ကဏ္ဍစုံမှာ ကျား၊ မ တန်းတူညီမျှရေးနဲ့ အမျိုးသမီးများအား ကာကွယ်စောင့်ရှောက်ရေး ဆောင်ရွက်ချက်များကို ကဏ္ဍစုံ၊ နယ်ပယ်စုံက ပြည့်ပြည့်စုံစုံပါဝင်အောင် ထည့်သွင်းဖော်ပြဖို့ တိုက်တွန်းပြောကြားလိုပါတယ်။

ပြည်ထောင်စုရာထူးဝန်အဖွဲ့ရဲ့ ၂၀၂၂ ခုနှစ် ကိန်းဂဏန်းအရ အစိုးရဌာနများမှာ အမျိုးသမီးပါဝင်မှုနှုန်းအနေဖြင့် ညွှန်ကြားရေးမှူးချုပ်အဆင့်မှာ ၂၆ ဒသမ ၂ ရာခိုင်နှုန်း၊ ဒုတိယညွှန်ကြားရေးမှူးချုပ်အဆင့်မှာ ၄၃ ဒသမ ၃ ရာခိုင်နှုန်း၊ ညွှန်ကြားရေးမှူးအဆင့်မှာ ၅၂ ဒသမ ၆ ရာခိုင်နှုန်း၊ ဒုတိယညွှန်ကြားရေးမှူးအဆင့်မှာ ၅၆ ဒသမ ၆ ရာခိုင်နှုန်း၊ လက်ထောက်ညွှန်ကြားရေးမှူးအဆင့်မှာ ၅၇ ရာခိုင်နှုန်းရှိကြောင်း သိရပါတယ်။ ဒါကိုကြည့်ရင် ပြည်သူ့ရေးရာစီမံအုပ်ချုပ်မှုကဏ္ဍမှာ မြန်မာအမျိုးသမီးများရဲ့ စွမ်းဆောင်ရည်များစွာ တိုးတက်မြင့်မားလာပြီး ကျား၊ မ ရေးရာတန်းတူညီမျှမှု ရှိနေတာကို တွေ့ရမှာဖြစ်ပါတယ်။

၂၀၁၉ ခုနှစ် ကြားဖြတ်လူဦးရေ သန်းခေါင်စာရင်း အနှစ်ချုပ်အစီရင်ခံစာအရ အသက် ၁၅ နှစ်နှင့်အထက် အမျိုးသမီးစာတတ်မြောက်မှုနှုန်းဟာ အမျိုးသားစာတတ်မြောက်မှုနှုန်းထက် ၆ ရာခိုင်နှုန်းခန့်လျော့နည်းပြီး အသက် ၁၅ နှစ်နဲ့အထက် လူဦးရေရဲ့ လုပ်သားအင်အားပါဝင်မှုနှုန်းမှာလည်း အမျိုးသမီး လုပ်သားအင်အားပါဝင်မှုနှုန်းဟာ အမျိုးသားလုပ်သားအင်အား ပါဝင်မှုနှုန်းထက် အနည်းငယ်လျော့နည်းနေတာ တွေ့ရပါတယ်။ ဒီကိန်းဂဏန်း အချက်အလက်တွေအရ အမျိုးသမီးများ အထူးသဖြင့် အမျိုးသမီး

ငယ်ရွယ်များရဲ့ လူမှုစီးပွားဘဝအခြေအနေမြင့်မားရေးအတွက် ပညာသင်ကြား တတ်မြောက်ရေးကို မြှင့်တင်ပေးဖို့လိုပြီး အလုပ်အကိုင်အခွင့်အလမ်းများ တိုးတက်ကောင်းမွန်စေရေးအတွက် အလုပ်လုပ်ကိုင်နိုင်တဲ့ အရွယ်ရှိအမျိုးသမီးများရဲ့ အလုပ်လုပ်နိုင်တဲ့ စွမ်းရည်များ ကျွမ်းကျင်ပိုင်နိုင်နေဖို့ လိုအပ်ကြောင်း တွေ့ရှိရပါတယ်။

ကျွန်တော်တို့ အစိုးရအနေနဲ့ ပညာသင်ကြားသူလူငယ်များအားလုံး KG+9 အဆင့်ထိ ပညာသင်ကြားနိုင်ရေးအထူးအလေးထား ဆောင်ရွက်နေတာဖြစ်လို့ အကျုံးဝင်သူအမျိုးသမီးများအားလုံး KG+9 အဆင့်ထိ ပညာသင်ကြားပြီးစီးရေး ဝိုင်းဝန်းကူညီဆောင်ရွက်ပေးစေလိုပါတယ်။

စာတတ်မြောက်မှုနဲ့ ပညာအရည်အချင်းတို့ဟာအလုပ်အကိုင် အခွင့်အလမ်းနဲ့ ဆက်စပ်နေတဲ့အတွက်အမျိုးသမီးများကို ခေတ်မီပညာရေးနဲ့ ခေတ်မီနည်းပညာများ သင်ကြားရာမှာ ယခုထက် ပိုမိုအားပေးဖို့လိုသလိုစာတတ်မြောက်ရေးနဲ့ ပညာရေးပြီးဆုံးမှုတို့ မြင့်မားအောင်ကြိုးပမ်းဆောင်ရွက်သွားဖို့လည်း လိုအပ်ပါတယ်။ တစ်ဖက်ကလည်း ပညာရေးအားနည်းသူများအတွက် အိမ်တွင်းမှုလုပ်ငန်းများအပါအဝင် အသက်မွေးဝမ်းကျောင်း ပညာရပ်များကိုလည်း တိုးမြှင့်သင်ကြားပေးပြီး အလုပ်အကိုင်အခွင့်အလမ်း တိုးတက်အောင် ဆောင်ရွက်ပေးဖို့လိုပါတယ်။

၂၀၂၃ ခုနှစ်၊ မတ်လ ၈ ရက်နေ့မှာ ကျင်းပခဲ့တဲ့အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများနေ့ရဲ့ **"ကျား၊ မတန်းတူညီမျှဖို့ နည်းပညာနဲ့ ဆန်းသစ်စို့" "(DigitALL: Innovation and technology for gender equality)"** ဆောင်ပုဒ်ကလည်း အမျိုးသမီးများနဲ့ ထိခိုက်လွယ်တဲ့အုပ်စုများကို နည်းပညာလက်လှမ်းမီ ရရှိစေခြင်းဖြင့်အမျိုးသမီးများရဲ့ လိုအပ်ချက်များကို ဖြည့်ဆည်းပေးခြင်းဖြစ်သလို ကျား၊ မ တန်းတူညီမျှမှုကို ပိုမိုမြှင့်တင်ပေးနိုင်စေမယ့် အလားအလာကောင်းများကို ဖြစ်ပေါ်စေပါတယ်။

ဒီလိုနည်းပညာဆိုင်ရာ အကျိုးကျေးဇူးများကို ရရှိပြီးစဉ်ဆက်မပြတ် ဖွံ့ဖြိုးမှုပန်းတိုင်ဆီကို ကျား၊ မ တန်းတူညီမျှစွာ အရောက်လှမ်းနိုင်ဖို့အတွက် တီထွင်ဆန်းသစ်မှု၊ နည်းပညာနဲ့ ဒစ်ဂျစ်တယ်အသိပညာဆိုင်ရာ မြှင့်တင်ဆောင်ရွက်ဖို့၊ နည်းပညာလက်လှမ်းမီရရှိဖို့၊ နည်းပညာဆိုင်ရာ လေ့ကျင့်သင်ကြားမှုများ ဆောင်ရွက်ပေးဖို့လိုအပ်ပါတယ်။ ဒစ်ဂျစ်တယ်ကဏ္ဍမှာ အမျိုးသမီးများနဲ့မိန်းကလေးငယ်များရဲ့ အခွင့်အရေးကို ကာကွယ်ဖို့နဲ့အွန်လိုင်းနဲ့နည်းပညာဆိုင်ရာ ကျား၊ မ အခြေပြုအကြမ်းဖက်မှုများကို ကိုင်တွယ်ဖြေရှင်းဖို့လည်း လိုအပ်ကြောင်းကို ဒီဆောင်ပုဒ်က မီးမောင်းထိုးပြထားတာကိုသတိထားကြရမှာဖြစ်ပါတယ်။

မြန်မာနိုင်ငံလူဦးရေရဲ့ ထက်ဝက်ကျော်ကို ကိုယ်စားပြုတဲ့ အမျိုးသမီးများဟာ ဒီမိုကရေစီနဲ့ဖက်ဒရယ်စနစ်ကိုအခြေခံတဲ့ ပြည်ထောင်စုတည်ဆောက်ရေးမှာ အရေးပါတဲ့အင်အားစုတစ်ရပ်ဖြစ်ပြီး နိုင်ငံအတွက် အလွန်အဖိုးတန်တဲ့လူသားအရင်းအမြစ်တွေ ဖြစ်ကြပါတယ်။ မြန်မာအမျိုးသမီးများဟာ လောကကို တစ်ဖက်တစ်လမ်းက တာဝန်ယူသူများ၊ လူငယ်လူရွယ်များရဲ့ အနာဂတ်ကိုလှပအောင်ဖန်တီးသူဥယျာဉ်မှူးများ ဖြစ်ကြပါတယ်။ တစ်နည်းအားဖြင့် အနာဂတ်နိုင်ငံတော်အတွက် လူ့စွမ်းအားအရင်းအမြစ်များကို ပုံသွင်းထုဆစ်ပေးကြတဲ့ ဗိသုကာပညာရှင်များ ဖြစ်ကြပါတယ်။

ဒါ့ကြောင့် မိသားစု၊ လူ့အဖွဲ့အစည်းများကတစ်ဆင့်နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်ရာမှာ အမျိုးသမီးများနဲ့ မိန်းကလေးငယ်ရွယ်များအတွက် ကဏ္ဍစုံမှဖွံ့ဖြိုးတိုးတက်ရေး ဖော်ဆောင်ပေးရေးကိုမြှင့်တင်လုပ်ဆောင်ကြဖို့ မှာကြားလိုပါတယ်။ အမျိုးသမီး၊ အမျိုးသားအားလုံးတက်ညီလက်ညီ ပူးပေါင်းဆောင်ရွက်ကာ နိုင်ငံတော်တည်ဆောက်ရေးလုပ်ငန်းစဉ်တွေမှာ အမျိုးသမီးထုကြီးရဲ့အင်အားနဲ့ အကောင်အထည်ဖော်ကြဖို့နဲ့ မြန်မာအမျိုးသမီးများရဲ့ အခွင့်အရေးများ အလေးထားဆောင်ရွက်ကာစွမ်းဆောင်ရည်များ ဖော်ထုတ်ပေးနိုင်ဖို့ ဒီကနေ့ကျရောက်တဲ့ မြန်မာအမျိုးသမီးများနေ့မှာ တိုက်တွန်းပြောကြားရင်း နိဂုံးချုပ်အပ်ပါတယ်။

■ ■ ■

# ရသေ့တောင်မြို့နယ်ရှိ ဌာနဆိုင်ရာ ဝန်ထမ်းများ၊ မြို့မိမြို့ဖများနှင့် တပ်နယ်များရှိ အရာရှိ၊ စစ်သည်မိသားစုများအား တွေ့ဆုံအားပေးစဉ် ပြောကြားသည့် အမှာစကား

( ၁၀ - ၇ - ၂၀၂၃ )





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ဇူလိုင်လ (၁၀)ရက်နေ့ မွန်းလွဲပိုင်းတွင် ခရီးစဉ်တွင်လိုက်ပါလာသည့် အဖွဲ့ဝင်များ၊ ရခိုင်ပြည်နယ်ဝန်ကြီးချုပ်၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူးနှင့် တာဝန်ရှိသူများလိုက်ပါ၍ သဘာဝဘေးဒဏ်ခံခဲ့ရသည့် ရခိုင်ပြည်နယ်၊ ရသေ့တောင်မြို့နယ်နှင့် ဘူးသီးတောင်မြို့နယ်တို့မှ ဌာနဆိုင်ရာဝန်ထမ်းများ၊ မြို့မိမြို့ဖများနှင့် တပ်နယ်များရှိ အရာရှိ၊ စစ်သည်၊ မိသားစုများအား သွားရောက်တွေ့ဆုံ အားပေးစကားပြောကြားပြီး တင်ပြချက်များအပေါ် လိုအပ်သည်များဖြည့်ဆည်းဆောင်ရွက်ပေးသည်။

**အစိုးရ၊ တပ်မတော်နှင့် ပြည်သူတို့စည်းလုံးညီညွတ်စွာဖြင့် ဆောင်ရွက်ကြမည်ဆိုပါက ဒေသတစ်ခုချင်းမှအစပြု၍ နိုင်ငံတော်ကြီးတစ်ခုလုံး ဖွံ့ဖြိုးတိုးတက်လာမည်**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် ရသေ့တောင်တပ်နယ်နှင့် ဘူးသီးတောင်တပ်နယ်တို့မှ အရာရှိ၊ စစ်သည်၊ မိသားစုများအား နယ်မြေခံတပ်ခန်းမများ၌ သီးခြားစီတွေ့ဆုံ အမှာစကားပြောကြားရာတွင် မေ ၁၄ ရက်တွင် ရခိုင်ပြည်နယ်အတွင်း ဆိုင်ကလုန်းမုန်တိုင်း(မိုခါ) တိုက်ခတ်ခဲ့ကြောင်း၊ မေ ၁၅ ရက်တွင် မိမိအနေဖြင့် ရခိုင်ပြည်နယ်၊ စစ်တွေတပ်နယ်သို့ ရောက်ရှိခဲ့ပြီး သဘာဝဘေးဒဏ်ကြောင့် ပျက်စီးဆုံးရှုံးခဲ့မှုများကို ကြည့်ရှုကာ လိုအပ်သည်များ လမ်းညွှန်မှာကြားခဲ့ကြောင်း၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်အတွင်းရှိ အခြားသောတပ်နယ်များသို့လည်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့် အခြားသော တပ်မတော်အဆင့်မြင့်အရာရှိကြီးများကို စေလွှတ်၍ ပျက်စီးဆုံးရှုံးမှုများအား ကြည့်ရှုစစ်ဆေးစေခဲ့ပြီး ပြန်လည်ထူထောင်ရေးလုပ်ငန်းများ အမြန်ဆုံးဆောင်ရွက်နိုင်ရေး လိုအပ်သည်များကိုစီမံခန့်ခွဲဆောင်ရွက်စေခဲ့ကြောင်း၊ ရသေ့တောင်တပ်နယ်သည် မုန်တိုင်းဖြတ်သန်းရာလမ်းကြောင်းပေါ်တွင်တည်ရှိနေသည့်အတွက်

မုန်တိုင်းဒဏ်ကို များစွာခံခဲ့ရပြီး အပျက်အစီးများစွာရှိခဲ့ကြောင်း၊ ပျက်စီးမှုများအလိုက် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးနိုင်ရေး စီစဉ်ဆောင်ရွက်ပေးလျက်ရှိသကဲ့သို့ မိမိတို့မိသားစုအလိုက်လည်း ပြင်ဆင်နိုင်သည်မှန်သမျှကို ပြင်ဆင်ထားရှိရန်လိုကြောင်း၊ မိုးတွင်းကာလဖြစ်သဖြင့် လုံလုံခြုံခြုံဖြင့် နေထိုင်နိုင်ရေး ဦးစွာဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ဘူးသီးတောင်တပ်နယ်အနေဖြင့် ထိခိုက်မှု အနည်းငယ်သာရှိခဲ့သည်ကို တွေ့ရှိရကြောင်း။

ရခိုင်ပြည်နယ်အတွင်း မိုခါမုန်တိုင်းဖြစ်ပေါ်ခဲ့ချိန်တွင် ကြိုတင်ပြင်ဆင်မှုများကို ဆောင်ရွက်နိုင်ခဲ့ခြင်းကြောင့် အသေအပျောက်အနည်းဆုံးဖြင့် ကျော်ဖြတ်နိုင်ခဲ့ခြင်းဖြစ်ကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏တာဝန်များကို ထမ်းဆောင်ရာတွင် နိုင်ငံအတွက် စိတ်ကောင်း စေတနာကောင်းဖြင့် ဆောင်ရွက်လျက်ရှိပြီး မည်သူတရားပျက်ပျက် ကိုယ်မပျက်သည့်စိတ်ဖြင့် ဆောင်ရွက်လျက်ရှိကြောင်း၊ မိမိတို့နိုင်ငံတော်တာဝန်ကို ထမ်းဆောင်ချိန်ကာလအတွင်း ဘက်ပေါင်းစုံမှတိုက်ခိုက်မှုများနှင့် ပိတ်ဆို့မှုများရှိကြောင်း၊ ထိုသို့နိုင်ငံရေးအခက်အခဲများ ကြုံတွေ့နေရချိန်၌ မိုခါမုန်တိုင်းကျရောက်ခဲ့ခြင်းကြောင့် ကူညီကယ်ဆယ်ရေးလုပ်ငန်းများဆောင်ရွက်ရာတွင် လိုအပ်ချက်များရှိနိုင်ကြောင်း။

## ပြည်တွင်းအားကို အဓိကထား

မုန်တိုင်းဒဏ်သင့်ဒေသများအတွက် ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများနှင့်ပတ်သက်၍ ရှိသမျှအင်အားဖြင့် အကောင်းဆုံးဖြစ်အောင်ဆောင်ရွက်ခဲ့ကြောင်း၊ မုန်တိုင်းသင့်ဒေသအတွက် စေတနာရှင်ပြည်သူများကလည်း အလှူငွေများကို သဒ္ဓါတရားထက်သန်စွာဖြင့် လှူဒါန်းခဲ့ကြကြောင်း၊ ပြည်ပနိုင်ငံအချို့မှလည်း ကူညီဆောင်ရွက်ပေးမှုများရှိကြောင်း၊ တိုင်းပြည်၏အားသည် ပြည်တွင်း၌သာရှိသည်ဆိုသည့်အတိုင်း ပြည်တွင်းအားကို အဓိကထား၍ ကူညီကယ်ဆယ်ရေးလုပ်ငန်းများကို ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း။

သဘာဝဘေးအန္တရာယ်ကျရောက်ခဲ့ချိန်တွင် ဒေသအလိုက်တပ်များတွင်လည်း ပျက်ဆီးဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့သဖြင့်ပြန်လည်ပြင်ဆင်နိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း၊ ထိုသို့ပြင်ဆင်ဆောင်ရွက်ရာတွင်လည်း ရေရှည်ခိုင်ခံ့မှုရှိစေရေးအတွက် ပြင်ဆင်ဆောင်ရွက်နေခြင်းဖြစ်သဖြင့် အချိန်အတိုင်းအတာတစ်ခုအထိ ကြာမြင့်နိုင်ကြောင်း၊ ထို့ကြောင့် အရာရှိ၊ စစ်သည်၊ မိသားစုများအနေဖြင့် စိတ်ဓာတ်ရေးရာအရ ကြံ့ကြံ့ခံ၍ နေထိုင်ဆောင်ရွက်ကြစေလိုကြောင်း။

## ထိန်းထိန်းသိမ်းသိမ်းနေထိုင်

တပ်မတော်သားတိုင်းအနေဖြင့် မိမိကိုယ်ကို၊ မိမိဒေသ၊ မိမိတိုင်းပြည်ကို ကာကွယ်နိုင်ရေး စစ်အတတ်ပညာများကို တတ်မြောက်ကျွမ်းကျင်နေရမည်ဖြစ်ကြောင်း၊ ထို့ပြင် လေ့ကျင့်ရေးလုပ်ငန်းများကို ဆောင်ရွက်နိုင်ရန်အတွက် ကိုယ်ခန္ဓာကျန်းမာကြံ့ခိုင်နေရန်လိုကြောင်း၊ ထို့ကြောင့် ကျန်းမာရေးနှင့်ညီညွတ်သည့် နေထိုင်မှုနှင့် စားသောက်မှုများရှိရမည်ဖြစ်ကြောင်း၊ အရက်သေစာသောက်စားခြင်း၊ ဆေးလိပ်သောက်သုံးခြင်းတို့နှင့်ပတ်သက်၍လည်း တစ်ဦးချင်းထိန်းသိမ်းဆောင်ရွက်ကြရန်လိုကြောင်း၊ မိမိဘဝအောင်မြင်တိုးတက်ရေးအတွက် မိမိကိုယ်ကို အလိုမလိုက်ရန်နှင့် ထိန်းထိန်းသိမ်းသိမ်း နေထိုင်ကြရန်လိုကြောင်း။

**ဒေသခံပြည်သူများသည် မိမိတို့၏ တိုင်းရင်းသားများဖြစ်ပြီး တစ်မြေတည်းနေ၊ တစ်ရေတည်းသောက်၊ တစ်လေတည်းအတူရှူနေကြသူများဖြစ်သဖြင့် ချစ်ချစ်ခင်ခင် ရင်းရင်းနှီးနှီးဖြင့် သူ့အကျိုးဆောင်၊ ကိုယ့်အကျိုးဆောင်ဖြင့် နေထိုင်သွားမည်ဆိုပါက ဒေသတိုးတက်မှုကို အထောက်အကူပြုနိုင်မည်ဖြစ်**ကြောင်း၊ တပ်တွင်း တပ်ပြင် စည်းလုံးညီညွတ်မှုရှိအောင် ကြိုးပမ်းဆောင်ရွက်ရန်လိုကြောင်း၊ ယခု သဘာဝဘေးဒဏ် ကျရောက်ခဲ့ချိန်တွင်လည်း အစိုးရ၊

**ဒေသခံပြည်သူများသည်
မိမိတို့၏ တိုင်းရင်းသားများဖြစ်ပြီး
တစ်မြေတည်းနေ၊ တစ်ရေတည်းသောက်၊
တစ်လေတည်းအတူရှူနေကြသူများဖြစ်သဖြင့်
ချစ်ချစ်ခင်ခင် ရင်းရင်းနှီးနှီးဖြင့်
သူ့အကျိုးဆောင်၊ ကိုယ့်အကျိုးဆောင်ဖြင့်
နေထိုင်သွားမည်ဆိုပါက ဒေသတိုးတက်မှုကို
အထောက်အကူပြုနိုင်မည်ဖြစ်။**

တပ်မတော်တို့ပူးပေါင်း၍ ဒေသ၏အကျိုးစီးပွားများကို ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း၊ အစိုးရ၊ တပ်မတော်နှင့် ပြည်သူတို့ စည်းလုံးညီညွတ်စွာဖြင့် ဆောင်ရွက်ကြမည်ဆိုပါက ဒေသတစ်ခုချင်းမှအစပြု၍ နိုင်ငံတော်ကြီးတစ်ခုလုံး ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း မှာကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က တပ်နယ်အသီးသီးမှ တပ်ရင်းတပ်ဖွဲ့များအတွက် စားသောက်ဖွယ်ရာ ပစ္စည်းများကို လည်းကောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ဇနီးက တပ်နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းများအတွက် ချီးမြှင့်ငွေများကို လည်းကောင်း ထောက်ပံ့ပေးအပ်ရာ တာဝန်ရှိသူများက လက်ခံရယူကြသည်။

တွေ့ဆုံပွဲများအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် တွေ့ဆုံပွဲသို့ တက်ရောက်လာကြသည့် အရာရှိ၊ စစ်သည်များနှင့် မိသားစုဝင်များအား ရင်းရင်းနှီးနှီးနှုတ်ဆက်ပြီး တပ်နယ်များရှိတပ်ရင်းများအတွင်း မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် ရသေ့တောင်မြို့နှင့် ဘူးသီးတောင်မြို့တို့တွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် ဌာနဆိုင်ရာဝန်ထမ်းများနှင့် မြို့မိမြို့ဖများအား မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ရုံးခန်းမများ၌ သီးခြားစီတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာ၌ ရသေ့တောင်မြို့နယ်တွင် အထူးတာဝန်ပေးအပ်ထားသည့် ကာကွယ်ရေးဦးစီးချုပ်ရုံးမှ ဗိုလ်ချုပ်အောင်မျိုးထွန်းနှင့် ရသေ့တောင်မြို့နယ် မြို့မိ၊ မြို့ဖများက ရသေ့တောင်မြို့နယ်အတွင်း ဆိုင်ကလုန်းမုန်တိုင်း(မိုခါ)တိုက်ခတ်မှုကြောင့် ပျက်စီးဆုံးရှုံးခဲ့ရမှုများ၊ ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ရမှုနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှု၊ ကူညီကယ်ဆယ်ရေးပစ္စည်းများနှင့် ထောက်ပံ့ရေးပစ္စည်းများ ထောက်ပံ့ပေးလျက်ရှိမှု၊ ရသေ့တောင်မြို့နယ်အတွင်း သဘာဝဘေးဒဏ်ခံအဆောက်အဦ Shelter များ ဆောက်လုပ်ရန် လျာထားဆောင်ရွက်လျက်ရှိမှုနှင့် ဆန်၊ ဆီနှင့် မိုးကာစများ လိုအပ်ချက်များကို ဆက်လက်ထောက်ပံ့ပေးရန်လိုအပ်မှု၊ သဘာဝဘေးဒဏ်ကြောင့် ပျက်စီးခဲ့ရသည့် ရသေ့တောင်မြို့ ကျက်သရေဆောင် သာသနိက အဆောက်အဦများကို ပြန်လည်ပြင်ဆင်ပေးစေလိုမှုနှင့် ကျန်းမာရေးဝန်ထမ်းလိုအပ်ချက်များကို ဖြည့်ဆည်းပေးစေလိုမှု တို့ကို လည်းကောင်း၊ ဘူးသီးတောင်မြို့မှ မြို့မိမြို့ဖများက မောင်တော–ဘူးသီးတောင် ဆက်သွယ်ထားသည့် လမ်းကြောင်းတစ်လျှောက် သန့်ရှင်းသာယာလှပရေး ဆောင်ရွက်ပေးစေလိုမှု၊ ဘူးသီးတောင်မြို့နယ်ဆေးရုံ၌ သားဖွားဆရာဝန် လိုအပ်လျက်ရှိမှု၊ နွေရာသီတွင် သောက်သုံးရေ လိုအပ်ချက်ရှိသဖြင့် သောက်သုံးရေ သိုလှောင်ကန် ဆောင်ရွက်ပေးစေလိုမှုတို့ကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ဆိုင်ကလုန်းမုန်တိုင်း(မိုခါ)တိုက်ခတ်မှုကြောင့် ဖြစ်ပေါ်ခဲ့သည့် ထိခိုက်ပျက်စီးမှုများအပေါ် လိုအပ်သည်များ ဆောင်ရွက်ပေးနိုင်ရေး ရသေ့တောင်မြို့နယ်နှင့် ဘူးသီးတောင်မြို့နယ်တို့သို့ လာရောက်ခဲ့ခြင်းဖြစ်ကြောင်း၊ ရသေ့တောင်မြို့နယ်နှင့် ဘူးသီးတောင်မြို့နယ်တို့သည် ယခင်ကသွားရေးလာရေးခက်ခဲသည့် ဒေသများဖြစ်သော်လည်း ယခုအခါတွင် လမ်းပန်းဆက်သွယ်ရေး အတိုင်းအတာတစ်ခုအထိ ကောင်းမွန်လာခဲ့ပြီဖြစ်ကြောင်း၊ သဘာဝဘေးအန္တရာယ်သည် ရှောင်လွှဲ၍ရနိုင်သည်မဟုတ်သော်လည်း ကြိုတင်ပြင်ဆင်မှုများ ဆောင်ရွက်ခြင်းဖြင့် ထိခိုက်ပျက်စီးဆုံးရှုံးမှုများကို အနည်းဆုံးဖြစ်အောင် ကာကွယ်နိုင်မည်ဖြစ်ကြောင်း။

မြို့နယ်အသီးသီးမှ တင်ပြချက်များအပေါ် ထောက်ပံ့ရေးပစ္စည်းများ လိုအပ်မှုနှင့်ပတ်သက်၍ ဦးစားပေးသတ်မှတ်ချက်များအလိုက် စနစ်တကျ တွက်ချက်၍ ဖြည့်ဆည်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ မြို့နယ်အလိုက် ကျန်းမာရေးဝန်ထမ်းလိုအပ်ချက်များကိုလည်း အမြန်ဆုံးဖြည့်ဆည်းပေးနိုင်ရေး စီမံပေးသွားမည်ဖြစ်ကြောင်း၊ ရသေ့တောင်မြို့နယ်သည် မုန်တိုင်းဖြတ်ကျော်ရာလမ်းကြောင်းပေါ်တွင်ရောက်ရှိနေသည့်အတွက် အထိအခိုက်အပျက်အစီးများ များပြားခဲ့ကြောင်း၊ ကြိုတင်ပြင်ဆင်မှုများရှိခဲ့ခြင်းကြောင့် ၃၇ ဦးခန့်သာ သေဆုံးခဲ့ခြင်းဖြစ်ကြောင်း၊ ဘူးသီးတောင်မြို့နယ်သည် မုန်တိုင်းဒဏ်

ကြောင့် ထိခိုက်ပျက်စီးမှု အနည်းငယ်သာရှိခဲ့သည်ကို တွေ့ရှိရကြောင်း၊ မြို့နယ်များအလိုက် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရမည်ဖြစ်သကဲ့သို့ သဘာဝဘေးဒဏ်သည် အချိန်မရွေးရောက်ရှိလာနိုင်သည်ဖြစ်သည့်အတွက် ရေတိုကောင်းမွန်ရေးအတွက်သာ ဆောင်ရွက်ခြင်းမျိုး မပြုလုပ်ကြစေလိုဘဲ ရေရှည်ခိုင်ခံ့ကောင်းမွန်ရေးကို အဓိကထားဆောင်ရွက်ကြစေလိုကြောင်း။

**တိုင်းပြည်၏အားသည် ပြည်တွင်း၌သာရှိ**

ရသေ့တောင်မြို့သည် ယခင်ကထက် ဖွံ့ဖြိုးတိုးတက်လာသည်ကိုတွေ့ရှိရသော်လည်း စနစ်ကျနသည့် မြို့အကွက်ကျပုံစံရှိရန်နှင့် မြို့နေပြည်သူများအားလုံး စည်းကမ်းစနစ်တကျရှိရန်လိုကြောင်း၊ ယခင်ကထက် ဖွံ့ဖြိုးတိုးတက်လာသည်ဖြစ်သဖြင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း၊ နေထိုင်မှုစည်းကမ်းများသည်လည်း တိုးတက်ကောင်းမွန်လာရန်လိုကြောင်း၊ စီးပွားရေးကောင်းရန်အတွက် ကိုယ့်အားကိုယ်ကိုးရန်လိုကြောင်း၊ တိုင်းပြည်၏အားသည် ပြည်တွင်း၌သာရှိကြောင်း၊ ပြန်လည်ထူထောင်ရေးပစ္စည်းနှင့်စားရေးအတွက် လိုအပ်ချက်များကိုလည်း နိုင်ငံတော်မှဖြည့်ဆည်းပေးသွားမည်ဖြစ်ပါကြောင်း။

ဒေသအလိုက် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံရှိပြီးဖြစ်သည့် စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် စက်မှုလုပ်ငန်းများကို ဆောင်ရွက်သွားမည်ဆိုပါက ပိုမိုအကျိုးဖြစ်ထွန်းစေမည်ဖြစ်ကြောင်း၊ ဘူးသီးတောင်ဒေသတွင် စိုက်ပျိုးရေးလုပ်ငန်းများ ဆောင်ရွက်နိုင်သည့် မြေများများစွာရှိကြောင်း၊ အဆိုပါမြေများကို အကျိုးရှိ ထိရောက်စွာဖြင့် အသုံးချနိုင်ရန်လိုကြောင်း၊ မွေးမြူရေးလုပ်ငန်းများကို စနစ်တကျဖြင့်မွေးမြူဆောင်ရွက်မည်ဆိုပါက အသား၊ ငါး လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်မည်ဖြစ်ကြောင်း။

ထိုသို့ဆောင်ရွက်ခြင်းဖြင့် တစ်ဦးချင်းဝင်ငွေများရရှိပြီး လူနေမှုအဆင့်အတန်းများ မြင့်တက်လာမည်ဖြစ်ကြောင်း၊ တစ်ဦးချင်းဝင်ငွေရရှိရေး တရားဝင်နည်းလမ်းများဖြင့်သာ ဆောင်ရွက်ကြစေလိုကြောင်း၊ မူးယစ်ဆေးဝါးရောင်းဝယ်မှုများမရှိစေရေး ထိန်းသိမ်းဆောင်ရွက်ရန်လိုကြောင်း၊ မြန်မာနိုင်ငံ၏ အနောက်ဘက်အကျဆုံး နယ်မြေဖြစ်သဖြင့် တိုင်းပြည်ကိုချစ်သည့်စိတ်ဖြင့် ကာကွယ်ရန်လိုကြောင်း၊ မြန်မာနိုင်ငံအတွင်း နေထိုင်သူများဖြစ်သဖြင့် မိမိတို့နေထိုင်သည့်မြေပေါ်တွင် သစ္စာရှိရှိဖြင့် ဆောင်ရွက်ရန်လိုကြောင်း၊ တစ်မြေတည်းနေ၊ တစ်ရေတည်းသောက်၊ တစ်လေတည်းရှူနေကြသူများဖြစ်သဖြင့် အားလုံးညီညီညွတ်ညွတ်ဖြင့်နေထိုင်ကြရန်လိုကြောင်း၊ မိမိတို့၏ အမျိုးသားရေး ရည်မှန်းချက်မှာ တိုင်းပြည်သာယာဝပြောရေးနှင့် တိုင်းပြည်စားရေရိက္ခာပေါများရေးပင်ဖြစ်ကြောင်း။

ဒေသတွင်နေထိုင်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ပေးနိုင်မှသာလျှင် ဒေသဖွံ့ဖြိုးတိုးတက်ရေးကို ဖြစ်ပေါ်စေနိုင်မည်ဖြစ်ကြောင်း၊ ဒေသတွင်ပိုင်ဆိုင်ထားသည့် အရင်းအမြစ်များကို အကျိုးရှိရှိအသုံးချနိုင်ရမည်ဖြစ်ကြောင်း၊ ဒေသတွင်းတည်ငြိမ်အေးချမ်းမှသာလျှင် ဒေသဖွံ့ဖြိုးတိုးတက်ရေးကို လျင်မြန်စွာဆောင်ရွက်နိုင်မည်ဖြစ်သဖြင့် ဒေသတည်ငြိမ်အေးချမ်းရေးကိုလည်း ဆောင်ရွက်ကြရန်လိုကြောင်း၊ ထို့ပြင်ဒေသဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်ရာ၌ ပညာတတ် လူသားအရင်းအမြစ်များသည်လည်း မဖြစ်မနေလိုအပ်ကြောင်း၊ ထို့ကြောင့် ပညာရေးကို အားပေးဆောင်ရွက်ကြစေလိုကြောင်း၊ လက်ရှိအခြေအနေထက် ဖွံ့ဖြိုးတိုးတက်ရေးအတွက် မိမိတို့၏မျိုးဆက်သစ်ကလေးငယ်များကို ကောင်းမွန်စွာ မြေတောင်မြှောက်ပေးရန်လိုကြောင်း၊ ၎င်းတို့၏အနာဂတ်ကိုကောင်းစေလိုပါက ပညာရေးကို အားပေးရမည်ဖြစ်သကဲ့သို့ နောင်အနာဂတ်တွင် ဒေသဖွံ့ဖြိုးတိုးတက်စေလိုပါက ပညာရေးကို မြှင့်တင်ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ အတန်းပညာရှိမှသာလျှင် အတတ်ပညာများကို သင်ယူတတ်မြောက်နိုင်မည်ဖြစ်ပြီး ဖွံ့ဖြိုးတိုးတက်သည့်ဒေသနှင့် နိုင်ငံတော်ကို ဖော်ဆောင်နိုင်မည်ဖြစ်သဖြင့် ပညာရေးကိုအလေးထားဆောင်ရွက်ကြစေလိုကြောင်း ပြောကြားသည်။

■ ■ ■

# ရခိုင်ပြည်နယ် စစ်တွေမြို့ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုများကို သွားရောက်ကြည့်ရှုစစ်ဆေးစဉ် ပြောကြားသည့် အမှာစကား

( ၁၀ - ၇ - ၂၀၂၃ )



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ဇူလိုင်လ (၁၀)ရက်နေ့ နံနက်ပိုင်းတွင် ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ကောင်စီဝင်ဗိုလ်ချုပ်ကြီး မြထွန်းဦး၊ ဒေါက်တာအောင်ကျော်မင်း၊ ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်၊ ပြည်ထောင်စုဝန်ကြီးများ၊ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ)၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့် တပ်မတော်အရာရှိကြီးများနှင့် တာဝန်ရှိသူများလိုက်ပါ၍ သဘာဝဘေးအန္တရာယ်ကျရောက်ခဲ့သည့် ရခိုင်ပြည်နယ်၊ စစ်တွေမြို့သို့သွားရောက်ပြီး ပြန်လည်ထူထောင်ရေး လုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။

**စစ်တွေမြို့တွင်းနှင့် ရှုခင်းသာလမ်းတစ်လျှောက် သန့်ရှင်းသာယာရေး**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် စစ်တွေမြို့ လေဆိပ်သို့ရောက်ရှိကြပြီး စစ်တွေမြို့အတွင်းနှင့် ရှုခင်းသာလမ်းတစ်လျှောက် မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုကာ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုများကိုကြည့်ရှုစစ်ဆေးသည်။ ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်အား ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်နှင့် တာဝန်ရှိသူများက စစ်တွေမြို့ View Point နေရာ၌ ရှုခင်းသာလမ်းတစ်လျှောက် ဆိုင်ကလုန်းမုန်တိုင်း(မိုခါ)

တိုက်ခတ်စဉ် ပျက်စီးခဲ့သည့်နေရာများအား ဦးစားပေး အလိုက် ပြင်ဆင်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ပြန်လည်ပြင်ဆင်ရေးနှင့် ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရာ၌ လတ်တလောငွေကြေးကုန်ကျမှုများထက် ဒေသ၏ရေရှည်အကျိုးကိုကြည့်၍ ဆောင်ရွက်ရန်လိုကြောင်း၊ ရှူခင်းသာလမ်းကို ပင်လယ်ကမ်းစပ်တစ်လျှောက်လုံး မြို့ပတ်လမ်းအဖြစ် ဆောင်ရွက်သွားရန်၊ ယာဉ်သွားလမ်းနှင့် ပလက်ဖောင်းများ စနစ်တကျဖြစ်အောင် ဆောင်ရွက်သွားရန်နှင့် မော်တော်ကားလမ်းအကျယ်နှင့် လူသွားလမ်းပလက်ဖောင်းအကျယ်တို့ကိုလည်း ပြည်သူများအန္တရာယ်ကင်းစွာသွားလာနိုင်ရေး စနစ်တကျတွက်ချက်ကာ တိုးချဲ့ဆောင်ရွက်သွားရန်လိုကြောင်း၊မြို့ပတ်လမ်းတစ်လျှောက်၌ ကျန်းမာကြံ့ခိုင်ရေးအတွက် ကိုယ်လက်လှုပ်ရှား အားကစားများ ဆောင်ရွက်ရန်နေရာများ၊ ပင်လယ်ကမ်းစပ်သို့ ဆင်းနိုင်သည့် နေရာများကိုလည်း ထည့်သွင်းတည်ဆောက်သွားရန်လိုကြောင်း၊ ရေစီးရေလာများ ကောင်းမွန်စေရေး ရေနုတ်မြောင်းများ စနစ်တကျရှိရန်လိုသကဲ့သို့ မြေသားများနှင့် သဲနုန်းများလမ်းပေါ်၌ တင်ကျန်နေပါက လမ်း၏ရေရှည်ကြံ့ခိုင်မှုကို ထိခိုက်စေနိုင်သဖြင့် သန့်ရှင်းရေးမပြတ်ဆောင်ရွက်သွားရန်လိုကြောင်းနှင့် အခြားလိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် စစ်တွေမြို့ View Point နေရာအား လှည့်လည်ကြည့်ရှုစစ်ဆေးကာ ယခင်အတိုင်း သန့်ရှင်းသာယာလှပမှုရှိစေရေး ပြန်လည်ဆောင်ရွက်သွားရန်လိုအပ်သည်များကို မှာကြားခဲ့ပြီး ရှူခင်းသာလမ်းတစ်လျှောက် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးသည်။

**ကူညီကယ်ဆယ်ရေးနှင့်ပြန်လည်ထူထောင်ရေးပစ္စည်းများ ဖြန့်ခွဲနေမှု ကြည့်ရှုအားပေး၊ ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ဘက်စုံသုံး ဆိပ်ကမ်း၌ MV ROYAL VENUS သင်္ဘောနှင့် Fortune သင်္ဘောပေါ်မှ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် အသုံးပြုမည့်ပစ္စည်းများကို လူအင်အား၊ စက်ယန္တရားအင်အားများအသုံးပြု၍ သဘာဝဘေးဒဏ်သင့်ဒေသများသို့ ဖြန့်ခွဲပေးရန် ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် ဝိုင်းဝန်းကူညီဆောင်ရွက်နေကြသည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များကို တွေ့ဆုံအားပေးစကားပြောကြားပြီး ဂုဏ်ပြုချီးမြှင့်ငွေများကိုပေးအပ်ရာ တာဝန်ရှိသူတစ်ဦးက လက်ခံရယူသည်။

**ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့မှုနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြ**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်အား ပြည်နယ်အစိုးရအဖွဲ့ရုံး၌ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်းက ရခိုင်ပြည်နယ်အတွင်း ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ လမ်းညွှန်ချက်များနှင့်အညီ အပိုင်းလိုက်ခွဲ၍ အကောင်အထည်ဖော်ဆောင်ရွက်နေမှု၊ လမ်းပန်းဆက်သွယ်မှုများ ပြန်လည်ကောင်းမွန်ရေး ဆောင်ရွက်လျက်ရှိမှု၊ အခြေခံပညာကျောင်းများ ပြန်လည်ပြုပြင်ပြီးစီးမှု၊ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများအတွက် ဆေးရုံဝန်ထမ်းများ၊ သူနာပြုများနှင့် ကြက်ခြေနီအဖွဲ့များဖြင့် ဆောင်ရွက်လျက်ရှိမှု၊ ရုပ်သံလိုင်းများကောင်းမွန်ရေး ဆောင်ရွက်ပြီးစီးမှု၊ ပြန်လည်ထူထောင်ရေးအတွက် တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် ကြက်ခြေနီတပ်ဖွဲ့ဝင်များပူးပေါင်းဆောင်ရွက်လျက်ရှိမှု၊သောက်သုံးရေရရှိရေး ဆောင်ရွက်ပေးထားမှု၊ တိုင်းဒေသကြီးအစိုးရအဖွဲ့မှ အသား၊ ငါး၊ ဥ စသည့် မွေးမြူရေး ထုတ်ကုန်များကို သက်သာသောဈေးနှုန်းဖြင့် ရောင်းချပေးလျက်ရှိမှုနှင့် တပ်မတော်မှလည်း သက်သာသောဈေးနှုန်းများဖြင့် ရောင်းချပေးလျက်ရှိမှု၊ ပင်လယ်ကမ်းစပ်တစ်လျှောက် လေကာပင်များစိုက်ပျိုးလျက်ရှိမှုနှင့် ထပ်မံတိုးချဲ့စိုက်ပျိုး

နိုင်ငံရေး လျာထားဆောင်ရွက်လျက်ရှိမှု၊ ပြန်လည်ထူထောင်ရေး လုပ်ငန်းများကို တပ်မတော်အရာရှိကြီးများ၊ ပြည်ထောင်စုဝန်ကြီးများမှ အနီးကပ်ကြပ်မတ်ဆောင်ရွက်ခဲ့မှုနှင့် လုပ်ငန်းကော်မတီများ ဖွဲ့စည်းဆောင်ရွက်လျက်ရှိမှု၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ ညွှန်ကြားချက်အတိုင်း မုန်တိုင်းဒဏ်သင့်ပြည်သူများ စားသောက်နေထိုင်ရေးနှင့် ပညာသင်ကြားနိုင်ရေး၊ ဘာသာရေးဆိုင်ရာ အဆောက်အအုံများ ပြန်လည်ထူထောင်ရေးအတွက် ပြန်လည်ထူထောင်ရေးပစ္စည်းများကို တပ်မတော်ရေယာဉ်၊ လေယာဉ်များ၊ ပုဂ္ဂလိကရေယာဉ်များဖြင့် ပို့ဆောင်လျက်ရှိမှု အခြေအနေများ၊ စားရေရိက္ခာပြတ်လပ်မှုမရှိရေး အခြေခံစားသောက်ကုန်များ၊ သောက်သုံးရေများနှင့် အမယ်စုံများကို ဒေသခံပြည်သူများထံ ဖြန့်ဝေပေးခဲ့မှု၊ မုန်တိုင်းသင့်ပြည်သူများအား အပိုင်းလိုက်ခွဲ၍ အမှန်တကယ်လိုအပ်သည့် ပြည်သူများထံ ထောက်ပံ့ရေးပစ္စည်းများရောက်ရှိရေး စီမံဆောင်ရွက်ထားရှိမှု၊ မုန်တိုင်းသင့်ပြည်သူများ၏ နေအိမ်များ ပြန်လည်ပြုပြင်နိုင်ရေးအတွက် လိုအပ်သည့် သစ်၊ သံ၊ သွပ်၊ တာပေါ်လင်စများကို အချိန်နှင့်တစ်ပြေးညီ ဖြန့်ဝေပေးခဲ့မှုနှင့် လိုအပ်ချက်များ ရှိနေသေးသည့် အခြေအနေများ၊

> **ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးရာတွင် အဓိကအားဖြင့် စားရေရိက္ခာလုံလောက်မှုရှိစေရေးနှင့် ဆန်နှင့်ဆီများရရှိရေးဆောင်ရွက်ပေးရန်လို၊ စိုက်ပျိုးရေးလုပ်ငန်းများအတွက် မျိုးစပါးများ အချိန်မီရရှိရေးအတွက်လည်း စီမံဆောင်ရွက်ရန်လိုပြီး ဒေသနှင့်ကိုက်ညီသည့် မျိုးများဖြစ်ရန်လို၊ မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင်လည်း ခေတ်မီပြီးစနစ်ကျသည့် မွေးမြူရေး လုပ်ငန်းများဖြစ်ရန်လို။**

ပညာရေးကဏ္ဍပြန်လည်ထူထောင်ရေးအတွက် စစ်တွေတက္ကသိုလ်၊ ကွန်ပျူတာတက္ကသိုလ်၊ အစိုးရသိပ္ပံနှင့် အခြေခံပညာကျောင်းများ ပြန်လည်ပြင်ဆင်ရေး ဆောင်ရွက်လျက်ရှိမှု၊ ၂၀၂၃-၂၀၂၄ ခုနှစ် ပညာသင်နှစ်တွင် အဆင့်မြင့်ပညာကျောင်းများနှင့် အခြေခံပညာကျောင်းများ၌ ကျောင်းသား၊ ကျောင်းသူများ ပြန်လည်တက်ရောက်လျက်ရှိမှု၊ ကျန်းမာရေးကဏ္ဍနှင့်ပတ်သက်၍ မြို့နယ် ၁၇ မြို့နယ်တွင် ပျက်စီးမှုဖြစ်ပေါ်ခဲ့သည့် ကျန်းမာရေးဆိုင်ရာ အဆောက်အအုံများကို ပြန်လည်ပြုပြင်လျက်ရှိမှု၊ ကျန်းမာရေးဆိုင်ရာ အထောက်အကူပြု စက်ပစ္စည်းများ ရောက်ရှိဖြန့်ခွဲထားရှိမှု၊ ပြည်သူလူထုကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိမှု၊ မိုခါမုန်တိုင်းကြောင့် ပျက်စီးသွားသည့် သာသနာရေးဆိုင်ရာ အဆောက်အအုံများ ပြန်လည်ပြင်ဆင်ဆောင်ရွက်ပေးလျက်ရှိမှုနှင့် လိုအပ်သည့်ဆောက်လုပ်ရေးပစ္စည်းများ၊ ဆွမ်းဆန်တော်၊ ဆီနှင့် အခြားလိုအပ်သည်များကို လှူဒါန်းဆောင်ရွက်ခဲ့မှု၊ စေတီပုထိုးများ ပြန်လည်ပြုပြင်ရေးအတွက် စီမံဆောင်ရွက်လျက်ရှိမှု၊ နိုင်ငံတော်မှပေးအပ်ထားသည့် သဘာဝဘေးအန္တရာယ်ပြန်လည်ထူထောင်ရေးအတွက် ထောက်ပံ့ပေးအပ်ထားသည့် ထောက်ပံ့ငွေများကို ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် သုံးစွဲလျက်ရှိမှု၊ ရခိုင်ပြည်နယ်အတွင်းမှ လှူဒါန်းသည့် အလှူငွေများကိုလည်း စနစ်တကျဖြင့် စီမံဆောင်ရွက်လျက်ရှိမှု၊ ဆက်သွယ်ရေးကဏ္ဍနှင့်ပတ်သက်၍ ပြန်လည်ပြုပြင်ရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု၊ ဆက်သွယ်ရေးအော်ပရေတာများမှ လူထုအကျိုးပြုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိမှု၊ လျှပ်စစ်ကဏ္ဍနှင့်ပတ်သက်၍ လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးပေးနိုင်ရေး ပြုပြင်ဆောင်ရွက်ပြီးစီးမှုနှင့် ဖြန့်ဖြူးလျက်ရှိမှု၊ ကျေးရွာများ လျှပ်စစ်ဓာတ်အားရရှိရေး ပြန်လည်ပြုပြင်ဆောင်ရွက်လျက်ရှိမှု၊ မိုးစပါးများ စိုက်ပျိုးထားရှိမှုနှင့် တစ်ဧကအထွက်နှုန်းများ တိုးတက်ရေးဆောင်ရွက်ထားရှိမှု၊ ရခိုင်ပြည်နယ်သို့ မျိုးစပါးများရောက်ရှိမှုနှင့် ပြန်လည်ဖြန့်ဝေးပေးလျက်ရှိမှု၊ ရောက်ရှိလာသည့် လယ်ယာသုံးစက်ကိရိယာများကို မြို့နယ်များအလိုက် ဖြန့်ခွဲပေးထားမှု၊ မွေးမြူရေးဆိုင်ရာနှင့်ပတ်သက်၍ မုန်တိုင်းသင့်ဒေသများသို့ ပြန်လည်ဖြန့်ဖြူးပေးနိုင်ရန်အတွက် လိုအပ်သည့် ကျွဲ၊ နွားများ ဝယ်ယူရရှိရေးဆောင်ရွက်လျက်ရှိမှု၊ မြစိမ်းရောင်

စီမံကိန်းဖြင့် ကျေးရွာများ ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်လျက်ရှိမှု၊ မိုခါမုန်တိုင်းတိုက်ခတ်မှုကြောင့် ငါးဖမ်းစက်လှေများပျက်စီးခဲ့မှု၊ ရေချိုသားဖောက်စခန်းများ ပြန်လည်ပြင်ဆင်ဆောင်ရွက်နိုင်ရန် လိုအပ်သည့်အခက်အခဲများကို ဖြေရှင်းပေးနိုင်ရေး ပူးပေါင်းဆောင်ရွက်လျက်ရှိမှု၊ ငါးမွေးမြူရေးတောင်သူများကို ငါးမျိုးများဖြန့်ခွဲပေးလျက်ရှိမှုနှင့် ငါး၊ ပုစွန်မျိုးများကို ပြည့်ဝစွာရရှိနိုင်ရေး သားဖောက်စခန်းများကို ပြန်လည်ပြင်ဆင်ဆောင်ရွက်လျက်ရှိမှု၊ မုန်တိုင်းကြောင့်ပျက်စီးခဲ့သည့် သစ်ပင်များ ပြန်လည်စိုက်ပျိုးရေးအတွက် ရတနာတန်းဝင်ပင်များ၊ အရိပ်ရလေကာပင်များ၊ ဒီရေတောပင်များ စိုက်ပျိုးနိုင်ရေး စီမံဆောင်ရွက်ထားရှိမှုနှင့် သစ်ပင်စိုက်ပျိုးပွဲများ ဆောင်ရွက်၍ သစ်ပင်များစိုက်ပျိုးလျက်ရှိမှု စသည်ဖြင့် ကဏ္ဍအလိုက် ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်၊ ဦးမင်းနောင်၊ ဦးလှမိုး၊ ဒေါက်တာညွန့်ဖေ၊ ဦးမျိုးသန့်၊ ဒုတိယဝန်ကြီးများ၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများက ဝန်ကြီးဌာနအလိုက် ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့မှုနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက်ရှိမှု၊ အခြေခံပညာကျောင်းများ ပြန်လည်ပြုပြင်ဆောင်ရွက်ခဲ့မှုနှင့် ပညာသင်ကြားရေးအပြင် ယာယီခိုလှုံရာ Shelter များအဖြစ်ပါ အသုံးပြုနိုင်ရေး ဆောင်ရွက်လျက်ရှိမှု၊ ရခိုင်ပြည်နယ်အတွင်း သဘာဝဘေးအန္တရာယ်ခိုလှုံရာ Shelter များကို အဆင့်မြှင့်တင်ဆောင်ရွက်လျက်ရှိမှုနှင့် ဝန်ကြီးဌာနအလိုက် လုပ်ငန်းဆောင်ရွက်ရာတွင် လိုအပ်ချက်များကို ကဏ္ဍအလိုက် ရှင်းလင်းတင်ပြကြသည်။

**မူလအခြေအနေထက် ပိုမိုဖွံ့ဖြိုးတိုးတက်သည့် စစ်တွေမြို့အဖြစ် ဖော်ဆောင်ပေးနိုင်ရေး ရေရှည်အကျိုးကိုကြည့်၍ ဆောင်ရွက်ရန်လို**

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က မူလအခြေအနေထက် ပိုမိုကောင်းမွန်သည့် စစ်တွေမြို့အဖြစ် ပြန်လည်ဆောင်ရွက်ပေးနိုင်ရန်နှင့် ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရန် လိုအပ်သည်များ ဆောင်ရွက်ပေးနိုင်ရေး ယခုကဲ့သို့ ထပ်မံလာရောက်ကြည့်ရှုစစ်ဆေးခြင်းဖြစ်ကြောင်း၊ ခေတ်မီမြို့ပြအဖြစ် ရောက်ရှိလာစေရေး မြို့တွင်းရှိ ဆက်သွယ်ရေးလမ်းကြောင်းများကိုလည်း အဆင့်မြှင့်တင်ခြင်းများ ဆောင်ရွက်သွားရမည်ဖြစ်သကဲ့သို့ အဆောက်အအုံများကိုလည်း ခေတ်နှင့်လျော်ညီသည့် အဆောက်အအုံများဖြစ်စေရေး စီမံဆောင်ရွက်သွားရန်လိုကြောင်း၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများဆောင်ရွက်ရာ၌ ဒေသ၏ ရေရှည်အကျိုးကိုကြည့်၍ စနစ်တကျ တွက်ချက်ဆောင်ရွက်သွားရန်လိုကြောင်း။

ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးရာတွင် အဓိကအားဖြင့် စားရေရိက္ခာလုံလောက်မှုရှိစေရေးနှင့် ဆန်နှင့်ဆီများရရှိရေးဆောင်ရွက်ပေးရန်လိုကြောင်း၊ စိုက်ပျိုးရေးလုပ်ငန်းများအတွက် မျိုးစပါးများ အချိန်မီရရှိရေးအတွက်လည်း စီမံဆောင်ရွက်ရန်လိုပြီး ဒေသနှင့်ကိုက်ညီသည့်မျိုးများဖြစ်ရန်လိုကြောင်း၊ မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင်လည်း ခေတ်မီပြီးစနစ်ကျသည့် မွေးမြူရေးလုပ်ငန်းများဖြစ်ရန်လိုကြောင်း၊ ရခိုင်ပြည်နယ်တွင် မွေးမြူရေးလုပ်ငန်းများ အောင်မြင်စွာဆောင်ရွက်ရန်အတွက် မွေးမြူရေးအစာကုန်ကြမ်းများ ရှိပြီးဖြစ်သဖြင့် အစာစနစ်၊ ရေစနစ်တို့ကို စနစ်တကျဆောင်ရွက်မည်ဆိုပါက မွေးမြူရေးအထွက်နှုန်း တိုးတက်လာမည်ဖြစ်ကြောင်း၊ ဈေးကွက်သေချာသည့် ရေငန်ငါးနှင့် ပုစွန်မွေးမြူရေးကိုလည်း အဆင့်လိုက် ဆောင်ရွက်သွားရန်လိုကြောင်း။

အခြေခံပညာကျောင်းများ ပြန်လည်တည်ဆောက်ရေးအတွက် ဆောင်ရွက်ရာတွင် ကျောင်းသား၊ ကျောင်းသူများ ပညာသင်ကြားနိုင်ရေးနှင့် လိုအပ်သည့်အချိန်များတွင် ယာယီခိုလှုံရာ Shelter များအဖြစ် အသုံးပြုနိုင်ရေး စနစ်တကျဖြင့် တွက်ချက်စီမံဆောင်ရွက်ရန်လိုကြောင်း၊ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများ ထိခိုက်ပျက်စီးမှုကိုလည်း ကူညီဆောင်ရွက်ပေးသွားရန်လိုကြောင်း၊ မုန်တိုင်းကြောင့်ထိခိုက်ခဲ့သည့် ပြည်သူများအတွက် ထောက်ပံ့ပစ္စည်းများပေးအပ်ရာတွင် ထိခိုက်မှုအဆင့်အလိုက် သတ်မှတ်ထားသည့်အတိုင်း ထောက်ပံ့ပေးနိုင်ရေး စနစ်တကျဖြင့် စီမံခန့်ခွဲဆောင်ရွက်ရန်လိုကြောင်း၊ ပြန်လည်ထူထောင်ရေး လုပ်ငန်းများအတွက် သစ်လိုအပ်မှုနှင့်

ပတ်သက်၍ လိုအပ်သည့် အတိုင်းအတာအထိ ဖြည့်ဆည်းပေးနိုင်ရေး အထူးကိစ္စရပ်တစ်ရပ်အနေဖြင့် စီမံဆောင်ရွက်ရန်လိုကြောင်း၊ ဒေသအလိုက် အပျက်အစီးများ၊ အမှိုက်သရိုက်များကို သန့်ရှင်းရေး စနစ်တကျဆောင်ရွက်ခြင်း မရှိပါက ကျန်းမာရေးပိုင်းဆိုင်ရာများတွင်ပါ ထိခိုက်လာနိုင်သဖြင့် သန့်ရှင်းရေးလုပ်ငန်းများကို စနစ်တကျ ဆောင်ရွက်ရန်လိုကြောင်း၊ စစ်တွေဆေးရုံကြီးတွင် အရေးပေါ်ကုသမှုများ ဆောင်ရွက်ခြင်းနှင့် အဆင့်မြင့်ကုသခြင်းများ ဆောင်ရွက်နိုင်ရန်အတွက် ဆေးရုံတွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် ပါရဂူများ၊ ဆေးမှူးများနှင့် ဒေသခံအငြိမ်းစားပါရဂူကြီးများ ပူးပေါင်း၍ ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးနိုင်ရန် ပြည်နယ်ကျန်းမာရေးဦးစီးဌာနကဦးဆောင်၍ ညှိနှိုင်းဆောင်ရွက်သွားရန်လိုကြောင်း၊ လိုအပ်သည့် ဆေးနှင့်ဆေးပစ္စည်းများကို နိုင်ငံတော်မှကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ထိုသို့ ဆောင်ရွက်သွားမည်ဆိုပါက ဒေသခံပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို ပိုမိုဆောင်ရွက်ပေးနိုင်မည်ဖြစ်ကြောင်း။

လျှပ်စစ်ဓာတ်အားနှင့်ပတ်သက်၍ နိုင်ငံတော်ဓာတ်အားလိုင်းမှ ချိတ်ဆက်ဆောင်ရွက်ထားခြင်းဖြစ်သဖြင့် သဘာဝဘေးဒဏ်ကျရောက်ချိန်တွင် ဓာတ်အားပြတ်တောက်မှုများဖြစ်ပေါ်နိုင်ကြောင်း၊ ထို့ကြောင့် ဒေသတွင်း လျှပ်စစ်ဓာတ်အားထုတ်လုပ်နိုင်ရေး နည်းလမ်းရှာဖွေဆောင်ရွက်ရန်လိုကြောင်း၊ စပါးခွံလောင်စာသုံး လျှပ်စစ်ဓာတ်အားထုတ်လုပ်ခြင်းများကို ဆောင်ရွက်နိုင်သကဲ့သို့ ရေအရင်းအမြစ်ကိုအသုံးချ၍ အသေးစား၊ အလတ်စား ရေအားလျှပ်စစ်ဓာတ်အား ထုတ်လုပ်ခြင်းများ ဆောင်ရွက်နိုင်ရေးအတွက်လည်း လေ့လာဆောင်ရွက်ရန်လိုကြောင်း ဖြည့်စွက်မှာကြားပြီး ပြည်ထောင်စုဝန်ကြီးများ၊ တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

**လိုအပ်သည်များ လမ်းညွှန်မှာကြား**

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌနိုင်ငံတော်ဝန်ကြီးချုပ်က အမှာစကားပြောကြားရာတွင် ဆိုင်ကလုန်းမုန်တိုင်း(မိုခါ)ကျရောက်ပြီး နောက်ရက် မေလ ၁၅ ရက်တွင် ရခိုင်ပြည်နယ်အတွင်း သဘာဝဘေးဒဏ်ကြောင့် ထိခိုက်ပျက်စီးမှုများကို လာရောက်ကြည့်ရှုစစ်ဆေးခဲ့ပြီး လိုအပ်သည်များ လမ်းညွှန်မှာကြားခဲ့ကြောင်း၊ သဘာဝဘေးဒဏ်ကျရောက်ခဲ့ပြီး နှစ်လခန့်အတွင်း ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အတိုင်းအတာတစ်ခုအထိ တိုးတက်မှုရှိအောင် ဆောင်ရွက်နိုင်ခဲ့သည်ကို ယခုထပ်မံရောက်ရှိချိန်တွင် တွေ့ရှိရကြောင်း၊ မုန်တိုင်းကြောင့်ဖြစ်ပေါ်ခဲ့သည့် အပျက်အစီးများ ဖယ်ရှားခြင်းအပိုင်းနှင့်ပတ်သက်၍ အချို့နေရာများတွင် လိုအပ်ချက်များရှိနေသည်ကို တွေ့ရှိရပြီး ဒေသတွင်နေထိုင်သူများအနေဖြင့် မိမိတို့နေထိုင်ရာ အိမ်ခြံဝန်းများအတွင်း အပျက်အစီးများကို ဖယ်ရှားရန်အတွက် တိုက်တွန်းဆောင်ရွက်ကြစေလိုကြောင်း။

> သဘာဝဘေးအန္တရာယ် ကြုံတွေ့ရသည့်အချိန်၊ အများပြည်သူအခက်အခဲအကျပ်အတည်းများတွေ့ကြုံနေရသည့်အချိန်တွင် ကိုယ်ကျိုးစီးပွားအတွက် ပွဲလန့်တုန်းဖျာခင်းသည့်သူများက ဘယ်သူသေသေ ငတေမာရင်ပြီးရောဆိုသည့် တစ်ကိုယ်ကောင်းဆန်သည့် စိတ်ဓာတ်ဖြင့် ဆောက်လုပ်ရေးသုံးပစ္စည်းများ၊ အသုံးအဆောင်ပစ္စည်းများကို သတ်မှတ်ဈေးနှုန်းများထက် မတန်တဆဈေးနှုန်းများဖြင့် မြှင့်တင်ရောင်းချနေမှုများအပေါ်တွင်လည်း တာဝန်ရှိသူများအနေဖြင့် ဈေးနှုန်းမြှင့်တင်ရောင်းချနေသူများကို ထိထိရောက်ရောက် အရေးယူဆောင်ရွက်သွားရန်လို၊ ဥပဒေအရထိရောက်သည့်ပြစ်ဒဏ်များကို ပေးရမည်ဖြစ်ပြီး မိမိတို့တစ်ဦးတစ်ယောက်၏ ကိုယ်ကျိုးစီးပွားအတွက် ဒေသခံအချင်းချင်းအပေါ် အမြတ်ထုတ်ဆောင်ရွက်ခြင်းမှာ မဖြစ်သင့်၊ ထို့ကြောင့် တာဝန်ရှိသူများအနေဖြင့် စနစ်တကျ ကြပ်မတ်ဆောင်ရွက်သွားရန်လို။

အဆောက်အအုံများ ပြင်ဆင်ခြင်းနှင့်ပတ်သက်၍ လက်ရှိအဆောက်အအုံများ ပြင်ဆင်ခြင်းနှင့် နောင်တွင် ဖြစ်ပေါ်လာနိုင်သည့် သဘာဝဘေးအန္တရာယ်ကျရောက်ချိန်တွင် ခံနိုင်ရည်ရှိပြီး ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် ဆောင်ရွက်ရန်လိုကြောင်း၊ ထိုသို့ ဆောင်ရွက်ရာတွင် နိုင်ငံတော်မှ ဆောင်ရွက်ပေးသည့်အပိုင်းနှင့် ပြည်သူများက ဆောင်ရွက်နိုင်သည့် အပိုင်းဟူ၍ရှိကြောင်း၊ အဆောက်အအုံများ ဆောက်လုပ်ရာတွင် ရေရှည်ခိုင်ခံ့ရေးထက် အလှအပကို ဦးစားပေးဆောက်လုပ်ခြင်းများကြောင့် အချို့ အဆောက်အအုံများ ပျက်စီးမှုများပြားသည်ကို တွေ့ရှိရကြောင်း၊ ထို့ကြောင့် ရေရှည်ခိုင်ခံ့သည့် အဆောက်အအုံများဖြစ်စေရေး စနစ်တကျဖြင့် တွက်ချက်ပြင်ဆင်ဆောင်ရွက်ကြရန်လိုကြောင်း၊ ပျက်စီးအဆောက်အအုံများ အစားထိုးဆောက်လုပ်ခြင်းနှင့် ပတ်သက်၍လည်း အကြီးစားပြင်ဆင်ခြင်းများရှိသကဲ့သို့ လူနေအဆောက်အအုံများ အသစ်ပြန်လည် ဆောက်လုပ်ရခြင်းများလည်းရှိကြောင်း။

ဆောက်လုပ်ရေးလုပ်ငန်းများ အဆင့်မြှင့်တင်ရေးနှင့် ပတ်သက်၍ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ပြည်နယ်အဆင့်တို့မှ တာဝန်ရှိသူများက စနစ်တကျဖြင့် ပူးပေါင်းဆောင်ရွက်ကြရန်လိုကြောင်း၊ နိုင်ငံတော်အနေဖြင့် စီမံခန့်ခွဲမှုများအရ၊ ငွေကြေးအရ၊ စားသောက်ကုန်များနှင့် အခြားလိုအပ်သည်များကို တတ်စွမ်းသရွေ့ ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း၊ အစိုးရ၏ ကူညီမှုများသာမက ဒေသတွင်နေထိုင်သူများအနေဖြင့်လည်း မိမိတို့ ကိုယ်တိုင်ပါဝင်ဆောင်ရွက်ကြမည်ဆိုပါက လုပ်ငန်းများ ပိုမိုတိုးတက်ကောင်းမွန်လာမည်ဖြစ်ကြောင်း၊ သက်ဆိုင်ရာ ပြည်နယ်အစိုးရနှင့် တာဝန်ရှိသူများ၊ ဒေသခံပြည်သူများ အတူတကွ ပူးပေါင်းဆောင်ရွက်မည်ဆိုပါက ရခိုင်ပြည်နယ်အနေဖြင့် မူလအခြေအနေထက် ပိုမိုတိုးတက်လာနိုင်မည်ဖြစ်ကြောင်း။

သဘာဝဘေးအန္တရာယ် ကြုံတွေ့ရသည့်အချိန်၊ အများပြည်သူအခက်အခဲအကျပ်အတည်းများ တွေ့ကြုံနေရသည့်အချိန်တွင် ကိုယ်ကျိုးစီးပွားအတွက် ပွဲလန့်တုန်းဖျာခင်းသည့်သူများက ဘယ်သူသေသေ ငတေမာရင်ပြီးရောဆိုသည့် တစ်ကိုယ်ကောင်းဆန်သည့် စိတ်ဓာတ်ဖြင့် ဆောက်လုပ်ရေးသုံးပစ္စည်းများ၊ အသုံးအဆောင်ပစ္စည်းများကို သတ်မှတ်ဈေးနှုန်းများထက် မတန်တဆ ဈေးနှုန်းများဖြင့် မြှင့်တင်ရောင်းချနေမှုများ အပေါ်တွင်လည်း တာဝန်ရှိသူများအနေဖြင့် ဈေးနှုန်းမြှင့်တင်ရောင်းချနေသူများကို ထိထိရောက်ရောက်အရေးယူဆောင်ရွက်သွားရန်လိုကြောင်း၊ ဥပဒေအရ ထိရောက်သည့်ပြစ်ဒဏ်များကို ပေးရမည်ဖြစ်ပြီး မိမိတို့တစ်ဦးတစ်ယောက်၏ ကိုယ်ကျိုးစီးပွားအတွက် ဒေသခံအချင်းချင်းအပေါ် အမြတ်ထုတ်ဆောင်ရွက်ခြင်းမှာ မဖြစ်သင့်ကြောင်း၊ ထို့ကြောင့် တာဝန်ရှိသူများအနေဖြင့် စနစ်တကျ ကြပ်မတ်ဆောင်ရွက်သွားရန်လိုကြောင်း။

စားသောက်ရေးနှင့်ပတ်သက်၍ လတ်တလော အဆင်ပြေမှုရှိစေရေးအတွက်လည်း ဒေသတွင်း လိုအပ်ချက်ရှိသည့် ဆန်၊ ဆီနှင့် အခြားလိုအပ်သည်များကို ပေးပို့စေလျက်ရှိကြောင်း၊ အလားတူ ဒေသတွင်း အသားစားသုံးမှု အထောက်အကူဖြစ်စေရေးအတွက် မွေးမြူရေးအတွက်လိုအပ်သည့် ကြက်သားပေါက်များကိုလည်း တင်ပို့စေခဲ့ကြောင်း၊ စားရေးနှင့်ပတ်သက်၍ အသားငါးနှင့် ဥအမျိုးမျိုးသည် ဒေသအတွင်း အမြဲမပြတ် လိုအပ်ချက်ရှိနေမည်ဖြစ်သဖြင့် မွေးမြူရေးလုပ်ငန်းများကို ထိထိရောက်ရောက်ဖြင့် ဆောင်ရွက်ကြရန်လိုပြီး ထိုမှတစ်ဆင့် တိုးချဲ့ဆောင်ရွက်သွားမည်ဆိုပါက ရခိုင်ပြည်နယ်အတွင်း အသား၊ ငါးများ ဖူလုံမှုရှိလာမည်ဖြစ်ကြောင်း။

စိုက်ပျိုးရေးနှင့်ပတ်သက်၍ ဒေသနှင့်ကိုက်ညီပြီး ရာသီဥတုဒဏ်ခံနိုင်သည့် အထွက်နှုန်းကောင်းမျိုးများ ဖြစ်ရန်လိုကြောင်း၊ မြေကောင်းမွန်ရေးအတွက် စနစ်တကျ မြေပြုပြင်မည်၊ လိုအပ်သည့် သွင်းအားစုနှင့် ဓာတ်မြေဩဇာများကို စနစ်တကျထည့်သွင်းမည်၊ စိုက်ပျိုးရေနှင့် အောင်ရေများ လုံလောက်စွာရရှိမည်၊ စိုက်နည်းစနစ်များ မှန်ကန်မည်ဆိုပါက အထွက်နှုန်းများ ကောင်းမွန်တိုးတက်လာမည် ဖြစ်ကြောင်း၊ မည်သည့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းကို ဆောင်ရွက်သည်ဖြစ်စေ နည်းစနစ်တကျ ဆောင်ရွက်မည်ဆိုပါက အောင်မြင်နိုင်မည်ဖြစ်ကြောင်း၊ ရခိုင်ပြည်နယ်အတွင်းရှိ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကိုလည်း စနစ်တကျဖြင့် အောင်မြင်စေလိုကြောင်း၊ ထိုကဲ့သို့ စနစ်တကျဖြင့် အောင်မြင်အောင် ဆောင်ရွက်နိုင်ရေးအတွက်က ဒေသတွင်း၌ အသိပညာ အတတ်ပညာပြည့်ဝသည့် လူသားအရင်းအမြစ်ကောင်းများ များစွာပေါ်ထွန်းလာရန်လိုကြောင်း၊ ထို့ကြောင့် ကျောင်းတက်ရောက်နေသည့် ကျောင်းသား၊ ကျောင်းသူများ စာသင်နှစ်အတွင်း အတန်းပြီးဆုံးသည်အထိ

သင်ကြားရန်နှင့် တန်းစဉ်ကူးပြောင်းမှုများ ရာနှုန်းပြည့်မီရန်လိုကြောင်း၊ ယနေ့ခေတ်သည် ပညာခေတ်ဖြစ်သဖြင့် ပညာသင်ကြားရေးကို အားပေးဆောင်ရွက်ရန်လိုကြောင်း၊ ရခိုင်ပြည်နယ်သည် ပညာတတ်များ ပေါ်ကြွယ်ဝသည့် ပြည်နယ်တစ်ခုဖြစ်ပြီး ပညာရည်မြှင့်တင်မှုနှင့်ပတ်သက်၍ ဆက်လက်အားပေး ဆောင်ရွက်သွားကြစေလိုကြောင်း။

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် စက်မှုလုပ်ငန်းများအတွက် အခြေခံပညာများရရှိနိုင်ရေး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် စက်မှုနည်းပညာသင်တန်းကျောင်းများကို ဖွင့်လှစ် သင်ကြားပေးလျက်ရှိကြောင်း၊ ထိုမှတစ်ဆင့် သက်ဆိုင်ရာဘာသာရပ်များအလိုက် ထူးချွန်သည့် ကျောင်းသား၊ ကျောင်းသူများအနေဖြင့် ပညာရပ်များအလိုက် အဆင့်မြင့်ပညာရပ်များကို ဆက်လက်သင်ယူနိုင်မည်ဖြစ်ကြောင်း၊ အနာဂတ်ကာလတွင် ရခိုင်ပြည်နယ် ပိုမိုတိုးတက်လာရေးအတွက် ယခုအချိန်တွင် ပညာသင်ကြားလျက်ရှိသည့် ဒေသတွင်းမှ ကျောင်းသားကျောင်းသူများသည် အဓိကအခန်းကဏ္ဍမှပါဝင်ကြောင်း၊ ထို့ကြောင့် တာဝန်ရှိသူများအနေဖြင့် ပညာရည်မြှင့်တင်ရေးကို စနစ်တကျ ကြပ်မတ်ဆောင်ရွက်ကြစေလိုကြောင်း၊ နိုင်ငံတော်အနေဖြင့်လည်း ပညာရေးဆိုင်ရာဝန်ထမ်းများကို လေ့ကျင့်သင်ကြားပေးလျက်ရှိကြောင်း၊ ရခိုင်ပြည်နယ်အတွက် လိုအပ်သည့် ဆရာ၊ ဆရာမများကိုလည်း ဖြည့်ဆည်းပေးနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း၊ ထိုသို့ဆောင်ရွက်ပေးခြင်းမှာ အနာဂတ်ရခိုင်ပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ပေးခြင်းပင်ဖြစ်ကြောင်း။

ဆိုင်ကလုန်းမုန်တိုင်း(မိုခါ)မုန်တိုင်းဒဏ်ခံခဲ့ရသည့် ရခိုင်ပြည်နယ်အတွင်း ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အစိုးရအဖွဲ့မှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် စေတနာ့ဝန်ထမ်းများက အင်တိုက်အားတိုက်ဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိပြီး ဒေသတွင်နေထိုင်ကြသူများ အနေဖြင့်လည်း အတူတကွ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြမည်ဆိုပါက မူလအခြေအနေများထက် ပိုမိုကောင်းမွန်သည့် ဒေသများအဖြစ် ဆက်လက်ဖော်ဆောင်သွားနိုင်မည်ဖြစ်ကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အားလုံး ဖွံ့ဖြိုးတိုးတက်ရေး၊ ပြည်သူတို့၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိသကဲ့သို့ ရခိုင်ပြည်နယ်အတွင်း နေထိုင်ကြသူများ၊ ဒေသတွင် လာရောက်တာဝန် ထမ်းဆောင်လျက်ရှိသည့် နိုင်ငံ့ဝန်ထမ်းများအနေဖြင့်လည်း မိမိတို့ဒေသအကျိုးအတွက် အားလုံးဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်ကြစေလိုကြောင်း၊ မုန်တိုင်းဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့မှုများအား ပြန်လည်တည်ဆောက်ရေး လုပ်ငန်းများဆောင်ရွက်ပေးရာတွင် ယခင်ပုံမှန်ဆောင်ရွက်နေသည်များထက် ပိုမို၍ ခွန်အားစိုက်ထုတ် လုပ်ဆောင်ကြရန် တိုက်တွန်းပြောကြားသည်။

■ ■ ■

# စစ်တွေတပ်နယ်နှင့် ကမ်းနီတပ်နယ်မှ အရာရှိ၊ စစ်သည်မိသားစုများနှင့် သီးခြားတွေ့ဆုံပြောကြားသည့် အမှာစကား

( ၁၁ - ၇ - ၂၀၂၃ )





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ဇူလိုင်လ(၁၁)ရက်နေ့ နံနက်ပိုင်းတွင် စစ်တွေတပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများအားတပ်နယ်ရှိ မေဃဝတီ ခန်းမဋ္ဌလည်းကောင်း၊ ကမ်းနီတပ်နယ်ရှိနယ်မြေခံတန်းမြင့်သင်တန်းကျောင်းမှ သန္တေအရာရှိ၊ စစ်သည်၊ မိသားစုများ၊ တပ်မတော်နှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့တို့မှ သင်တန်းသား စစ်သည်များကို အောင်စစ်သည် ခန်းမဋ္ဌလည်းကောင်း သီးခြားစီ တွေ့ဆုံအမှာစကားပြောကြားသည်။

အဆိုပါတွေ့ဆုံပွဲသို့နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ဇနီး ဒေါ်ကြူကြူလှ၊ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး မောင်မောင်အေးနှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ)ဗိုလ်ချုပ်ကြီးမိုးအောင်နှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီးထွန်းအောင်နှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများနှင့်ဇနီးများ၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ စစ်တွေတပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများ၊ ကမ်းနီတပ်နယ်ရှိ နယ်မြေခံတန်းမြင့်သင်တန်းကျောင်းမှ သန္တေအရာရှိ၊ စစ်သည်၊ မိသားစုများ၊ တပ်မတော်နှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့တို့မှ သင်တန်းသား စစ်သည်များတက်ရောက်ကြသည်။

**ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ရေရှည်အကျိုးကိုကြည့်၍ စနစ်တကျ တွက်ချက်ဆောင်ရွက်သွားမည်**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အမှာစကားပြောကြားရာတွင် ရခိုင်ပြည်နယ်၌ ဆိုင်ကလုန်းမုန်တိုင်း(မိုခါ) ဝင်ရောက်ခဲ့ပြီး နောက်ရက်တွင် မိမိအနေဖြင့် စစ်တွေမြို့သို့ ရောက်ရှိခဲ့ပြီး ကူညီကယ်ဆယ်ရေးလုပ်ငန်းများ အမြန်ဆုံးဆောင်ရွက်နိုင်ရေး၊ ထိခိုက်ပျက်စီးမှုများကို ပြန်လည်ထူထောင်နိုင်ရေး လမ်းညွှန်မှာကြားခဲ့ကြောင်း၊ ဆိုင်ကလုန်းမုန်တိုင်း(မိုခါ)သည် နာဂစ်မုန်တိုင်းဖြစ်ပေါ်ခဲ့ပြီး နောက်ပိုင်းတွင် ထိခိုက်ပျက်စီးမှုအများဆုံးဖြစ်ခဲ့သည့် မုန်တိုင်းတစ်ခုဖြစ်ခဲ့ကြောင်း၊ သေဆုံးသူ ၁၄၈ ဦးရှိခဲ့ပြီး ထိုထက်မကသည့် သေကျေပျက်စီးမှုများ ကြုံတွေ့ရနိုင်သည်ဟု နိုင်ငံတကာမှ

ခန့်မှန်းမှုများ ရှိခဲ့ကြောင်း၊ မိမိတို့အနေဖြင့် ကြိုတင်ပြင်ဆင်ခြင်းများကို ဆောင်ရွက်နိုင်ခဲ့သဖြင့် အထိအခိုက်အနည်းဆုံးဖြင့် ဖြတ်ကျော်နိုင်ခဲ့ခြင်းဖြစ်သည်ကို သင်ခန်းစာယူရမည်ဖြစ်ကြောင်း၊ မုန်တိုင်းလွန်ပြီး နောက်ပိုင်းကူညီကယ်ဆယ်ရေးပျက်စီးမှုများ ရှင်းလင်းဆောင်ရွက်ခြင်းနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ခြင်းဟူ၍ နှစ်ပိုင်းခွဲကာ ဆောင်ရွက်စေခဲ့ကြောင်း၊ အချို့သောအဆောက်အအုံများမှာ လုံးဝပြိုကျပျက်စီးမှုများရှိခဲ့သဖြင့် အသစ်ပြန်လည် တည်ဆောက်ရခြင်းများလည်းရှိကြောင်း၊ အသစ်တည်ဆောက်ရသည့်အဆောက်အအုံများကိုရေရှည်တည်တံ့ခိုင်မြဲအောင် ပြန်လည်တည်ဆောက်ရမည်ဖြစ်သကဲ့သို့ ကျန်ရှိသည့် အဆောက်အအုံများကိုလည်း ရေရှည်တည်တံ့ခိုင်မြဲစေရေး၊ သဘာဝဘေးဒဏ်ခံနိုင်ရေးအတွက် မွမ်းမံခြင်းများကို ဆောင်ရွက်သွားရန် လမ်းညွှန်မှာကြားပြီးဖြစ်ကြောင်း၊ ရေရှည်တည်တံ့ခိုင်မြဲအောင် စနစ်တကျတွက်ချက်ဆောင်ရွက်ရမည်ဖြစ်သဖြင့် အချိန်အတိုင်းအတာတစ်ခုအထိ ကြာမြင့်နိုင်မည်ဖြစ်ကြောင်း၊ သဘာဝဘေးဒဏ်ကြောင့်ဖြစ်ပေါ်ခဲ့သည့် ထိခိုက်မှုများကိုပြန်လည်ထူထောင်ရေးလုပ်ငန်းများဆောင်ရွက်ရာ၌ ပုံမှန်ဆောင်ရွက်နေသည်များထက် ပိုမို၍ခွန်အားစိုက်ထုတ်ဆောင်ရွက်မည်ဆိုပါက လုပ်ငန်းများ လျင်လျင်မြန်မြန်ဖြင့် တိုးတက်ပြီးစီးမည်ဖြစ်ကြောင်း၊ ထို့ကြောင့်အားလုံးမှအားထည့်ဆောင်ရွက်ကြရန် တိုက်တွန်းမှာကြားလိုကြောင်း။

**သစ်ပင်စိုက်ပျိုးခြင်းဖြင့် ရာသီဥတု မမျှတမှုနှင့်သဘာဝဘေးဒဏ်ကျရောက်မှုများကို ကာကွယ်နိုင်မည်ဖြစ်**

သဘာဝဘေးဒဏ်သည် မည်သည့်အချိန်တွင် ဖြစ်ပေါ်နိုင်မည်ကိုကြိုတင်၍ သိရှိနိုင်ရန်ခက်ခဲပြီး မဖြစ်ပွားမီရက်သတ္တပတ်အနည်းငယ်အလိုမှပင် မည်ကဲ့သို့ ဖြစ်ပေါ်လာနိုင်သည်ကို ခန့်မှန်းသိရှိနိုင်ကြောင်း၊ ရခိုင်ပြည်နယ်သည်ပင်လယ်ကမ်းရိုးတန်းဒေသဖြစ်သဖြင့် မုန်တိုင်းဖြစ်ပေါ်ခြင်း၊ မိုးကြီးရေလျှံခြင်းများကို မလွဲမသွေ ကြုံတွေ့ရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် လိုအပ်သည့် ကြိုတင်ပြင်ဆင်ခြင်းများကို မဖြစ်မနေဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ လေပြင်းတိုက်ခြင်းနှင့် ရာသီဥတုမမျှတခြင်းတို့ကို ကာကွယ်နိုင်ရန်သဘာဝအကာအကွယ်ဖြစ်သည့် သစ်ပင်သစ်တောစိုက်ပျိုးခြင်းများကိုလည်း ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ရခိုင်ပြည်နယ်တွင် ရိုးမနှင့်ဆက်နွယ်နေသည့် တောင်တန်းများ၌သာ သစ်ပင်သစ်တောများ တွေ့ရှိရပြီး ကွင်းပြင်အများအပြားရှိနေသည်ကို တွေ့ရှိရကြောင်း၊ ထို့ကြောင့် သစ်ပင်များကို ကျေးရွာအလိုက်၊ ရပ်ကွက်များအလိုက်၊ မြို့များအလိုက် စိုက်ပျိုးသွားရန်လိုကြောင်း၊ သစ်ပင်များကိုစိုက်ပျိုးခြင်းထက် ခုတ်ယူသုံးစွဲခြင်းက ပိုမိုများပြားသည်ကို တွေ့ရှိရပြီး ထင်းအဖြစ်သုံးစွဲခြင်းနှင့် အဆောက်အအုံများဆောက်လုပ်ရန်အတွက် ခုတ်ယူကြသည်ကိုတွေ့ရကြောင်း၊ သဘာဝအရ ပေါက်ရောက်လျက်ရှိသည့် သစ်ပင်များပြုန်းတီးမှုများ ဖြစ်ပေါ်လာပြီး ရာသီဥတုများ ဖောက်ပြန်လာခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် သဘာဝဘေးဒဏ်များအတွက် ကြိုတင်ပြင်ဆင်မှုများအဖြစ် သစ်ပင်သစ်တောများပြန်လည်စိုက်ပျိုးရန်လိုကြောင်း၊ နယ်မြေခံ ပြည်သူလူထုနှင့်ပူးပေါင်း၍ သစ်ပင်စိုက်ပျိုးခြင်းကို ဆောင်ရွက်ခြင်းဖြင့်ဒေသအတွင်း သစ်တောသစ်ပင်များ ပေါများလာမည်ဖြစ်ကြောင်း၊ နောင်အနာဂတ်တွင် မိမိတို့ဒေသ၌ ရာသီဥတုမျှတကောင်းမွန်စေရေး၊ သဘာဝဘေးဒဏ်များကို အထိုက်အလျောက် ကာကွယ်နိုင်စေရေးအတွက် ယခု ပစ္စုပ္ပန်တွင်ရှိနေသည့် မိမိတို့က သစ်ပင်သစ်တောများကို စိုက်ပျိုးခြင်းများကိုအလေးထားဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

အရာရှိ၊ စစ်သည်၊ မိသားစုများအနေဖြင့်လည်း မိမိတို့နေထိုင်ရာ နေအိမ်လိုင်းခန်းအတွင်း အရိပ်ရလေကာပင်များ၊ သစ်ပင်ကြီးများကို စိုက်ပျိုးနိုင်ရေး လုံလောက်သည့်

> နိုင်ငံတည်ငြိမ်အေးချမ်းသည့်အချိန်တွင်
> ပါတီစုံ ဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲ
> ပြန်လည်ကျင်းပပေးမည်ဟု
> တပ်မတော်အနေဖြင့် အာမခံပြီးဖြစ်၊
> တပ်မတော်သည် ပြည်သူများကြားမှ
> ပေါက်ဖွားလာပြီး တိုင်းပြည်၏
> အစိတ်အပိုင်းပင်ဖြစ်၊ နိုင်ငံတော်ကို ပါတီစုံ
> ဒီမိုကရေစီလမ်းကြောင်းပေါ်တွင်
> မှန်မှန်ကန်ကန်လျှောက်လှမ်းနိုင်ရေး
> တပ်မတော်အနေဖြင့် ခိုင်ခိုင်မာမာ
> ရပ်တည် ဆောင်ရွက်သွားမည်ဖြစ်။

အကျယ်အဝန်းများကို စနစ်တကျ တွက်ချက်နေရာချထားပေးပြီးဖြစ်ကြောင်း၊ စစ်သည်တစ်ဦးချင်းစီအလိုက် အဆင့်လိုက် နေရာချထားပေးသည့် အဆောက်အအုံများကိုလည်း စနစ်တကျနေထိုင်ရန်နှင့် လိုအပ်သည့် ပြုပြင်ထိန်းသိမ်းခြင်းများကို မိမိတို့တတ်နိုင်သမျှ ဆောင်ရွက်သွားရန်လိုကြောင်း။

ဆိုင်ကလုန်းမုန်တိုင်း(မိုခါ)တိုက်ခတ်ပြီးနောက်ပိုင်းတွင် စစ်တွေမြို့တွင်နေထိုင်ကြသည့် ဒေသခံပြည်သူများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လုံခြုံရေးတပ်ဖွဲ့ဝင်များ စားရေးအဆင်ပြေစေရေးအတွက် ရန်ကုန်မြို့မှတစ်ဆင့် အစားအသောက်များကို ပို့ဆောင်ပေးလျက်ရှိကြောင်း၊ တပ်မတော်အတွင်း၌ တပ်ပိုင်နှင့် တစ်ပိုင်တစ်နိုင် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို ယခင်ကတည်းကပင် အားပေးဆောင်ရွက်ခဲ့သဖြင့် အသား၊ ငါးနှင့် ဟင်းသီးဟင်းရွက်များကို ဖူလုံပေါများစွာ စားသုံးနိုင်သကဲ့သို့ ဒေသခံများ၊ ဌာနဆိုင်ရာဝန်ထမ်းများ သက်သာသောဈေးနှုန်းများဖြင့် ဝယ်ယူစားသုံးနိုင်ရေး အတွက်လည်း ရောင်းချပေးလျက်ရှိကြောင်း။

**လေ့ကျင့်သင်ကြားပေးလိုက်သည့်ပညာရပ်များနှင့်အတွေ့အကြုံများကို ပေါင်းစပ်၍ တာဝန်များကို ကျေပွန်စွာ ထမ်းဆောင်နိုင်ရန်လို**

တာဝန်ထမ်းဆောင်မှု အပိုင်းနှင့်ပတ်သက်၍ စစ်သည်တစ်ဦးချင်းအနေဖြင့် စစ်သားပီသစွာ နေထိုင်ကျင့်ကြံရန်လိုပြီး စစ်ရေးအသိ၊ စစ်ရေးသတိအမြဲရှိရန်လိုကြောင်း၊ မည်သည့်လုပ်ငန်းတာဝန်ကို ထမ်းဆောင်ရသည်ဖြစ်စေ တပ်မတော်သားတိုင်းသည် စစ်တိုက်နိုင်ရမည်၊ နိုင်ငံတော် ကာကွယ်ရေးတာဝန်များကို ထမ်းဆောင်နိုင်ရမည်ဖြစ်ကြောင်း၊ မိမိတို့ကို သင်ကြားပေးထားသည့် စစ်အတတ်ပညာများကို ကျွမ်းကျင်ပိုင်နိုင်ရမည်ဖြစ်ကြောင်း၊ သင်တန်းကျောင်းတွင် စစ်သည်တစ်ဦးချင်း၏ အဆင့်နှင့်လျော်ညီစွာ တတ်မြောက်ရန်လိုအပ်သည့် သက်ဆိုင်ရာ ပညာရပ်အလိုက် အုပ်ချုပ်မှု၊ စစ်ပညာနှင့် ရုံးလုပ်ငန်းများကို သင်ကြားပေးလျက်ရှိကြောင်း၊ လေ့ကျင့်သင်ကြားပေးလိုက်သည့် ပညာရပ်များနှင့် အတွေ့အကြုံများကိုပေါင်းစပ်၍ စစ်သားကောင်းပီသသည့် စိတ်ဓာတ်ဖြင့် ဆောင်ရွက်နိုင်ရန်လိုကြောင်း၊ ယခုသင်တန်းကျောင်းမှ သင်ကြားပေးလိုက်သည့် စစ်ပညာရပ်များသည် တိုက်ပွဲများဆင်နွှဲရာတွင် အောင်မြင်မှုများ ပိုမိုရရှိစေရန်အတွက် သင်ကြားပေးလိုက်ခြင်းဖြစ်ကြောင်း၊ စစ်မြေပြင် တာဝန်ထမ်းဆောင်ချိန်တွင် သင်ကြားပေးလိုက်သည့် ပညာရပ်များကို ထိထိရောက်ရောက် အသုံးချမည်ဆိုပါက ရန်သူကို ထိရောက်စွာချေမှုန်းနိုင်မည် ဖြစ်ပြီး နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို ကျေပွန်စွာ ထမ်းဆောင်နိုင်မည်ဖြစ်ကြောင်း၊ တစ်ဦးချင်း တာဝန်ထမ်းဆောင်မှုကို ကျေပွန်စွာထမ်းဆောင်နိုင်ရန် အထောက်အကူပြုစေမည့် ပညာရပ်များကို သင်ကြားပေးနေခြင်းဖြစ်ကြောင်း။

ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို ကျေပွန်စွာ ထမ်းဆောင်နိုင်ရေးအတွက် တစ်ဦးချင်း ကျန်းမာကြံ့ခိုင်မှု ရှိရန်လိုကြောင်း၊ ကျန်းမာရေးနှင့် ညီညွတ်မျှတသည့် နေထိုင်စားသောက်မှုရှိရမည် ဖြစ်ပြီး ကိုယ်ခန္ဓာကြံ့ခိုင်သန်စွမ်းမှုရှိစေရေးအတွက်လည်း လေ့ကျင့်နေရမည် ဖြစ်ကြောင်း၊ ကျန်းမာကြံ့ခိုင်အောင် အမြဲမပြတ် ကြိုးပမ်းဆောင်ရွက်နေမှသာလျှင် လက်တွေ့စစ်မြေပြင်၌ တာဝန်များကို ကျေပွန်စွာ ထမ်းဆောင်နိုင်မည်ဖြစ်ပြီး မိမိကိုယ်ကို၊ မိမိတပ်ဖွဲ့ကို ကာကွယ်နိုင်မည်ဖြစ်ကြောင်း။

နိုင်ငံရေးနှင့်ပတ်သက်၍ မိမိတို့အနေဖြင့် အမျိုးသားရေးရည်မှန်းချက်နှစ်ရပ်၊ နိုင်ငံရေးဦးတည်ချက်နှစ်ရပ်ကို ချမှတ်ဆောင်ရွက်လျက်ရှိပြီး တပ်မတော်အနေဖြင့် ကောင်းမွန်သည့် ရည်ရွယ်ချက်များဖြင့် ဆောင်ရွက်နေခြင်း ဖြစ်သည့်အတွက် လုပ်ငန်းများအောင်မြင်မည်ဟု ယုံကြည်ကြောင်း၊ နိုင်ငံတည်ငြိမ်အေးချမ်းသည့်အချိန်တွင် ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲ ပြန်လည်ကျင်းပပေးမည်ဟု တပ်မတော်အနေဖြင့် အာမခံပြီးဖြစ်ကြောင်း၊ တပ်မတော်သည် ပြည်သူများကြားမှ ပေါက်ဖွားလာပြီး တိုင်းပြည်၏ အစိတ်အပိုင်းပင်ဖြစ်ကြောင်း၊ နိုင်ငံတော်ကို ပါတီစုံဒီမိုကရေစီလမ်းကြောင်းပေါ်တွင် မှန်မှန်ကန်ကန် လျှောက်လှမ်းနိုင်ရေး တပ်မတော်အနေဖြင့် ခိုင်ခိုင်မာမာရပ်တည် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

အမျိုးသားရေး ရည်မှန်းချက်ဖြစ်သည့် တိုင်းပြည်သာယာဝပြောရေးနှင့် တိုင်းပြည်စားရေရိက္ခာပေါများရေးကို ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ တိုင်းပြည်သာယာဝပြောရေးဆိုသည်မှာ တိုင်းပြည်တည်ငြိမ် အေးချမ်းပြီး ဒီမိုကရေစီ အပြည့်အဝရရှိသည့်နိုင်ငံဖြစ်ရန်လိုကြောင်း၊ တိုင်းပြည်တည်ငြိမ်အေးချမ်းရေးအတွက် လက်နက်ကိုင်ပဋိပက္ခများ ချုပ်ငြိမ်းအောင် ဆောင်ရွက်ရန်လိုကြောင်း၊ ပြည်သူများဘဝရပ်တည်နိုင်ရေးအတွက် အသိပညာ

အတတ်ပညာများရရှိအောင် ဆောင်ရွက်ပေးမှသာ ၎င်းတို့ဘဝတိုးတက်လာမည်ဖြစ်ကြောင်း၊ လုပ်ငန်းများဆောင်ရွက်ရာတွင် လေးလေးနက်နက်ဖြင့် စဉ်းစားဆောင်ရွက်ကြစေလိုကြောင်း၊ လွှယ်ကူသည့်လုပ်ငန်းများကို ဦးစားပေးဆောင်ရွက်၍ ခက်ခဲသည့်အလုပ်များကို အောင်မြင်အောင်ဆောင်ရွက်နိုင်ရန်အတွက် မျှော်မှန်းချက်များကို ခိုင်ခိုင်မာမာ ချမှတ်ဆောင်ရွက်သွားရန်လိုကြောင်း။

**ပညာရည်မြင့်မားရေး အလေးထား၊ အားပေးဆောင်ရွက်**

ယနေ့ခေတ်သည် ပညာခေတ်ဖြစ်သဖြင့် မိမိကိုယ်ကိုနှင့် မိမိတို့၏သားသမီးများ၏ ပညာရေးကိုလည်း အားပေးဆောင်ရွက်ကြရန်လိုကြောင်း၊ အတန်းပညာ တတ်မြောက်မှသာလျှင် အတတ်ပညာများကို သင်ယူတတ်မြောက်နိုင်မည်ဖြစ်ကြောင်း၊ မိမိအတွက် အကျိုးဖြစ်စေနိုင်သည့်၊ ဗဟုသုတရရှိစေနိုင်သည့် စာအုပ်စာပေများကို လေ့လာဖတ်ရှုနေရန်လိုကြောင်း၊ ထိုသို့ ဖတ်မှတ်လေ့လာနိုင်ရေးအတွက်လည်း တပ်မတော်မှ စာအုပ်စာပေများကို ထုတ်ဝေပြီး ဖြန့်ချိပေးလျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် တပ်မတော်သား မိသားစုဝင် သားသမီးများ၏ ပညာရေးကို အမြဲမပြတ် အားပေးလျက်ရှိပြီး ထူးချွန်စွာအောင်မြင်သူများကိုလည်း ဂုဏ်ပြုချီးမြှင့်ခြင်းများ ပြုလုပ်ပေးလျက်ရှိကြောင်း၊ မိမိတို့သားသမီးများ၏ ပညာရည်မြင့်မားစေရေး အားထည့်ဆောင်ရွက်ကြရန်လိုကြောင်း၊ မိမိတို့၏ သားသမီးများကို ယဉ်ကျေးလိမ္မာပြီး မိမိခြေထောက်ပေါ်တွင် မိမိရပ်တည်နိုင်သည့်၊ ထူးချွန်ထက်မြက်သည့် သားသမီးများဖြစ်လာစေရေး စနစ်တကျ ထိန်းသိမ်း ပျိုးထောင်ပေးရန်လိုကြောင်း၊ မိမိတို့ကို ပေးအပ်ထားသည့် ကာကွယ်ရေးနှင့်လုံခြုံရေးတာဝန်များကိုလည်း ကျေပွန်စွာ ထမ်းဆောင်ကြရန် တိုက်တွန်းမှာကြားလိုကြောင်း ပြောကြားသည်။

■ ■ ■

# ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေး အမှတ်စဉ် (၃/၂၀၂၃) တွင် ပြောကြားသည့်အမှာစကား

( ၁၃ - ၇ - ၂၀၂၃ )






ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၃/၂၀၂၃)ကို ဇူလိုင်လ(၁၃)ရက်နေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့် ပြည်ထောင်စုဝန်ကြီးများ တက်ရောက်ကြသည်။

**ရှေ့လုပ်ငန်းစဉ်(၅)ရပ်ချမှတ်ဆောင်ရွက်လျက်ရှိ**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အမှာစကားပြောကြားရာတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် နိုင်ငံတော် တာဝန်ထမ်းဆောင်မှု နှစ်နှစ်ပြည့်ပြီးနောက်ပိုင်း အရေးပေါ် သက်တမ်းကာလ ၆ လ တိုးပြီးသည့်အချိန်တွင် ရှေ့လုပ်ငန်း စဉ်(၅)ရပ် ပြင်ဆင်ချမှတ်ဆောင်ရွက်ခဲ့ပြီး ၎င်းတို့သည် နိုင်ငံ၏ အဓိကဆောင်ရွက်ရမည့် အရေးကြီးလုပ်ငန်းများ ဖြစ်ကြောင်း၊ အဆိုပါ ရှေ့လုပ်ငန်းစဉ်များကို အစိုးရအဖွဲ့က အကောင်အထည်ဖော်ဆောင်ရွက်ရခြင်းဖြစ်ကြောင်း၊ အဆိုပါ ရှေ့လုပ်ငန်းစဉ်တွင် အရေးကြီးဆုံးအချက်မှာ ပြည်သူတို့၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့် အဝရရှိစေရန် အလေးထားလုပ်ဆောင်မည်ဟူသည့် အချက်ဖြစ်ကြောင်း၊ ရှေ့လုပ်ငန်းစဉ်များအနက် နောက်ဆုံး အချက်သည် အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များ နှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည် ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများ နှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက် ဆောင်ရွက်သွားမည်ဟူသည့် အချက်ဖြစ်ကြောင်း၊ ထိုသို့ ဆောင်ရွက်နိုင်ရန်အတွက် ပထမဆုံးအချက်ကိုအလေးထား အကောင်အထည်ဖော်ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း။

ထို့ပြင်တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်း ရေးအတွက် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ၂၀၂၁ ခုနှစ်မှ ၂၀၂၂ ခုနှစ်အတွင်း အကြမ်းဖက်မှုဖြစ်စဉ်များကြောင့်

အပြစ်မဲ့ပြည်သူ၊ နိုင်ငံ့ဝန်ထမ်းနှင့် သာသနာ့နွယ်ဝင်များစွာ ထိခိုက်သေဆုံးမှုများရှိခဲ့ကြောင်း၊ ထို့ကြောင့် အရေးပေါ် အခြေအနေနှင့်ပတ်သက်၍ ဆက်လက်ဆောင်ရွက်ရန် လိုအပ်နေသေးသဖြင့် အရေးပေါ်ကာလကို တိုးမြှင့် ဆောင်ရွက်ရန် ရှင်းလင်းပြောကြားခဲ့ပြီးဖြစ်ကြောင်း၊ ယခုနှစ်အတွင်း ဇူလိုင် ၁၁ ရက်နေ့အထိ အကြမ်းဖက် ဖောက်ခွဲဖျက်ဆီးမှု ၄၈၉ ကြိမ်ဖြစ်ပွားခဲ့ပြီး သေဆုံးသူ ၇၈၂ ဦးရှိခဲ့ကြောင်း၊ အကြမ်းဖက်ဖြစ်စဉ်များ လျော့သွားသော်လည်း ဆက်လက်ဖြစ်ပွားလျက်ရှိသည်ကို တွေ့ရှိရကြောင်း၊ လုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးနှင့်ပတ်သက်၍ အပြည့်အဝဆောင်ရွက်နိုင်ရေး အလေးထားဆောင်ရွက်သွားမည်ဆိုသည့် အချက်တွင် အကောင်အထည်ဖော်နိုင်ရန်အတွက် လိုအပ်ချက်များရှိနေသေးသည်ကို တွေ့ရှိရကြောင်း။

အကြမ်းဖက်မှုဖြစ်စဉ်များတွင် အဆိုးဆုံးမှာ စစ်ကိုင်းတိုင်း၊ ချင်းပြည်နယ်နှင့် ကယားပြည်နယ်တို့ ဖြစ်ကြကြောင်း၊ ထို့ကြောင့် မိမိတို့အနေဖြင့် ပြည်သူ့လုံခြုံရေးအတွက် ယခုထက် ပိုမိုဆောင်ရွက်ကြရန် လိုအပ်ကြောင်း၊ လုံခြုံရေးတာဝန်ထမ်းဆောင်ချိန်အတွင်း၌လည်း ရဲတပ်ဖွဲ့ဝင်များအနေဖြင့် ထိခိုက်သေဆုံးမှုအချို့ ဖြစ်ပေါ်ခဲ့ကြောင်း။

ပြည်ပဈေးကွက်ခိုင်မာစွာတည်ရှိသည့်
ပြောင်း၊ နှမ်း၊ မတ်ပဲ၊ ကုလားပဲ၊ ပဲစင်းငုံ၊
ပဲတီစိမ်း စသည့်သီးနှံများကို
တိုးချဲ့စိုက်ပျိုးရန်လိုအပ်၊
စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ စွမ်းအားပြည့်
ဆောင်ရွက်ပြီး ထုတ်ကုန်များကို
တိုးတက်အောင်ထုတ်လုပ်နိုင်ပါက
တိုင်းပြည်ဝင်ငွေပိုမိုရရှိမည်ဖြစ်သည့်အပြင်
နိုင်ငံခြားဝင်ငွေ လိုအပ်ချက်ကိုလည်း
အတိုင်းအတာတစ်ခုအထိ
ဖြည့်ဆည်းပေးနိုင်မည်ဖြစ်။

**မိုခါမုန်တိုင်းတိုက်ခတ်ခဲ့မှု**

မေလ ၁၄ ရက်နေ့တွင် တိုက်ခတ်ခဲ့သည့် မိုခါမုန်တိုင်း တိုက်ခတ်မှုကြောင့် ငွေကျပ် ၅၂၂ ဘီလီယံဖိုးခန့် ပျက်စီးဆုံးရှုံးခဲ့ကြောင်း၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ပျက်စီးဆုံးရှုံးမှုများ ပြန်လည်ပြုပြင်ရန်အတွက် နိုင်ငံတော်အစိုးရနှင့် ပြည်သူများအနေဖြင့် ငွေကြေးများသုံးစွဲရကြောင်း၊ ထို့ကြောင့် သဘာဝဘေးအန္တရာယ်ကာကွယ်ရေးကိုလည်း သတိထားဆောင်ရွက်ရန်လိုကြောင်း၊ ကြိုတင်ပြင်ဆင်မှုများ ဆောင်ရွက်နိုင်ခဲ့ခြင်းကြောင့် လူအသေအပျောက် အနည်းဆုံးဖြစ်ခဲ့သော်လည်း ဆုံးရှုံးမှုများကြီးမားခဲ့ကြောင်း၊ မိမိတို့အနေဖြင့် သင်ခန်းစာယူရန်လိုကြောင်း၊ ထို့ကြောင့် သဘာဝဘေးအန္တရာယ်များကို ကျော်လွှားနိုင်ရန်အတွက် ကြိုတင်ပြင်ဆင်မှုများကို များစွာဆောင်ရွက်ထားရန်လိုကြောင်း၊ဥပမာအားဖြင့်အဆောက်အအုံများ တည်ဆောက်ရာတွင် မိုးများသည့်ဒေသများ၊ မုန်တိုင်းကျရောက်နိုင်သည့်ဒေသများတွင် သဘာဝဘေးဒဏ်ကိုခံနိုင်သော ကြံ့ခိုင်မှုရှိသည့် အဆောက်အအုံများကို ဆောက်လုပ်သွားရမည် ဖြစ်ကြောင်း။

**နိုင်ငံ့စီးပွားမြှင့်တင်ရေး ကုန်ထုတ်လုပ်မှုများ တိုးတက်အောင်ဆောင်ရွက်**

မိမိတို့အနေဖြင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် တာဝန်များထမ်းဆောင်ရာတွင် နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်း ဆောင်ရွက်ခဲ့ရာ ၂၀၂၁- ၂၀၂၂ ဘဏ္ဍာနှစ်တွင် နိုင်ငံ့စီးပွားရေးမှာ ပြန်လည်ဦးမော့လာခဲ့ပြီး ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် စီးပွားရေးတိုးတက်မှုမှာ ၃ ဒသမ ၂ ရာခိုင်နှုန်းအထိ တိုးတက်ခဲ့သည်ကို ထုတ်ပြန်သည့် မှတ်တမ်းများအရ သိရှိနိုင်ကြောင်း၊ ယခင် အနုတ်ပြနေသည့် စီးပွားရေးမှအပေါင်းဖြစ်သည်အထိ တိုးတက်လာခဲ့ခြင်း ဖြစ်ပြီး အထိုက်အလျောက် တိုးတက်လာခြင်းဖြစ်ကြောင်း၊ ထိုအခြေအနေအပေါ်တွင် ကျေနပ်နေ၍မရကြောင်း၊ မိမိတို့ အနေဖြင့် နိုင်ငံ့ဝင်ငွေမရှိဘဲ နိုင်ငံတည်ဆောက်ရေးလုပ်ငန်း၊ နိုင်ငံဖွံ့ဖြိုးရေးလုပ်ငန်း၊ နိုင်ငံတည်ငြိမ်အေးချမ်းရေး လုပ်ငန်းများကို ဆောင်ရွက်၍မရကြောင်း၊ စီးပွားရေး ကောင်းမွန်ခြင်းမရှိပါက ရာဇဝတ်မှုများ ထူပြောလာမည် ဖြစ်ကြောင်း၊ အကြမ်းဖက်မှုဖြစ်စဉ်များ၌ အချို့ဖြစ်စဉ်များသည် ပြန်ပေးဆွဲ၍ ငွေကြေးတောင်းယူခြင်းများ

ဖြစ်သည်ကို စိစစ်ဖော်ထုတ်တွေ့ရှိရကြောင်း၊ အချို့သော အကြမ်းဖက်မှုများတွင် မိသားစုများပါ ပါဝင်နေသည်ကို တွေ့ရှိရကြောင်း၊ ထို့ကြောင့် မိမိတို့အနေဖြင့် နိုင်ငံ့စီးပွားတိုးတက်ရေးအတွက် ယခုထက်ပိုမိုတိုးတက်အောင် ဆောင်ရွက်ကြရန်လိုကြောင်း။

ပြည်ပသို့ ကုန်ပစ္စည်းများတင်ပို့မှုနှင့်ပတ်သက်၍ ပဲအမျိုးမျိုး၊ ဆန်နှင့်စိုက်ပျိုးရေးထွက်ကုန်များ၊ ရေထွက်ကုန်များနှင့် မွေးမြူရေးထုတ်ကုန်များကို ယခင်ကထက် ပိုမိုတင်ပို့နိုင်ခဲ့ကြောင်း၊ မိမိတို့အနေဖြင့် ကုန်ထုတ်လုပ်မှုများ တိုးတက်အောင်ဆောင်ရွက်နိုင်မည်ဆိုပါက နိုင်ငံ့ဝင်ငွေများ ပိုမိုတိုးတက်ရရှိမည်ဖြစ်ကြောင်း၊ ကုန်ထုတ်လုပ်မှုများ ဆောင်ရွက်ရာတွင် ပြည်တွင်းလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရန် လိုအပ်သကဲ့သို့ ပြည်ပသို့ တင်ပို့နိုင်သည့် ထုတ်ကုန်များ ထုတ်လုပ်နိုင်ရန်လည်းလိုကြောင်း၊ နိုင်ငံ့စီးပွားမြှင့်တင်ရေးအတွက် စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများကို ယခုထက် ပိုမိုတိုးတက်အောင် ဆောင်ရွက်သွားရန် လိုအပ်ကြောင်း။

ကုန်ထုတ်လုပ်မှုနှင့်ပတ်သက်၍ ၂၀၂၂ ခုနှစ်နှင့် ၂၀၂၃ ခုနှစ်တို့တွင် ကုန်ဈေးနှုန်းများ မြင့်တက်လာခဲ့ကြောင်း၊ ထုတ်လုပ်မှုနှင့် စားသုံးမှု မမျှတခြင်းနှင့် ကုန်ထုတ်လုပ်မှု စရိတ်ကြီးမြင့်ခြင်းများကြောင့်ဖြစ်ကြောင်း၊ ကုန်ထုတ်လုပ်မှု စရိတ် ကြီးမြင့်ရခြင်းမှာ အကြောင်းအမျိုးမျိုးကြောင့် ဖြစ်နိုင်ကြောင်း၊ သို့သော် ထုတ်လုပ်မှုနှင့် စားသောက်မှု မမျှတခြင်းကို မိမိတို့အနေဖြင့် ဖြေရှင်းဆောင်ရွက်နိုင်ကြောင်း၊ ထိုသို့ ဖြေရှင်းဆောင်ရွက်နိုင်ရန်အတွက် စက်ရုံအလုပ်ရုံများကို အပြည့်အဝလည်ပတ်နိုင်ရန်လိုကြောင်း၊ အစိုးရစက်ရုံများမှာ အကြောင်းအမျိုးမျိုးကြောင့် လည်ပတ်နိုင်မှုမရှိခြင်းနှင့် ပုဂ္ဂလိကကုန်ထုတ်လုပ်ငန်းများ အပြည့်အဝ မလည်ပတ်နိုင်ခြင်းတို့ကြောင့် ထုတ်ကုန်များ နည်းပါးနေခြင်းဖြစ်ကြောင်း။

အလားတူ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများကိုလည်း စနစ်တကျဖြင့် အထွက်နှုန်းတိုးတက်အောင် ဆောင်ရွက်နိုင်မှုများ မရှိသည်ကိုတွေ့ရကြောင်း၊ မိမိတို့နိုင်ငံသားများသည် ရောင့်ရဲတင်းတိမ်သည့်စိတ်ရှိကြကြောင်း၊ စိုက်ပျိုးမွေးမြူရေးထွက်ကုန်များနှင့် ထုတ်ကုန်များကို ထုတ်လုပ်ရာတွင် မိမိတို့တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် လုံလောက်ပါသည်ဆို၍မရကြောင်း၊ အခြားတိုင်းဒေသကြီးများနှင့် ပြည်နယ်များ၏ လိုအပ်ချက်များနှင့် ပြည်တွင်းလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရန် လိုကြောင်း၊ ထိုမှတစ်ဆင့် ပြည်တွင်းထုတ်ကုန်များကို ပြည်ပသို့တင်ပို့နိုင်ကြောင်း၊ စိုက်ပျိုးရေးပို့ကုန်များနှင့် ထုတ်ကုန်များကို ပြည်ပသို့ ပိုမိုတင်ပို့နိုင်ပါက နိုင်ငံခြားငွေများ ပိုမိုရရှိလာမည်ဖြစ်ပြီး နိုင်ငံ့စီးပွားမြင့်တက်လာမည်ဖြစ်ကြောင်း၊ ထို့ကြောင့် စိုက်ပျိုးရေးလုပ်ငန်းများ တိုးတက်စေရေးနှင့် တစ်ဧကအထွက်နှုန်းများ တိုးတက်ပြီး ပန်းတိုင်ရည်မှန်းချက်ပြည့်မီစေရေး၊ သီးထပ်စွမ်းအားများ မြှင့်တင်ရေး၊ ထုတ်ကုန်များ ပြည့်ဝစွာ ထုတ်လုပ်နိုင်ရေး အတွက် စွမ်းအားပြည့်လည်ပတ်နိုင်ရေး နည်းလမ်းပေါင်းစုံဖြင့် ဆောင်ရွက်ကြစေလိုကြောင်း၊ သက်ဆိုင်ရာဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်ဝန်ကြီးချုပ်များက စနစ်တကျစီမံဆောင်ရွက်ကြရန် လိုအပ်မည်ဖြစ်ကြောင်း။

**မွေးမြူရေးလုပ်ငန်းများ အထွက်နှုန်းကောင်းအောင် ဆောင်ရွက်၍ ကုန်ဈေးနှုန်းကြီးမြင့်မှုကို လျှော့ချနိုင်ရမည်**

အလားတူ မွေးမြူရေးနှင့်ပတ်သက်၍လည်း မိမိတို့နိုင်ငံတွင် တိရစ္ဆာန်အစားအစာကုန်ကြမ်းများ အများအပြား ထွက်ရှိသည်ဖြစ်သော်လည်း မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် စနစ်တကျမွေးမြူခြင်းနှင့် တိုးချဲ့မွေးမြူခြင်းမရှိကြသည်ကို တွေ့ရှိရကြောင်း၊ တိရစ္ဆာန်အစာအတွက်လိုအပ်သည့် ဖွဲ၊ ဆန်ကွဲ၊ ပဲဖတ်၊ နှမ်းဖတ်၊ ပြောင်း၊ ငါးမှုန့် စသည့်ကုန်ကြမ်းများပြည်တွင်း၌ အလုံအလောက်ရှိပြီး အားဖြည့်အစားအစာကိုသာလျှင် ပြည်ပမှတင်သွင်းရကြောင်း၊ သဘာဝအစားအစာများသည်လည်း အလုံအလောက်ရှိပြီးဖြစ်ပြီး မြက်စိုက်ပျိုးနိုင်သည့် မြေများလည်း များစွာရှိပြီးဖြစ်ကြောင်း၊ နိုင်ငံတကာတွင် အသုံးပြုလျက်ရှိသည့် ခေတ်မီစိုက်ပျိုးမွေးမြူရေး နည်းစနစ်များကို လေ့လာ၍ မိမိတို့နိုင်ငံ၏ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ တိုးတက်စေရေး လုပ်ဆောင်ကြရန်လည်း လိုအပ်မည်ဖြစ်ကြောင်း၊ ထိုကဲ့သို့ တီထွင်ကြံဆလုပ်ဆောင်ခြင်းမရှိသောကြောင့် မိမိတို့နိုင်ငံတွင် ထုတ်လုပ်မှုနှင့် စားသုံးမှု မမျှတဘဲ ကုန်ဈေးနှုန်းများ ကြီးမြင့်နေရခြင်းဖြစ်ကြောင်း၊ စားသုံးမှုနှင့် ထုတ်လုပ်မှု မျှခြေရှိမည်ဆိုပါက ထိုက်သင့်သည့် ဈေးနှုန်းများဖြင့် ရောင်းချနိုင်မည်ဖြစ်ကြောင်း၊ မွေးမြူရေးလုပ်ငန်းများကို အားထည့်ဆောင်ရွက်ပြီး အထွက်နှုန်းကောင်းအောင် ဆောင်ရွက်မည်ဆိုပါက ဈေးနှုန်းကြီးမြင့်

မှုကို လျှော့ချနိုင်မည်ဖြစ်ကြောင်း၊ အသားငါးဈေးများ ကျဆင်းရေးသည် မိမိတို့ အစိုးရအနေဖြင့် ဦးစားပေး ဆောင်ရွက်ရမည့် ကိစ္စတစ်ရပ်ဖြစ်သည်ကို ပြောကြား လိုကြောင်း။

လိုအပ်နိုင်မည့် အသား၊ ငါး၊ ဥ အမျိုးမျိုးနှင့် နို့ထွက် ပစ္စည်းများကို ချိန်ထိုးဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ မိမိတို့နေထိုင်သည့် တိုင်းဒေသကြီးနှင့် ပြည်နယ်များ အတွင်း လုံလောက်သည့် ပမာဏထွက်ရှိသည်ဆိုရုံဖြင့် ကျေနပ်မနေဘဲ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ကြည့်၍ ဆောင်ရွက်ကြရမည်ဖြစ်ပြီး အစိုးရအဖွဲ့မှ တွက်ချက် ဆောင်ရွက်ကြရန်လိုကြောင်း၊ အလားတူ ထွက်ရှိလာသည့် ထုတ်ကုန်များကို ပြည်ပသို့ တင်ပို့ရောင်းချသည်ကို မိမိ အနေဖြင့် အားပေးပါကြောင်း၊ သို့သော်လည်း ပြည်တွင်းတွင် လိုအပ်သည့် အဓိကစားသုံးနိုင်မှုကိုလည်း မထိခိုက်ရန်လို ကြောင်း၊ သို့ဖြစ်၍ စနစ်တကျဖြင့် တွက်ချက်စီမံဆောင်ရွက် ကြရမည်ဖြစ်ကြောင်း။

ဥပမာအားဖြင့် ဆီဖူလုံမှုကို ကြည့်မည်ဆိုပါက မိမိတို့ နိုင်ငံတွင် ထွက်ရှိသည့် မြေပဲ၊ နေကြာ၊ နှမ်း၊ ပဲပုပ် စသည့် သီးနှံများကို ဆီအဖြစ်ကြိတ်ခွဲထုတ်လုပ်၍ စားသုံးမည် ဆိုပါက သာမန်အားဖြင့် ၁၂၆ ရာခိုင်နှုန်း ဆီဖူလုံမှုရှိမည် ဖြစ်ကြောင်း၊ စိုက်ပျိုးဧကများအလိုက် ပန်းတိုင်ရည်မှန်း ချက်အတိုင်း ထွက်ရှိအောင် ဆောင်ရွက်နိုင်မည်ဆိုပါက ၂၄၉ ဒသမ ၅ ရာခိုင်နှုန်း ဆီဖူလုံမှုရှိမည်ဖြစ်ကြောင်း၊ သို့သော်လည်း မိမိတို့နိုင်ငံတွင် ဆီဖူလုံမှုမရှိသဖြင့် နှစ်စဉ် ပြည်ပမှတင်သွင်းနေရကြောင်း၊ သုံးသပ်ကြည့်မည်ဆိုပါက ဆီထွက်သီးနှံများ အထွက်နှုန်း မမှန်ခြင်း၊ ပြည်ပသို့ တင်ပို့ နေခြင်း၊ ဒေသန္တရအစားအစာများတွင် ဆီထွက်သီးနှံ များကိုအများအပြားထည့်သွင်းစားသုံးနေခြင်းတို့ကြောင့် ဖြစ်သည်ကို တွေ့ရှိရကြောင်း၊ နှမ်းနှင့်မြေပဲ ပြည်ပသို့ တင်ပို့ ခြင်းဖြင့် ရရှိလာသည့်ငွေကြေးသည် ပြည်ပမှ စားသုံးဆီ တင်သွင်းနေရသည့် ဆီတန်ဖိုးကို မကာမိဘဲ လေးပုံတစ်ပုံ ခန့်သာ ရရှိသည်ကို တွေ့ရှိရကြောင်း၊ ထို့ကြောင့် ပြည်ပသို့ တင်ပို့နေသည့် ကုန်စည်များနှင့် ပတ်သက်၍လည်း UMFCCI နှင့် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီး ဌာနတို့မှ ချိန်ဆ၍ တွက်ချက်ဆောင်ရွက်ကာ ထိန်းသိမ်း ကြပ်မတ်ကြရန်လိုကြောင်း၊ အဓိကအားဖြင့် ပြည်တွင်း စားသုံးမှုကို မထိခိုက်ရန် လိုအပ်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် ဆီထွက်သီးနှံများ အထွက်နှုန်း ပိုမိုတိုးတက် ကောင်းမွန်လာအောင် ဆောင်ရွက်ကြရန် လိုအပ်မည် ဖြစ်ကြောင်း။

**စိုက်ပျိုးမြေအသုံးချမှုနှင့် ပတ်သက်၍ ဥပဒေပြဋ္ဌာန်းချက်များအတိုင်းဖြစ်ရန်လို**

စိုက်ပျိုးမြေများ အသုံးချမှုနှင့် ပတ်သက်၍လည်း လယ်ယာမြေဥပဒေနှင့် ကိုက်ညီမှုမရှိသည်ကို တွေ့ရှိရ ကြောင်း၊ လယ်မြေကို အခြားသီးနှံစိုက်ပျိုးခွင့်ပေးခြင်းကို ဗဟိုအဖွဲ့မှသာ ခွင့်ပြုပေး၍ရပြီး ပြည်နယ်နှင့် တိုင်းဒေသ ကြီးမှ ခွင့်ပြုပေး၍မရကြောင်း၊ လယ်ယာမြေ၌ အခြား

ကျောင်းများနှင့် ဆရာ၊ ဆရာမများ လုံခြုံမှုရှိစေရေးအတွက်လည်း သက်ဆိုင်ရာ ဝန်ကြီးဌာနက လိုအပ်သည်များကို စီစဉ်ဆောင်ရွက်ပေးသွားရန် လိုအပ်၊ ကျောင်းသား၊ ကျောင်းသူများ စိတ်ဓာတ်မြင့်မားရေးအတွက် စာသင်ကျောင်း များ၏ ဥပဓိရုပ်ကောင်းမွန်ရန်နှင့် သင်ထောက်ကူပစ္စည်းများ ပြည့်စုံမှုရှိစေရေး အတွက် ဝန်ကြီးဌာနအလိုက် ဝိုင်းဝန်းကူညီ ဆောင်ရွက်ပေးကြရမည်ဖြစ်၊ ယခုအခြေခံ ပညာကျောင်းများသည် KG+12 အထိရှိသဖြင့် ကျောင်းများအဆင့်မြှင့်တင်ရာတွင် သတ်မှတ်ထားသည့် မြေနေရာ အကျယ်အဝန်းနှင့် ကျောင်းအင်္ဂါရပ်များ ပြည့်စုံကောင်းမွန်စေရန် ကြိုတင်စီမံ ဆောင်ရွက်သွားကြရမည်ဖြစ်၊ ထို့ပြင် ကျောင်းသုံးပရိဘောဂများကိုလည်း တစ်နိုင်ငံလုံးအနေဖြင့် တစ်ပြေးညီဖြစ်စေရန် တစ်ဆင့်ချင်းအလိုက် ပြုပြင်ဖြည့်ဆည်း ပေးနိုင်ရေး စီမံဆောင်ရွက်သွားရမည်ဖြစ်။

သီးနှံစိုက်ပျိုးခွင့် ပြည်နယ်နှင့်တိုင်းဒေသကြီးမှ ခွင့်ပြုပေး၍ရကြောင်း၊ သို့သော်လည်း အခြားလုပ်ငန်းပြောင်းခွင့်ကိုမူ ဗဟိုအဖွဲ့မှပင် ဆောင်ရွက်ပေး၍ရကြောင်း၊ လယ်ယာမြေများကို အသုံးချရာတွင် စိုက်ပျိုးခြင်းလုပ်ငန်းများကို ဆောင်ရွက်ခြင်းမပြုဘဲ အဆောက်အအုံများ ဆောက်လုပ်မှုများ ပြုလုပ်လျက်ရှိကြောင်း၊ စိုက်ပျိုးမြေများကို အခြားနည်းများဖြင့် သုံးစွဲလျက်ရှိခြင်းကြောင့် နိုင်ငံ၏ စိုက်ပျိုးရေးလုပ်ငန်းများအတွက် ထိခိုက်နစ်နာမှုများ ဖြစ်ပေါ်လျက်ရှိကြောင်း၊ ထို့ကြောင့် စိုက်ပျိုးမြေများကို အခြားနည်းများဖြင့် သုံးစွဲနေမှုများကို ဥပဒေနှင့်အညီ စိစစ်ကြပ်မတ်ထိန်းသိမ်းဆောင်ရွက်သွားရန်လိုကြောင်း၊ လယ်ယာမြေလုပ်ပိုင်ခွင့်ကို အဓိပ္ပာယ်ဖွင့်ဆိုရာတွင် လယ်ယာမြေ၏မူရင်းပိုင်ရှင်သည် နိုင်ငံတော်ပင်ဖြစ်ပြီး ဥပဒေ၏ အဓိပ္ပာယ်ဖွင့်ဆိုချက်ကို ဂဃနဏ သိရှိနားလည်ရန်လိုကြောင်း၊ ဥပဒေကိုချိုးဖောက်ပါက ထိုက်သင့်သည့် အရေးယူဆောင်ရွက်ခြင်းကို ခံယူရမည်ဖြစ်ကြောင်း၊ စိုက်ပျိုးမြေများတွင် အပြည့်အဝစိုက်ပျိုးရန် လိုအပ်မည်ဖြစ်ကြောင်း။

ဝန်ကြီးဌာနများအနေဖြင့်လည်း ဝန်ကြီးဌာနပိုင်အဆောက်အအုံများ၊ မြေများ နှစ်ရှည်ငှားမည်ဆိုပါက အစိုးရထံ မူအားဖြင့် သဘောတူညီမှုယူရမည်ဖြစ်ပြီး နှစ်ရှည်ကိစ္စဖြစ်ပါက MIC သို့ ခွင့်ပြုချက်တင်ရမည်ဖြစ်ကြောင်း၊ ဥပဒေနှင့်အညီသာ ဆောင်ရွက်ရမည်ဖြစ်ပြီး မှန်မှန်ကန်ကန်ဖြင့် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ကာလတို ငှားရမ်းခြင်းများကို လုပ်ပိုင်ခွင့်အဖြစ်ပေးထားခြင်းမဟုတ်သော်လည်း လုပ်ဆောင်မည်ဆိုပါက ဆောင်ရွက်၍ ရမည်ဖြစ်ကြောင်း၊ လုပ်ငန်းလုပ်ဆောင်မှုများပြောင်းလဲမည်ဆိုပါကလည်း တင်ပြရန်လိုကြောင်း၊ ထို့ကြောင့် ဝန်ကြီးဌာနများအနေဖြင့် လုပ်ငန်းဆောင်ရွက်မှုများကို ဥပဒေပြဋ္ဌာန်းချက်များ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီဖြစ်စေရေး ကြပ်မတ်ဆောင်ရွက်သွားကြရန်လိုကြောင်း ပြောကြားသည်။

ယင်းနောက် အစည်းအဝေးသို့ တက်ရောက်လာကြသည့် ပြည်ထောင်စုဝန်ကြီးများက သက်ဆိုင်ရာကဏ္ဍအလိုက် ရှင်းလင်းတင်ပြကြသည်။

တင်ပြချက်များနှင့်စပ်လျဉ်း၍ နိုင်ငံတော်ဝန်ကြီးချုပ်က တနင်္သာရီတိုင်းဒေသကြီး၊ မွန်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် ရေငန်ငါး၊ ပုစွန်မွေးမြူရေးလုပ်ငန်းများဆောင်ရွက်နိုင်သဖြင့် မွေးမြူရေးသိပ္ပံကျောင်းများ တိုးချဲ့ဖွင့်လှစ်ပြီး ရေငန်ငါးနှင့်ပုစွန်မွေးမြူရေးဆိုင်ရာ ဘာသာရပ်များ ထည့်သွင်းသင်ကြားပို့ချနိုင်ရေး ဆောင်ရွက်သွားရန်၊ စိုက်ပျိုးရေးထုတ်ကုန်များတွင် အလားအလာရှိသည့် လက်ဖက်၊ ကော်ဖီ၊ မက်ကဒေးမီးယား၊ သီဟိုဠ်၊ ထောပတ်၊ ကိုကိုး စသည့်သီးနှံများကို တိုးချဲ့စိုက်ပျိုးကြရန်နှင့် တန်ဖိုးမြှင့်ထုတ်ကုန်များထုတ်လုပ်နိုင်ရေး ပညာရှင်များနှင့်ဆွေးနွေးပွဲများ ဆောင်ရွက်သွားရန် မှာကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က နိဂုံးချုပ် အမှာစကားပြောကြားရာတွင် ပညာရေးနှင့်ပတ်သက်၍ ၂၀၂၃-၂၀၂၄ ပညာသင်နှစ်တွင် အခြေခံပညာကျောင်း လေးသောင်းသုံးထောင်ကျော် ဖွင့်လှစ်နိုင်ခဲ့ပြီး ကျောင်းသားကျောင်းသူ ရှစ်သန်းကျော် ကျောင်းအပ်နှံခဲ့ပါကြောင်း၊ ယခင်ပညာသင်နှစ် ကျောင်းသားကျောင်းသူများထက် တစ်သန်းကျော် ပိုမိုသည်ကို တွေ့ရပါကြောင်း၊ အဆိုပါကျောင်းသားကျောင်းသူများအားလုံး ပညာသင်နှစ်ပြီးဆုံးသည်အထိ အပြည့်အဝ ကျောင်းတက်နိုင်ရေးနှင့် အဆင့်လိုက် အတန်းကူးပြောင်းမှု ရာခိုင်နှုန်းမြင့်မားရေးအတွက် သက်ဆိုင်ရာအလိုက် ကြိုးပမ်းဆောင်ရွက်သွားရန်လိုအပ်ကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် တစ်မျိုးသားလုံးနှင့်သက်ဆိုင်သည့် ကိစ္စဖြစ်သဖြင့် ပညာရေးဝန်ကြီးဌာနသာမက အခြားဝန်ကြီးဌာနများကလည်း ဝိုင်းဝန်းကူညီဆောင်ရွက်သွားရန် လိုအပ်ကြောင်း။

ထို့ပြင် ကျောင်းများနှင့် ဆရာ ဆရာမများ လုံခြုံမှုရှိစေရေးအတွက်လည်း သက်ဆိုင်ရာဝန်ကြီးဌာနက လိုအပ်သည်များကို စီစဉ်ဆောင်ရွက်ပေးသွားရန် လိုအပ်ပါကြောင်း၊ ကျောင်းသား ကျောင်းသူများ စိတ်ဓာတ်မြင့်မားရေးအတွက် စာသင်ကျောင်းများ၏ ဥပဓိရုပ်ကောင်းမွန်ရန်နှင့် သင်ထောက်ကူပစ္စည်းများ ပြည့်စုံမှုရှိစေရေးအတွက် ဝန်ကြီးဌာနအလိုက် ဝိုင်းဝန်းကူညီဆောင်ရွက်ပေးကြရမည်ဖြစ်ကြောင်း၊ ယခု အခြေခံပညာကျောင်းများသည် KG+12 အထိရှိသဖြင့် ကျောင်းများအဆင့်မြှင့်တင်ရာတွင် သတ်မှတ်ထားသည့် မြေနေရာအကျယ်အဝန်းနှင့် ကျောင်းအင်္ဂါရပ်များ ပြည့်စုံကောင်းမွန်စေရန် ကြိုတင်စီမံဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ ထို့ပြင်ကျောင်းသုံးပရိဘောဂများကိုလည်း တစ်နိုင်ငံလုံးအနေဖြင့် တစ်ပြေးညီ

ဖြစ်စေရန် တစ်ဆင့်ချင်းအလိုက် ပြုပြင်ဖြည့်ဆည်းပေးနိုင်ရေး စီမံဆောင်ရွက်သွားရမည်ဖြစ်ကြောင်း။

ဝန်ကြီးဌာနများအလိုက် ငွေလုံးငွေရင်းအသုံးစရိတ်နှင့် သာမန်အသုံးစရိတ်များကို သုံးစွဲရာတွင် အလွဲသုံးစားမှုများ မရှိရေးနှင့် မှန်မှန်ကန်ကန်ဖြစ်စေရေးအတွက် တာဝန်ရှိသူများက စိစစ်ကြပ်မတ်ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ အသုံးစရိတ်များကို သုံးစွဲရာတွင် အမှန်တကယ်သုံးစွဲရမည့် ကိစ္စရပ်များကိုသာ သုံးစွဲကြရန်နှင့် မသုံးစွဲသင့်သည်များကို မသုံးစွဲရေး ကြပ်မတ်ဆောင်ရွက်ကြရန် လိုအပ်ကြောင်း။

မိုခါမုန်တိုင်းဒဏ်သင့်ဒေသများ ပြည်လည်ထူထောင်ရေးဆောင်ရွက်ရာတွင် အမျိုးနှင့်သက်ဆိုင်သည့် ဆေးရုံ၊ စာသင်ကျောင်း၊ ဘာသာရေးအဆောက်အအုံ၊ ရုံးဌာနအဆောက်အအုံများကို ဦးစားပေးအနေဖြင့် အမြန်ဆုံးပြန်လည်ပြင်ဆင်တည်ဆောက်ရန်နှင့် မုန်တိုင်းဒဏ်သင့်ဒေသများ ပြန်လည်ထူထောင်ရေးနှင့် ကူညီကယ်ဆယ်ရေးလုပ်ငန်းများကို သက်ဆိုင်ရာဝန်ကြီးဌာနအားလုံးက အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်သွားကြရန် တိုက်တွန်းလိုပါကြောင်း။

တိုင်းပြည်ဝင်ငွေရရှိရေးနှင့်ပတ်သက်၍ အခွန်အခများ ပြည့်ပြည့်ဝဝမှန်မှန်ကန်ကန်ရရှိရေး ဆောင်ရွက်သွားကြရမည်ဖြစ်ပြီး ထွက်ကုန်ပစ္စည်းများ ပေါများစွာ ထုတ်လုပ်နိုင်ရေးကိုလည်း ဝိုင်းဝန်းကြိုးစား ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ ထို့ပြင် ပြည်ပဈေးကွက်ခိုင်မာစွာတည်ရှိသည့် ပြောင်း၊ နှမ်း၊ မတ်ပဲ၊ ကုလားပဲ၊ ပဲစင်းငုံ၊ ပဲတီစိမ်း စသည့်သီးနှံများကို တိုးချဲ့စိုက်ပျိုးရန်လိုအပ်ကြောင်း၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ စွမ်းအားပြည့်ဆောင်ရွက်ပြီး ထုတ်ကုန်များကို တိုးတက်အောင် ထုတ်လုပ်နိုင်ပါက တိုင်းပြည်ဝင်ငွေပိုမိုရရှိမည်ဖြစ်သည့်အပြင် နိုင်ငံခြားဝင်ငွေ လိုအပ်ချက်ကိုလည်း အတိုင်းအတာတစ်ခုအထိ ဖြည့်ဆည်းပေးနိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် ကုန်ထုတ်လုပ်မှုတိုးတက်အောင် အားလုံးဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရန် တိုက်တွန်းလိုကြောင်း မှာကြားခဲ့သည်။

■ ■ ■

# နိုင်ငံကုန်ထုတ်လုပ်မှုမြှင့်တင်ရေးအစည်းအဝေး၌ ပြောကြားသည့် အမှာစကား

## ( ၁၅ - ၇ - ၂၀၂၃ )



နိုင်ငံကုန်ထုတ်လုပ်မှုမြှင့်တင်ရေး အစည်းအဝေးကို ဇူလိုင်လ ၁၅ ရက်နေ့ မွန်းလွဲ ၁ နာရီခွဲတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်အမှာစကား ပြောကြားသည်။

အစည်းအဝေးသို့ ကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီး မိုးမြင့်ထွန်း၊ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၏ အကြံပေးပုဂ္ဂိုလ် ဒုတိယဗိုလ်ချုပ်ကြီးညိုစော၊ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်အစိုးရအဖွဲ့များမှဝန်ကြီးချုပ်များ၊ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က အဖွင့်အမှာစကားပြောကြားရာ၌ ယနေ့အစည်းအဝေးတွင် လူဦးရေအရများပြားသည့်၊ အဓိကသီးနှံများ စိုက်ပျိုးထုတ်လုပ်သည့်၊ မွေးမြူရေးလုပ်ငန်းများနှင့် MSME ကုန်ထုတ်လုပ်ငန်းများတွင် အားအကောင်းဆုံးဖြစ်သည့် တိုင်းဒေသကြီးနှင့်ပြည်နယ်များမှ ဝန်ကြီးချုပ်များကို ဖိတ်ခေါ်၍ အစည်းအဝေးတက်ရောက်စေခြင်းဖြစ်ကြောင်း၊ ယခုတက်ရောက်လာသည့် တိုင်းဒေသကြီးနှင့် ပြည်နယ်များနှင့် နေပြည်တော်ကောင်စီနယ်မြေတို့၏ စုစုပေါင်းလူဦးရေမှာ သန်း ၄၀ ကျော် (နိုင်ငံလူဦးရေ၏ ၅ ပုံ ၄ ပုံ)ရှိပြီး စိုက်ပျိုးမြေအနေဖြင့်လည်း ဧကသန်းပေါင်း ၄၀ ကျော်ရှိခြင်းကြောင့် နိုင်ငံ့စီးပွားမြှင့်တင်ရေးအတွက် အဓိကကျသည့် တိုင်းဒေသကြီးနှင့် ပြည်နယ်များဖြစ်ကြောင်း။

ကုန်ထုတ်လုပ်မှုမြှင့်တင်ရေး ဆောင်ရွက်ရာတွင် ပြည်တွင်းသုံးစွဲမှု၊ စားသုံးမှု ဖူလုံအောင် ဆောင်ရွက်ရေး၊ ပိုလျှံအောင်ထုတ်လုပ်၍ ပြည်ပပို့ကုန်တိုးမြှင့်ရေးနှင့် ပြည်ပသွင်းကုန်များအား အစားထိုးထုတ်လုပ်နိုင်ရေး ဟူ၍ အပိုင်းသုံးပိုင်းခွဲခြားဆောင်ရွက်ရမည်ဖြစ်ကြောင်း၊

ပြည်တွင်း၌ ပြည်သူအများစု နေ့စဉ်သုံးစွဲ စားသုံးနေရသည့် စိုက်ပျိုး၊ မွေးမြူရေးထုတ်ကုန်များကို ပြည်တွင်းဖူလုံမှုကို ဦးစားပေး၍ ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ အများစု သုံးစွဲခြင်း မဟုတ်ဘဲ ပြည်ပပို့ကုန်အဖြစ် တင်ပို့နိုင်သည့် ထုတ်ကုန်များကိုမူ ပို့ကုန်အဖြစ် ပိုမိုတင်ပို့နိုင်ရေး ဆောင်ရွက်နိုင်ကြောင်း။

**အောင်မြင်အောင် ဆောင်ရွက်လိုစိတ်ရှိရန်လို**

မိမိတို့အနေဖြင့် ၂၀၂၂ ခုနှစ်တွင် နိုင်ငံ့စီးပွားမြှင့်တင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ခဲ့ကြောင်း၊ ကုန်သွယ်မှုလုပ်ငန်းများ တိုးတက်ရေးအတွက် ထုတ်ကုန်များ တင်ပို့ခြင်းနှင့် မြေပေါ်မြေအောက် သယံဇာတပစ္စည်းများ တင်ပို့ရောင်းချခြင်းများရှိကြောင်း၊ မြေပေါ်မြေအောက်သဘာဝ သယံဇာတများထုတ်လုပ်ခြင်းကို နိုင်ငံ၏ ရေရှည်အကျိုးစီးပွားကိုကြည့်၍ ထိန်းချုပ်ဆောင်ရွက်လျက်ရှိကြောင်း၊ မိမိတို့နိုင်ငံ၏ ဂျီဒီပီမှာ မိမိတို့နိုင်ငံ၏ ရေမြေသဘာဝနှင့် တူညီသည့် ဒေသတွင်းနိုင်ငံများ၏ ဂျီဒီပီနှင့် နှိုင်းယှဉ်ပါက များစွာကွာခြားလျက်ရှိနေသေးကြောင်း၊ ဂျီဒီပီတိုးတက်ရေးအတွက် လုပ်ငန်းဆောင်ရွက်နေသူများအားလုံး လုပ်ငန်းများအလိုက် အောင်မြင်အောင် ဆောင်ရွက်လိုစိတ်ရှိရန်လိုကြောင်း။

စိုက်ပျိုးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် သီးနှံအထွက်နှုန်းကို ပန်းတိုင်ရည်မှန်းချက် ပြည့်မီအောင် ဆောင်ရွက်ခြင်းနှင့် စွမ်းအားပြည့် စိုက်ပျိုးခြင်းဆိုသည့် အချက်နှစ်ချက်ကိုအလေးထားဆောင်ရွက်ရန်လိုကြောင်း၊ သီးနှံအထွက်နှုန်းကို ပန်းတိုင်ရည်မှန်းချက် ပြည့်မီစေရေး စိုက်ပျိုးသီးနှံအလိုက် လိုအပ်သည့် "မျိုး၊ မြေ၊ ရေ၊ နည်း" ဆိုသည့် မျိုးကောင်းမျိုးသန့်ရရှိရေး၊ လိုအပ်သည့် သဘာဝမြေဩဇာ၊ ဓာတ်မြေဩဇာနှင့် မြေပြုပြင်မှုများဆောင်ရွက်ခြင်း၊ စိုက်ပျိုးရေလုံလောက်စွာရရှိရေး၊ စိုက်နည်းစနစ်မှန်ကန်ရေးတို့ကို ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ စွမ်းအားပြည့် စိုက်ပျိုးနိုင်ရေးအတွက် စိုက်ပျိုးမြေအားလုံး သီးထပ် စွမ်းအားပြည့် စိုက်ပျိုးနိုင်ရေး ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ထိုသို့ ဆောင်ရွက်နိုင်ခြင်းဖြင့် ထုတ်လုပ်မှုကုန်ကျစရိတ် လျှော့ချနိုင်ခြင်း၊ သီးနှံအထွက်နှုန်း တိုးတက်ခြင်း၊ အလုပ်အကိုင် ဖန်တီးနိုင်စွမ်းတိုးတက်ခြင်း၊ ပြည်တွင်းဖူလုံမှုရှိခြင်းနှင့် ပြည်ပပို့ကုန်တိုးမြှင့်နိုင်ခြင်းတို့ကို ဆောင်ရွက်နိုင်ပြီး နိုင်ငံ့စီးပွားတိုးတက်လာမည်ဖြစ်ကြောင်း။

မွေးမြူရေးနှင့်ပတ်သက်၍ မိမိတို့နိုင်ငံတွင် လူဦးရေ ၅၅ သန်းခန့်ရှိပြီး အသား၊ ငါး၊ ဥ၊ နို့များနှင့်စားသောက်ကုန်များ နေ့စဉ်လိုအပ်ချက်များရှိကြောင်း၊ ပြည်နယ်နှင့် တိုင်းဒေသကြီးများအလိုက် ဒေသတွင်း ဖူလုံနေရုံဖြင့် ကျေနပ်နေခြင်းမရှိဘဲ တစ်နိုင်ငံလုံး ဖူလုံမှုရှိရေးအတွက် စဉ်းစားဆောင်ရွက်နေရန်လိုကြောင်း၊ အသား၊ ငါးများ ထုတ်လုပ်မှုနှင့် စားသုံးမှု ညီညွတ်မျှတမည်ဆိုပါက ဈေးနှုန်းကြီးမြင့်မှုကို ဖြစ်ပေါ်စေမည် မဟုတ်ကြောင်း၊ မွေးမြူရေးလုပ်ငန်းများဆောင်ရွက်ရာတွင် မိရိုးဖလာမွေးမြူခြင်းများထက် စနစ်တကျဖြင့် မွေးမြူဆောင်ရွက်မည်ဆိုပါက ထုတ်လုပ်မှုများ တိုးတက်လာမည်ဖြစ်ကြောင်း၊ မွေးမြူရေးထုတ်ကုန်များ တိုးတက်ထုတ်လုပ်နိုင်ရေး တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် အလေးထား ကြိုးပမ်းဆောင်ရွက်ကြရန်လိုကြောင်း။

ဝတ်ရေးနှင့်ပတ်သက်၍ လိုအပ်သည့် အခြေခံကုန်ကြမ်းဖြစ်သည့် ဝါစိုက်ပျိုးမှုများမှာ ၂၀၁၆ ခုနှစ်မှစတင်၍ များစွာလျော့နည်းသွားကြောင်း၊ တစ်နိုင်ငံလုံး ဝါလိုအပ်ချက်မှာ ပိဿာချိန် ၃၆၃ ဒသမ ၂၂ သန်း၊ ဖြစ်ပြီး မိမိတို့နိုင်ငံ၏ ဝါထွက်ရှိနှုန်းမှာ ၂၀၁ သန်းခန့်သာရှိကြောင်း၊ သတ်မှတ်ဝါအထွက်နှုန်းဖြစ်သည့် တစ်ဧကပိဿာချိန် ၇၀၀ တိုးတက်အောင် ဆောင်ရွက်နိုင်မည်ဆိုပါက ပြည်တွင်း ဝါလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်မည် ဖြစ်သကဲ့သို့ ပိုလျှံမှုများ ဖြစ်ပေါ်လာပါက ပြည်ပသို့တင်ပို့နိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် ဝါစိုက်ပျိုးနိုင်သည့် တိုင်းဒေသ

> **မိမိတို့နိုင်ငံ၏ ဂျီဒီပီမှာ မိမိတို့နိုင်ငံ၏ ရေမြေသဘာဝနှင့် တူညီသည့် ဒေသတွင်း နိုင်ငံများ၏ ဂျီဒီပီနှင့် နှိုင်းယှဉ်ပါက များစွာကွာခြားလျက်ရှိနေသေး၊ ဂျီဒီပီတိုးတက်ရေးအတွက် လုပ်ငန်းဆောင်ရွက်နေသူများအားလုံး လုပ်ငန်းများအလိုက် အောင်မြင်အောင် ဆောင်ရွက်လိုစိတ် ရှိရန်လို။**

ကြီးနှင့် ပြည်နယ်များအနေဖြင့် ဝါစိုက်ပျိုးမှုကို အားပေးဆောင်ရွက်ရန်လိုကြောင်း၊ အထွက်နှုန်းကောင်းပြီး အဆင့်မီသည့်ချည်များထုတ်လုပ်နိုင်သည့်ဝါမျိုးကောင်းများ ရရှိရေး ဆောင်ရွက်ရန်လိုကြောင်း။

**ကျယ်ပြန့်စွာဆွေးနွေးရန်လိုအပ်**

ပြည်တွင်းလိုအပ်ချက်ဖြစ်သည့် ထုတ်ကုန်ပစ္စည်းများကို ပြည်တွင်း၌လုံလောက်စွာ ထုတ်လုပ်နိုင်မည်၊ ပြည်တွင်းမှထုတ်လုပ်သည့် စိုက်ပျိုးရေးနှင့် မွေးမြူရေးထုတ်ကုန်များကို ပြည်ပသို့ တင်ပို့နိုင်မည်ဆိုပါက နိုင်ငံအတွက် များစွာအကျိုးဖြစ်ထွန်းစေမည်ဖြစ်ကြောင်း၊ ထို့ကြောင့် ယနေ့ကျင်းပပြုလုပ်သည့် အစည်းအဝေးတွင် တက်ရောက်လာကြသည့် ပြည်ထောင်စုဝန်ကြီးများနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များအနေဖြင့် မိမိတို့ဒေသနှင့် နယ်ပယ်အလိုက် ဆောင်ရွက်ထားရှိမှုများ၊ လိုအပ်ချက်များကိုကျယ်ပြန့်စွာဆွေးနွေးရန် လိုအပ်ကြောင်း ပြောကြားသည်။

ထို့နောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ရှမ်းပြည်နယ်နှင့် ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ်တို့က ဒေသအလိုက် မိုးစပါး၊ နွေစပါး၊ ဆီထွက်သီးနှံ၊ ဝါသီးနှံ၊ နှစ်ရှည်သီးနှံနှင့် အခြားသီးနှံများ စိုက်ဧကအခြေအနေ၊ ဒေသတွင်း ဆန်ဖူလုံမှု၊ လိုအပ်မှုနှင့် ပိုလျှံမှု၊ ဒေသတွင်း ဆီဖူလုံမှု၊ လိုအပ်မှုနှင့် ပိုလျှံမှု၊ စိုက်ဧက တိုးချဲ့စိုက်ပျိုးနိုင်ရေးဆောင်ရွက်နေမှုနှင့် ဆက်လက်ဆောင်ရွက်သွားမည့် အခြေအနေ၊ သီးထပ်တိုးချဲ့စိုက်ပျိုးနိုင်ရေး ဆောင်ရွက်နေမှုနှင့် ဆက်လက်ဆောင်ရွက်သွားမည့် အခြေအနေ၊ တစ်ဧကအထွက်နှုန်းတိုးတက်ရေးနှင့်ပန်းတိုင်ရည်မှန်းချက်ပြည့်မီရေး ဆောင်ရွက်ထားရှိမှုများ၊ ဒေသခံတောင်သူများထံ သွင်းအားစုများနှင့် သဘာဝမြေသြဇာနှင့် ဓာတ်မြေသြဇာများ ဖြန့်ဖြူးပေးနေမှု၊ သားငါးထုတ်လုပ်မှု၊ လိုအပ်မှုနှင့်ပိုလျှံမှု၊ ဒေသအလိုက် စားရေရိက္ခာဖူလုံရေးအတွက် မွေးမြူရေးလုပ်ငန်းများဆောင်ရွက်ထားရှိမှုနှင့် တိုးချဲ့ဆောင်ရွက်သွားမည့် အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြမှုများနှင့်စပ်လျဉ်း၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ဖြည့်စွက်မှာကြားရာ၌ စိုက်ပျိုးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် မျိုး၊ မြေ၊ ရေ၊ နည်း လေးမျိုးလုံး ပြည့်စုံစွာဖြင့် ဆောင်ရွက်နိုင်မှသာ အထွက်နှုန်းများ တိုးတက်မည်ဖြစ်ကြောင်း၊ သီးနှံများထုတ်လုပ်ရာတွင် ပြည်တွင်းဈေးကွက်နှင့် ပြည်ပဈေးကွက် လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရန်နှင့် အရည်အသွေး ကောင်းမွန်မှုရှိစေရန် ထုတ်လုပ်ရမည်ဖြစ်ကြောင်း၊ မွေးမြူရေးလုပ်ငန်းများကိုလည်း ခေတ်မီ နည်းစနစ်များအသုံးပြု၍ ဆောင်ရွက်ကြမည်ဆိုပါက ဒေသအလိုက် အသား၊ ငါးနှင့် ဥ လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်မည်ဖြစ်ကြောင်း၊ လယ်ယာမြေများ၌ သတ်မှတ်ထားသည့် သီးနှံများစိုက်ပျိုးရေးနှင့် အခြားနည်းများဖြင့် သုံးစွဲမှုမရှိစေရေး တာဝန်ရှိသူများအနေဖြင့် ဥပဒေနှင့်အညီ ကြပ်မတ်ဆောင်ရွက်နေရန်လိုကြောင်း၊ စိုက်ပျိုးရေးနှင့်ပတ်သက်၍ တိုင်းဒေသကြီးနှင့်

> **မိမိတို့နိုင်ငံမှထွက်ရှိသည့် စိုက်ပျိုးမွေးမြူရေးထွက်ကုန်များကို ဒေသတွင်း၌ လိုအပ်ချက်ရှိသည့်နိုင်ငံများသို့ တင်ပို့နိုင်၊ ထို့ကြောင့် လိုအပ်ချက်ရှိသည့် သီးနှံထွက်ကုန်များကို စိုက်ပျိုးရေး သုတေသန၊ ဈေးကွက်သုတေသနများပြုလုပ်၍ စိုက်ပျိုးပြီး တင်ပို့ဆောင်ရွက်ရန်လို၊ ပြည်တွင်း၌ အဓိကလိုအပ်သည့် သီးနှံများ၊ ပြည်ပတင်ပို့မှုအတွက် အဓိကလိုအပ်သည့်သီးနှံများကို အောင်မြင်ဖြစ်ထွန်းအောင် ဆောင်ရွက်ကြရန်နှင့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို အခြေခံသည့် ထွက်ကုန်များကို အသုံးပြု၍ MSME ကုန်ထုတ်လုပ်ငန်းများကို တိုးတက်အောင် အလေးထားဆောင်ရွက်ပြီး ကုန်ထုတ်စွမ်းအားများ မြှင့်တင်ရေး ကြိုးပမ်းဆောင်ရွက်ကြစေလို။**

ပြည်နယ်များ၏ အစီအစဉ်ဖြင့် ထိရောက်အကျိုးရှိသည့် တစ်ပိုင်တစ်နိုင် မြစ်ရေတင် လုပ်ငန်းများကို ဆောင်ရွက်ရန်လိုကြောင်း၊ သဘာဝသစ်စိမ်းမြေဩဇာဖြစ်သည့် ပိုက်ဆံလျှော်စိုက်ပျိုး၍ မြေပြုပြင်ခြင်းကို ဆောင်ရွက်ရာ၌ အလားအလာကောင်းသည်ကိုတွေ့ရကြောင်း၊ ပိုက်ဆံလျှော် စိုက်ပျိုးခြင်းဖြင့် ရရှိနိုင်သည့် အကျိုးကျေးဇူး၊ ပိုက်ဆံလျှော်နှင့် သဘာဝမြေဩဇာများ ပေါင်းစပ်အသုံးပြုပါက ရရှိနိုင်မည့်အကျိုးကျေးဇူး၊ ပိုမိုထိရောက်စေရေး ထပ်မံဖြည့်ဆည်းပေးရမည့် ပစ္စည်းများနှင့် ဒေသအလိုက် စိုက်ပျိုးပါက ရရှိနိုင်သည့် အကျိုးကျေးဇူးများကိုသက်ဆိုင်ရာ ဝန်ကြီးဌာနမှ သုတေသနပြု ဆောင်ရွက်ရန်လိုကြောင်း မှာကြားသည်။

**ရှင်းလင်းတင်ပြ**

ယင်းနောက် ကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီး မိုးမြင့်ထွန်းနှင့် ပြည်ထောင်စုဝန်ကြီးများက စိုက်ပျိုးရေးလုပ်ငန်းများအတွက် လိုအပ်သည့် ဓာတ်မြေဩဇာများ ရရှိရေး စီမံဆောင်ရွက်ပေးလျက်ရှိမှု၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ တိုးတက်ရေးအတွက် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေများ ထုတ်ပေးထားမှု၊ လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ရာသီအလိုက် ချေးငွေများထုတ်ချေးပေးလျက်ရှိမှု၊ သီးနှံများစိုက်ပျိုးလျက်ရှိမှု၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများနှင့် မွေးမြူရေးလုပ်ငန်းများ တိုးတက်စေရေး သမဝါယမအသင်းအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်ပေးလျက်ရှိမှု၊ ပြည်ပနိုင်ငံများသို့ တင်ပို့နိုင်သည့် စိုက်ပျိုးရေး ထွက်ကုန်များအတွက် ပြည်ပဈေးကွက် ရရှိနိုင်မှု၊ တပ်မတော်မှ တပ်ပိုင်နှင့် တစ်ပိုင်တစ်နိုင် စိုက်ပျိုးရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှုနှင့် စိုက်ပျိုးမြေများကို အကျိုးရှိစွာ အသုံးချနိုင်ရေး ဆောင်ရွက်လျက်ရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က နိဂုံးချုပ်အမှာစကားပြောကြားရာတွင် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများနှင့်ပတ်သက် ၍ နိုင်ငံတကာ၌ ရင်းနှီးမြှုပ်နှံမှုဆောင်ရွက်နေသည့် အနေအထားများ၊ ၎င်းကဏ္ဍ၌ ရင်းနှီးမြှုပ်နှံမှု တိုးတက်လာအောင် ဆောင်ရွက်နိုင်မည့် နည်းလမ်းများ၊ မြေယာဥပဒေနှင့်အညီ ဆောင်ရွက်သွားရန်လိုအပ်ချက်များကို ဆွေးနွေးပြောကြားပြီး လုပ်ငန်းများ လုပ်ဆောင်ရာတွင် လယ်ယာကဏ္ဍကြီးကို အခြေခံပြီး စက်မှုလုပ်ငန်းသို့ သွားရန်လိုအပ်ကြောင်း၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို ဆောင်ရွက်ရာတွင် သမဝါယမစနစ်ကို ကျင့်သုံးပြီး အစုအဖွဲ့များဖြင့် ဆောင်ရွက်ရန် လိုအပ်သကဲ့သို့ စုပေါင်းဆောင်ရွက်သည့် အလေ့အကျင့်ကောင်းများ ရရှိအောင် ဆောင်ရွက်ရန်လိုအပ်ကြောင်း၊ မိမိတို့အနေဖြင့် တောင်သူလယ်သမားများ၏အကျိုးကို ဖော်ဆောင်ပေးရန်လိုကြောင်း၊ နိုင်ငံတစ်ခုဖွံ့ဖြိုးတိုးတက်ရေး လယ်ယာကဏ္ဍ၊ စက်မှုကဏ္ဍနှင့် ဝန်ဆောင်မှုကဏ္ဍ စသည့်ကဏ္ဍ သုံးခုဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ရကြောင်း၊ ထိုအထဲမှ လယ်ယာကဏ္ဍကြီးသည် အဓိကကျသည့် အခန်းကဏ္ဍတွင် ပါဝင်ကြောင်း၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများမှ ထွက်ရှိသည့် ထွက်ကုန်များကို အခြေခံ၍ MSME လုပ်ငန်းများကို ဆောင်ရွက်ပြီး ကုန်ထုတ်လုပ်မှုများကို ဆောင်ရွက်နိုင်သဖြင့် တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များအနေဖြင့် ကုန်ထုတ်လုပ်မှုများ တိုးတက်စေရေး ကြိုးပမ်းဆောင်ရွက်ကြစေလိုကြောင်း၊ စိုက်ပျိုးမြေများကို ဧကကွက်များဖြင့် ဆောင်ရွက်နိုင်မည်ဆိုပါက စက်မှုလယ်ယာအဖြစ် ဆောင်ရွက်နိုင်မည်ဖြစ်သဖြင့် ထုတ်လုပ်မှုကုန်ကျစရိတ်များလျော့နည်းပြီး အထွက်နှုန်းများ တိုးတက်လာမည်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံမှထွက်ရှိသည့် စိုက်ပျိုးမွေးမြူရေး ထွက်ကုန်များကို ဒေသတွင်း၌ လိုအပ်ချက်ရှိသည့် နိုင်ငံများသို့ တင်ပို့နိုင်ကြောင်း၊ ထို့ကြောင့် လိုအပ်ချက်ရှိသည့် သီးနှံထွက်ကုန်များကို စိုက်ပျိုးရေး သုတေသန၊ ဈေးကွက်သုတေသနများပြုလုပ်၍ စိုက်ပျိုးပြီး တင်ပို့ဆောင်ရွက်ရန် လိုကြောင်း၊ ပြည်တွင်း၌ အဓိကလိုအပ်သည့် သီးနှံများ၊ ပြည်ပတင်ပို့မှုအတွက် အဓိကလိုအပ်သည့် သီးနှံများကို အောင်မြင်ဖြစ်ထွန်းအောင် ဆောင်ရွက်ကြရန်နှင့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို အခြေခံသည့် ထွက်ကုန်များကို အသုံးပြု၍ MSME ကုန်ထုတ်လုပ်ငန်းများကိုတိုးတက်အောင် အလေးထားဆောင်ရွက်ပြီး ကုန်ထုတ်စွမ်းအားများ မြှင့်တင်ရေး ကြိုးပမ်းဆောင်ရွက်ကြစေလိုကြောင်း မှာကြားခဲ့သည်။

■ ■ ■

# ကမ္ဘာပေါ်ရှိ ထိုင်တော်မူ ကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်လာမည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပြီးစီးမှုနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည့် အမှာစကား

( ၁၆ - ၇ - ၂၀၂၃ )



ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဒက္ခိဏသီရိ မြို့နယ်အတွင်း တည်ထားကိုးကွယ်လျက်ရှိသည့် ကမ္ဘာပေါ်ရှိထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်လာမည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပြီးစီးမှုအခြေအနေများ ရှင်းလင်းပြသခြင်း အခမ်းအနားကို ဇူလိုင်လ(၁၃)ရက်နေ့ နံနက်ပိုင်းတွင် ကျင်းပပြုလုပ်သည်။

**တက်ရောက်**

အခမ်းအနားသို့ ယာယီသမ္မတ ဦးမြင့်ဆွေနှင့်ဇနီး ဒေါ်ခင်သက်ဌေး၊ ဦးဆောင်ဘုရားဒါယကာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ၊ နိုင်ငံတော်သမ္မတ(ငြိမ်း)ဦးသိန်းစိန်၊ တပ်မတော်အငြိမ်းစား အရာရှိကြီးများနှင့်ဇနီးများ၊ ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊လေ)ဗိုလ်ချုပ်ကြီးမောင်မောင်အေးနှင့်ဇနီး၊ ပြည်ထောင်စုဝန်ကြီးများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများနှင့်ဇနီးများ၊ နေပြည်တော်တိုင်း စစ်ဌာနချုပ်တိုင်းမှူးနှင့် တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ကြသည်။

ဦးစွာ ဦးဆောင်ဘုရားဒါယကာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ကမ္ဘာပေါ်ရှိထိုင်တော်မူ ကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်လာမည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ထားကိုးကွယ်ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားရာ **မြန်မာနိုင်ငံတွင် ထေရဝါဒ ဗုဒ္ဓသာသနာတော်ကြီး ခိုင်မာစွာ ထွန်းလင်းတောက်ပလျက်ရှိမှုအား ကမ္ဘာကိုပြသရန်၊ မြန်မာနိုင်ငံသည် ထေရဝါဒဗုဒ္ဓဘာသာကိုးကွယ်မှု၏**

**ဗဟိုချက်ဖြစ်စေရန်၊ နိုင်ငံတော်ကြီး သာယာဝပြောမှုရှိစေရန်၊ ကမ္ဘာကြီးငြိမ်းချမ်းသာယာမှုဖြစ်စေရန်** စသည့် ရည်ရွယ်ချက် ၄ ရပ်ဖြင့် တည်ထားကိုးကွယ်ခဲ့မှု၊ ကျောက်တုံးတော်ကြီးများ တူးဖော်ခြင်းလုပ်ငန်းကို စနစ်တကျဖြင့် အဆင့်ဆင့် ဆောင်ရွက်ခဲ့မှု၊ ကျောက်တုံးတော်ကြီးအား ရတနာပုံခေတ်ဟန် ဘူမိဖဿမုဒြာ ဆင်းတုတော်ကြီးအဖြစ် တည်ထားကိုးကွယ်ရန် ဆောင်ရွက်ခဲ့မှု၊ ရုပ်ပွားတော်ကြီး ထုဆစ်မည့် ဆင်းတုတော်အပိုင်းများနှင့် ပလ္လင်တော်အပိုင်း ကျောက်တုံးတော်ကြီးများကို အပိုင်းလိုက်ခွဲ၍ ရေလမ်းကြောင်း၊ ကုန်းလမ်းကြောင်းများဖြင့် အခက်အခဲများကြားမှ အဆင့်ဆင့်ပင့်ဆောင်ခဲ့မှု၊ ကမ္ဘာ့အလေးချိန်အများဆုံး ရေလမ်းခရီးသယ်ဆောင်မှုနှင့် ကုန်းလမ်းခရီးသယ်ဆောင်မှုဖြစ်ခဲ့သည့် အခြေအနေများ၊ မာရဝိဇယဗုဒ္ဓဥယျာဉ်တော်ကြီး အဆင့်ဆင့် တည်ဆောက်နိုင်ရေး ဆောင်ရွက်ခဲ့မှု၊ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးနှင့် မာရဝိဇယဗုဒ္ဓဥယျာဉ်တော်ကြီး တည်ဆောက်ရေးလုပ်ငန်းများဆောင်ရွက်ရာတွင် နိုင်ငံတော် သံဃာ့မဟာနာယကဆရာတော်ကြီးများထံမှ ဩဝါဒ ခံယူဆောင်ရွက်ခဲ့မှု၊ ဩဝါဒါစရိယဆရာတော်ကြီးများ၏ ဩဝါဒမိန့်ကြားချက်များအရ ဆဋ္ဌသင်္ဂါယနာမူ ပိဋကတ်ကျမ်းစာများကို ကမ္ဘာကပါသိရှိနိုင်ရေးအတွက် စကျင်ကျောက်ချပ်များပေါ်၌ ခေတ်မီစက်ကိရိယာများ အသုံးပြုပြီး ပါဠိအက္ခရာ၊ Romanize Language တို့ဖြင့် ကျောက်စာတော်များ တည်ထားဆောင်ရွက်လျက်ရှိမှု၊ မုစလိန္ဒနဂါးရုံဘုရား တည်ထားရာတွင်လည်း ဩဝါဒါစရိယဆရာတော်ကြီးများ၏ ဩဝါဒခံယူလျက် ဝိနည်းမဟာဝါ ပါဠိတော်၊ ဝိနည်းမဟာဝါ အဋ္ဌကထာ၊ သာရတ္ထဋီကာ၊ မူလပဏ္ဏာသအဋ္ဌကထာ၊ ဥဒါန်းပါဠိတော်၊ ဇာတကအဋ္ဌကထာစသည့် ပိဋကတ်တော်လာအဆိုများနှင့် မဟာဗုဒ္ဓဝင်ကျမ်းဂန်တော်များနှင့်အညီ ပြည့်စုံစွာတည်ထားကိုးကွယ်ခဲ့မှု၊ ကမ္ဘာပေါ်ရှိ ဘုန်းတော်ကြီးကျောင်းများသို့ ဖြန့်ဝေရန်အတွက်လည်း ပိဋကတ်ကျမ်းစာအုပ်များကို ပါဠိအက္ခရာနှင့် Romanize Language တို့ဖြင့် ရိုက်နှိပ်ရန်နှင့် Tablet များဖြင့် ထည့်သွင်းနိုင်ရေး ဆောင်ရွက်လျက်ရှိမှု။

မာရဝိဇယရုပ်ပွားတော်မြတ်ကြီးတည်ဆောက်ရာတွင် ရေရှည်တည်တံ့ခိုင်မြဲမှုရှိစေရေး စနစ်တကျတွက်ချက်ဆောင်ရွက်ခဲ့မှု၊ ပလ္လင်တော်အပိုင်းများကို အဆင့်ဆင့်တွဲဆက်ခဲ့မှု၊ ရေပန်းရင်ပြင်နှင့် ရေပန်းဝိုင်းများ တည်ဆောက်ခြင်း လုပ်ငန်းဆောင်ရွက်ခဲ့မှု၊ မာရဝိဇယဗုဒ္ဓဥယျာဉ် တည်ဆောက်ခြင်းလုပ်ငန်းများ အဆင့်ဆင့်တိုးတက်လာမှု မှတ်တမ်းများ၊ ဘုရားဖူးလာပြည်သူများ အနားယူနိုင်ရန်အတွက် သုမ္ဗောဇရပ်များ တည်ဆောက်ထားရှိမှု၊ ရုပ်ပွားတော်မြတ်ကြီး၏ ဆင်းတုတော်အပိုင်းများအလိုက် CNC စက်ဖြင့် အဆင့်ဆင့်ထုဆစ်ခြင်းလုပ်ငန်းများဆောင်ရွက်ခဲ့မှု၊ မာရဝိဇယကျောင်းတော်နှင့် မုစလိန္ဒကန်တည်ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက်ခဲ့မှုနှင့် ကျည်းပင်များ စိုက်ပျိုးထားရှိမှု၊ မာရဝိဇယရုပ်ပွားတော်မြတ်ကြီး၏ ဆင်းတုတော်အပိုင်းများအား အဆင့်ဆင့်တွဲဆက်ခဲ့မှုများ ဆောင်ရွက်ခဲ့မှု၊ ဘုရားဖူးလာ မိဘပြည်သူများအနေဖြင့် ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား လာရောက်ဖူးမြော်ချိန်တွင် ကျောက်စာတိုက်အတွင်းရှိ ပိဋကတ်သုံးပုံတော်လာ အဋ္ဌကထာဋီကာ ကျမ်းစာများကို တစ်ပါတည်းလေ့လာနာယူ ကြည်ညိုနိုင်ရေး စကျင်ကျောက်ချပ်များပေါ်၌ ခေတ်မီစက်ကိရိယာများ အသုံးပြုပြီးပါဠိအက္ခရာ၊ Romanize Language တို့ဖြင့် ကျောက်စာတော်များ ထွင်းထု၍ ကျောက်စာရုံစေတီများ တည်ထားမှု၊ ဆင်းတုတော်ကြီး၏အပိုင်း(၁၊ ၂၊ ၃)တို့အား တွဲဆက်၍ ပင့်ထောင်ခြင်းလုပ်ငန်းနှင့် ပင့်ဆောင်ခြင်းလုပ်ငန်းများကို ခေတ်မီစက်ကိရိယာများ အသုံးပြု၍ မြန်မာနိုင်ငံ အင်ဂျင်နီယာကောင်စီနှင့် တပ်မတော်အင်ဂျင်နီယာ တပ်ဖွဲ့ဝင်များ ပူးပေါင်း၍ လုပ်ငန်းများ အောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့မှု၊ ရတနာပလ္လင်တော်ထက်တွင် ဌာပနာထည့်သွင်းပူဇော်ခြင်း မဟာမင်္ဂလာအခမ်းအနားများ ဆောင်ရွက်ခဲ့မှုနှင့် ပြည်ထောင်စု မြန်မာနိုင်ငံတော်တစ်ဝန်းလုံးမှ ခုနှစ်ရက်သား၊ သမီး၊ ဘုရားဒါယကာ၊ ဒါယိကာမများ၊ စေတနာရှင်၊ အလှူရှင်များက ကုသိုလ်ပြု လှူဒါန်းထားသည့် အဖိုးတန်ကျောက်မျက်ရတနာ ဌာပနာတော်ကုသိုလ်ပစ္စည်းများ ဌာပနာသွင်းလှူပူဇော်ခဲ့မှု၊ ဆင်းတုတော်အပိုင်းကြီးများကို အဆင့်ဆင့်ပင့်ဆောင်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ခဲ့မှု၊ သာသနာရေးဆိုင်ရာ အခမ်းအနားကြီးများကို ခမ်းနားသိုက်မြိုက်စွာဖြင့် ကျင်းပပြုလုပ်နိုင်သော သံဃာတော်အပါး ၉၀ဝ နှင့် လူပရိတ်သတ် ၁၂၀ဝ ဝင်ဆံ့နိုင်သည့် အလျား ၂၉၆ ပေ၊ အနံ ၂၁၃ ပေ၊ အမြင့် ၉၄ ပေရှိ သာသနာ့ဗိမာန် အဂ္ဂါဓိပတိ ဝိသုံဂါမသိမ်တော်ကြီးကို ခမ်းနားထည်ဝါစွာဖြင့်

တည်ဆောက်ထားမှုအခြေအနေများ၊ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးကို ဥဏ္ဏာလုံမွေးရှင်တော်မြတ် တပ်ဆင်ပူဇော်ခဲ့မှု၊ ရုပ်ပွားတော်မြတ်ကြီး ရေရှည်တည်တံ့ခိုင်မြဲစေရေး အတွက် လေပြင်းတိုက်ခတ်မှုဒဏ်ခံနိုင်ရေး၊ မြေငလျင်ဒဏ်ခံနိုင်ရေးနှင့် သဘာဝဘေးဒဏ်အန္တရာယ်များမှ ခံနိုင်မှုရှိစေရေး စနစ်တကျတွက်ချက်တည်ဆောက်ခဲ့မှုနှင့် ခေတ်မီနည်းပညာများ အသုံးပြုတည်ဆောက်ခဲ့မှု၊ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ခြင်းလုပ်ငန်းများ အဆင့်ဆင့်တိုးတက်လာမှု၊ ရင်ပြင်တော်ကြီး တည်ဆောက်ခြင်း လုပ်ငန်းဆောင်ရွက်ခဲ့မှု၊ ဂန္ဓကုဋိတိုက်များ တည်ဆောက်ထားရှိမှု၊ သက်ကြီးရွယ်အိုများ ဘုရားရင်ပြင်တော်ပေါ်သို့ တက်ရောက်ရာတွင် အဆင်ပြေမှုရှိစေရေး စက်လှေကားထည့်သွင်းတည်ဆောက်ထားရှိမှု၊ မဟာဗောဓိပင် စိုက်ပျိုးထားရှိမှုနှင့် လင်းလွန်းပင်နှင့် အင်ကြင်းတော စိုက်ပျိုးဆောင်ရွက်ရန် လျာထားဆောင်ရွက်လျက်ရှိမှု၊ ရေပန်းရင်ပြင်နှင့် ကျောက်စာရုံများ အဆင့်ဆင့်တိုးတက်လာမှု၊ ဗုဒ္ဓါဘိသေကအနေကဇာတင်အခမ်းအနားကျင်းပရန် ပြင်ဆင်နေမှုနှင့် ဘုရားကြီးတည်ဆောက်ပြီးစီးပါက တွေ့ရှိရမည့်အခြေအနေများကို ရှင်းလင်းပြောကြားသည်။

■ ■ ■

# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်လာမည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ထားကိုးကွယ်မှုအခြေအနေများနှင့်ပတ်သက်၍ ကြည်ညိုသဒ္ဓါ ပွားများနိုင်ရေး ရှင်းလင်းပြောကြားသည့် အမှာစကား

( ၂၃ - ၇ - ၂၀၂၃ )



ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိ မြို့နယ်အတွင်း တည်ထားကိုးကွယ်လျက်ရှိသည့် ကမ္ဘာ ပေါ်ရှိထိုင်တော်မူ ကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်လာမည့် မာရဝိဇယဗုဒ္ဓရုပ်ပွား တော်မြတ်ကြီး တည်ထားကိုးကွယ်မှုအခြေအနေများနှင့် ပတ်သက်၍ ကြည်ညိုသဒ္ဓါပွားများနိုင်ရေး ရှင်းလင်းပြသ ခြင်းအခမ်းအနားကို ဇူလိုင်လ(၂၃)ရက်နေ့ နံနက်ပိုင်းတွင် အဆိုပါ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ပရိဝုဏ် အတွင်းရှိ ယာယီရှင်းလင်းဆောင်၌ ကျင်းပပြုလုပ်သည်။

**တက်ရောက်**

အခမ်းအနားသို့ ဦးဆောင်ဘုရားဒါယကာ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၊ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီးမောင်မောင်အေး၊ ပြည်ထောင်စု ဝန်ကြီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့် တပ်မတော်အရာရှိကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ သာသနာနုဂ္ဂဟ ဘွဲ့ရ ပုဂ္ဂိုလ်အလှူရှင်များ၊ မိတ်ဖက်ကုမ္ပဏီများမှ အလှူရှင် များနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက် ရောက်ကြသည်။

ဦးစွာ ဦးဆောင်ဘုရားဒါယကာ နိုင်ငံတော်စီမံအုပ်ချုပ် ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓ ရုပ်ပွားတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်လာမည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ထားကိုးကွယ် ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားရာ၌ ယခု

အခမ်းအနားသို့ တက်ရောက်လာကြသည့် ဓမ္မမိတ်ဆွေများသည် ဘာသာ၊ သာသနာ ခိုင်မာထွန်းကားရေး၌လည်းကောင်း၊ နိုင်ငံ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင်လည်းကောင်း တိုးတက်မှုရှိစေရေး ကျရာအခန်းကဏ္ဍများမှ ပါဝင်ထမ်းဆောင်နေကြသူများဖြစ်ကြကြောင်း၊ ထို့ကြောင့် နိုင်ငံတော်အတွက် ဂုဏ်ယူဖွယ်ရာဖြစ်သည့် နေပြည်တော်တွင် မာရဝိဇယဘုရားကြီးတည်ထားကိုးကွယ်နေသည့် အခြေအနေများကို ကြည်ညိုသဒ္ဓါပွားများနိုင်ရေး သိရှိရန် လိုအပ်သည်ဟု ယူဆသဖြင့် ယခုကဲ့သို့ရှင်းလင်းပြသခြင်းဖြစ်ကြောင်း၊ ဇွန်လ ၂၉ ရက်နေ့တွင်လည်း သာသနာနုဂ္ဂဟအဖွဲ့ ရဟန်းတော်များ၊ ပြည်တွင်းဘဏ်များနှင့် ကုမ္ပဏီကြီးများမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ၊ အသင်းချုပ်မှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ပြည်တွင်းရုပ်သံလိုင်းများနှင့် ဆက်သွယ်ရေးအော်ပရေတာများမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ သတ္တုလုပ်ငန်း ကုမ္ပဏီများမှ တာဝန်ရှိပုဂ္ဂိုလ်များအား ပထမအကြိမ်အဖြစ် ရှင်းလင်းပြောကြားခဲ့ပြီးဖြစ်ကြောင်း၊ ယခုလ ၈ ရက်နေ့တွင်လည်း ယာယီသမ္မတ ဦးမြင့်ဆွေနှင့်ဇနီး ဒေါ်ခင်သက်ဌေး၊ နိုင်ငံတော်သမ္မတ(ငြိမ်း) ဦးသိန်းစိန်၊ တပ်မတော်အငြိမ်းစားအရာရှိကြီးများနှင့် ဇနီးများကို မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ထားကိုးကွယ်ခြင်းနှင့်ပတ်သက်၍ ဒုတိယအကြိမ်အဖြစ် ရှင်းလင်းပြသခဲ့ပါကြောင်း၊ ယခုအကြိမ်သည် တတိယအကြိမ်အဖြစ် ကြည်ညိုသဒ္ဓါပွားများနိုင်စေရေး ရှင်းလင်းပြောကြားခြင်းဖြစ်ကြောင်း။

မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ထားကိုးကွယ်ခြင်းနှင့်ပတ်သက်၍ ရည်ရွယ်ချက်မှာ မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ကြီး ခိုင်မာစွာထွန်းလင်းတောက်ပလျက်ရှိမှုကို ပြသရန်၊ မြန်မာနိုင်ငံသည် ထေရဝါဒဗုဒ္ဓဘာသာကိုးကွယ်မှု၏ ဗဟိုချက်ဖြစ်စေရန်၊ နိုင်ငံတော်ကြီး သာယာဝပြောမှုရှိစေရန်၊ ကမ္ဘာကြီး ငြိမ်းချမ်းသာယာမှုဖြစ်စေရန် စသည့်ရည်ရွယ်ချက် (၄) ရပ်ဖြင့် ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ မိမိတို့နိုင်ငံသည် ထေရဝါဒဗုဒ္ဓဘာသာစစ်စစ်ကို ကိုးကွယ်သည့် နိုင်ငံတစ်ခုဖြစ်ပြီး ဝိနည်းတော်များနှင့်အညီ လိုက်နာကျင့်သုံးသည့် ဗုဒ္ဓဘာသာ နိုင်ငံတစ်ခုဖြစ်ကြောင်း၊ မိမိတို့နိုင်ငံတွင် ထေရဝါဒဗုဒ္ဓဘာသာနှင့်ပတ်သက်၍ ခိုင်မာသော အခြေခံရှိခြင်းကြောင့် ထေရဝါဒဗုဒ္ဓဘာသာ မိမိတို့နိုင်ငံတွင် ခိုင်မာမှုရှိခြင်းကို ပြသနိုင်ရန်အတွက် ရည်ရွယ်ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ မြန်မာနိုင်ငံသည် ထေရဝါဒ ဗုဒ္ဓဘာသာကိုးကွယ်မှု၏ ဗဟိုချက်အဖြစ် ထေရဝါဒ ဗုဒ္ဓသာသနာတော် ပြန့်ပွားရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း၊ နိုင်ငံတော် သာယာဝပြောမှု ရှိမှုဆိုသည်မှာ ပြည်သူ၊ ပြည်သားအားလုံး အေးအေးချမ်းချမ်းဖြင့် နေထိုင်လုပ်ကိုင် စားသောက်နိုင်ရမည်ဖြစ်ပြီး စီးပွားလာဘ်လာဘများ တိုးတက်စေရမည်၊ ပျော်ပျော်ရွှင်ရွှင် ပညာသင်ကြားနိုင်ရမည်ဖြစ်ကြောင်း၊ ဗုဒ္ဓမြတ်စွာဘုရား၏ အေးမြသည့် အရိပ်အာဝါသအောက်တွင် အားလုံး လုံလုံခြုံခြုံအေးအေးချမ်းချမ်းဖြင့် သာယာပျော်ရွှင်စွာ နေထိုင်နိုင်ရေးဖြစ်ကြောင်း၊ ကမ္ဘာကြီး ငြိမ်းချမ်းသာယာမှုဖြစ်စေရန်ဆိုသည်မှာ ဗုဒ္ဓဘာသာ သာသနာတော်သည် ငြိမ်းချမ်းမှု၊ သာယာဝပြောမှုမေတ္တာတရားကို အလေးထားသည့် ဘာသာတရားတစ်ခုဖြစ်ကြောင်း၊ ဗုဒ္ဓဘာသာတရားကို အခြေခံ၍ ကမ္ဘာကိုမေတ္တာတရားများ ပြန့်ပွားလွှမ်းခြုံသွားမည်ဆိုပါက ကမ္ဘာကြီးသည်လည်း ငြိမ်းချမ်းသာယာမှုဖြစ်စေမည်မှာ မလွဲကေန်ပင် ဖြစ်ကြောင်း။

**အကြမ်းထည်ပုံဖော်နိုင်**

မာရဝိဇယဘုရားကြီး တည်ထားကိုးကွယ်ရန် ဆောင်ရွက်ခဲ့မှုနှင့်ပတ်သက်၍ ၂၀၁၇ ခုနှစ် နှောင်းပိုင်းတွင် ယခင်နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီး သန်းရွှေက ဘုရားကြီးတည်ထားကိုးကွယ်ရန်အတွက် ငွေးထံလှူဒါန်းထားသည့် စကျင်ကျောက်တော်ကြီးကို တပ်မတော်မှ ဦးဆောင်၍ဘုရားတည်ထားရန်အတွက် လွှဲအပ်ခဲ့ကြောင်း၊ အဆိုပါ ကျောက်တော်ကြီးကို တူးဖော်ရရှိရေး ကျွမ်းကျင်ပညာရှင်များဖြင့် အသေးစိတ်စစ်ဆေးဆောင်ရွက်ပြီး တွက်ချက်ဆောင်ရွက်ခဲ့ရာ ၂၀၁၈ ခုနှစ် အောက်တိုဘာလမှ စတင်တူးဖော်ခဲ့ပြီး ၂၀၁၉ ခုနှစ် မတ်လ၌ အမြင့် ၆၅ ပေ၊ ရှေ့အလျား ၅၄ ပေ၊ ဒု ပေ၂၀ ရှိ အရည် အသွေး A အဆင့်ရှိသည့် ကျောက်တော်ကြီးကို အကြမ်းထည် ပုံဖော်နိုင်ခဲ့ကြောင်း၊ ဆင်းတုတော် ထုဆစ်ရန်အတွက် တွက်ချက်ဆောင်ရွက်ရာတွင် အချို့ကျောက်သားနေရာများတွင် လိုအပ်ချက်များရှိခြင်းကြောင့် ကျောက်သားများ ထပ်မံထည့်သွင်းရန် စီစဉ်ဆောင်ရွက်ခဲ့ကြောင်း။

ဆင်းတုတော်ကြီး တည်ထားကိုးကွယ်ရန် ဆောင်ရွက်

ရာ၌ ခေတ်အလိုက်တည်ထားဆောင်ရွက်ခဲ့သည့် ရုပ်ပွားတော်များထဲမှ အကောင်းဆုံးဖြစ်သည့် ရတနာပုံခေတ် ဟန် ဘူမိဖဿပုံစံဖြင့် တည်ထားကိုးကွယ်နိုင်ရေး ဆောင်ရွက်ခဲ့ကြောင်း၊ မိမိတို့နိုင်ငံအနေဖြင့် ၁၈၈၅ ခုနှစ်တွင် မြန်မာပြည်လွတ်လပ်ရေးဆုံးရှုံးခဲ့ပြီး ၁၈၈၆ ခုနှစ် ဇန်နဝါရီလ ၁ ရက်နေ့မှစတင်၍ မိမိတို့နိုင်ငံ၏ သမိုင်းမှာ အဆက်ပြတ်သွားခဲ့ကြောင်း၊ ၁၉၄၈ ခုနှစ်မှသာ လွတ်လပ်ရေး ပြန်လည်ရရှိခဲ့ကြောင်း၊ ကိုလိုနီဖြစ်ခဲ့သည့် ကာလအတွင်း မိမိတို့နိုင်ငံ၏ ယဉ်ကျေးမှုများ အဆက်ပြတ်သွားခဲ့ခြင်းကြောင့် နောက်ဆုံးကျန်ရှိခဲ့သည့် ယဉ်ကျေးမှုကိုယူရန် အတွက် ရတနာပုံခေတ်ဟန်ဖြင့် ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ ဘုရားကြီး ထုဆစ်ပူဇော်ရန် စဉ်းစားရာတွင် ဉာဏ်တော်ကို အဓိကထားပြီး သတ်မှတ်ထားသည့် ထုံးတမ်းအစဉ်အလာများပေါ်မူတည်၍ လိုအပ်သည့် ပလ္လင်တော်နှင့် ဒူးတော်နေရာများအတွက် စကျင်ကျောက်များ ထပ်မံရရှိရေး ဆောင်ရွက်ခဲ့ကြောင်း၊ ဆင်းတုတော်ကြီးထုဆစ်ရန်အတွက် ကျောက်တုံးတော်ကြီးများကို သယ်ယူရေး စီစဉ်ဆောင်ရွက်ခဲ့ရာတွင် ကုန်းလမ်းမှသယ်ယူရန် အခက်အခဲများရှိခြင်းကြောင့် စကျင်တောင်မှ ရေဝတီမြစ်၊ ၎င်းမှ ဆီမီးခုံဆိပ်ကမ်း၊ ထိုမှတစ်ဆင့် ကုန်းလမ်းမှ နေပြည်တော်သို့ သယ်ဆောင်နိုင်ရေးအတွက် အသေးစိတ် လိုက်လံကြည့်ရှုခဲ့ပြီး

> **မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ထားကိုးကွယ်ခြင်းနှင့်ပတ်သက်၍ ရည်ရွယ်ချက်မှာ မြန်မာနိုင်ငံတွင် ထေရဝါဒ ဗုဒ္ဓသာသနာတော်ကြီး ခိုင်မာစွာထွန်းလင်း တောက်ပလျက်ရှိမှုကို ပြသရန်၊ မြန်မာနိုင်ငံသည် ထေရဝါဒဗုဒ္ဓဘာသာ ကိုးကွယ်မှု၏ ဗဟိုချက်ဖြစ်စေရန်၊ နိုင်ငံတော်ကြီး သာယာဝပြောမှုရှိစေရန်၊ ကမ္ဘာကြီးငြိမ်းချမ်းသာယာမှုဖြစ်စေရန် စသည့်ရည်ရွယ်ချက် (၄) ရပ်ဖြင့် ဆောင်ရွက်ခဲ့ခြင်းဖြစ်။**

ဩဝါဒါစရိယဆရာတော်ကြီးများထံမှ ဩဝါဒခံယူ၍ ကျောက်တုံးတော်ကြီးများကို ပိုင်းဖြတ်သယ်ယူ ပင့်ဆောင်ခြင်းများ ဆောင်ရွက်ခဲ့ရကြောင်း၊ ထိုသို့ သယ်ယူချိန်တွင်လည်း ထုထည်ပမာဏ ကြီးမားခြင်းကြောင့် အခက်အခဲများကြားမှ ပင့်ဆောင်ခဲ့ရကြောင်း၊ စကျင်တောင်မှ သယ်ဆောင်ရန်အတွက် ဆောင်ရွက်ရာတွင်လည်း တပ်မတော်အင်ဂျင်နီယာတပ်ဖွဲ့နှင့် တပ်မတော်(ရေ)တို့ ပူးပေါင်း၍ မြောင်းမြစ်သို့ တူးမြောင်းဖောက်လုပ်ရာတွင် မြေကျင်း ၉၂၅၀၇ ကျင်း၊ တူးမြောင်းအရှည် ၄၅၈၃ ပေ ဖောက်လုပ်ဆောင်ရွက်ခဲ့ရကြောင်း၊ အလားတူ ဆီမီးခုံဆိပ်ကမ်းသို့လည်း ရေယာဉ်များ ဆိုက်ကပ်နိုင်ရေး ပြင်ဆင်ဆောင်ရွက်ခဲ့ရကြောင်း။

**စနစ်တကျဖြင့်ပင့်ဆောင်ခဲ့**

၂၀၂၀ ပြည့်နှစ် ဇူလိုင်လ ၃ ရက်နေ့တွင် ကျောက်တုံးတော်ကြီးများကို စတင်ပင့်ဆောင်ခြင်း အခမ်းအနားကို ဆောင်ရွက်၍ ပင့်ဆောင်ခဲ့ကြောင်း၊ ကျောက်တုံးတော်ကြီးများ ထိခိုက်မှုမရှိစေရေး စနစ်တကျဖြင့် ပင့်ဆောင်ခဲ့ရပြီး စုစုပေါင်းအနေဖြင့် ကိုးကြိမ် ပင့်ဆောင်ခဲ့ရကာ တန်ချိန်အားဖြင့် ၈၁၅၈ တန် သယ်ဆောင်ခဲ့ရကြောင်း၊ ရေလမ်းခရီးဖြင့် စကျင်ကျောက်တုံးကြီးကို သယ်ဆောင်ခြင်းသည် ကမ္ဘာပေါ်တွင် မှတ်တမ်းဝင်ခဲ့ကြောင်း၊ စက်တင်ဘာ ၁၈ ရက်တွင် ကျောက်တုံးတော်ကြီးများ အားလုံး ဆီမီးခုံဆိပ်ကမ်းသို့ရောက်ရှိခဲ့ကြောင်း၊ ဆီမီးခုံဆိပ်ကမ်းမှ စကားအင်းအဝိုင်းအကြား ကျောက်တုံးတော်ကြီးများ ချောမွေ့စွာသယ်ယူပင့်ဆောင်နိုင်ရေး ၂၂ မိုင် ၅ ဖာလုံအရှည်လမ်းအား အသစ်ဖောက်လုပ် ဆောင်ရွက်ခဲ့ပြီး နေပြည်တော်သို့ ၂၀၂၁ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် စတင်ပင့်ဆောင်ခဲ့ကြောင်း၊ ထိုသို့ ပင့်ဆောင်ရာတွင်လည်း တန်ချိန် ၁၅၀၀ နှင့် ၂၀၀၀ ကြား သယ်ဆောင်နိုင်သည့် ကားများသွားလာနိုင်ရေး ရှောင်ကွင်းလမ်းများ ဖောက်လုပ်ခြင်းနှင့် လမ်းများအဆင့်မြှင့်တင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ရကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် အချိန်အားဖြင့် လေးလ ကြာမြင့်ခဲ့ကြောင်း၊ ကျောက်တော်ကြီးများ ပင့်ဆောင်သည့်အချိန်သည် ကိုဗစ်ကာလဖြစ်ပွားနေချိန်နှင့် နိုင်ငံရေးအရ အကျပ်အတည်းများ ဖြစ်နေသဖြင့် အချို့မှာ ကျောက်တော်ကြီးများ ပင့်ဆောင်မှုကိုအသေးစိတ် သိရှိမှု နည်းပါးကြကြောင်း။

**စုစုပေါင်း ခုနစ်ခေါက်သယ်ယူခဲ့**

ကျောက်တုံးတော်ကြီးများကို ကုန်းလမ်းခရီးဖြင့် သယ်ယူရာတွင် စုစုပေါင်း ခုနစ်ခေါက် သယ်ယူခဲ့ရပြီး အလေးချိန်အနေဖြင့် ၇၆၃၂ တန်ဖြစ်ကြောင်း၊ ထိုသို့ သယ်ယူရာတွင်လည်း ကျောက်တုံးတော်ကြီးများကို ပင့်ဆောင်သည့် Modula Trailar များ ထုတ်လုပ်သော ဂျာမနီနိုင်ငံမှ Goldhofer Company အနေဖြင့် ကမ္ဘာပေါ်တွင် အလေးချိန်အများဆုံး အရာဝတ္ထုများကို ခရီးအကွာအဝေးအရှည်ဆုံး ရွှေ့ပြောင်းသယ်ယူနိုင်ခဲ့သည့် အသိအမှတ်ပြု Certificate ကို ပေးအပ်ခဲ့ကြောင်း၊ မိမိတို့အနေဖြင့် အလေးချိန်အများဆုံး စကျင်ကျောက်အား အဝေးဆုံးသော ရေလမ်းခရီးသယ်ဆောင်မှုနှင့် အဝေးဆုံးသော ကုန်းလမ်းခရီးသယ်ဆောင်မှုကို ဆောင်ရွက်နိုင်ခဲ့ခြင်း ဖြစ်ကြောင်း။

ဘုရားကြီး တည်ထားကိုးကွယ်ရေး ဆောင်ရွက်ရာတွင် နိုင်ငံ့ဂုဏ်ဆောင်၍ ခမ်းခမ်းနားနားထင်ထင်ပေါ်ပေါ် ရှိစေရေး တည်ဆောက်ရန် ရည်ရွယ်ဆောင်ရွက်ခဲ့ကြောင်း၊ ဘုရားကြီးတည်ထားကိုးကွယ်ရန်အတွက် မြေနေရာကို စနစ်တကျဖြင့် အကွက်ချတွက်ချက်ဆောင်ရွက်ခဲ့သကဲ့သို့ နိုင်ငံတော်သံဃမဟာနာယက ဆရာတော်ကြီးများထံမှလည်း ဩဝါဒခံယူခြင်းများ ဆောင်ရွက်ခဲ့ကြောင်း၊ ဘုရား၊ ကျောင်း၊ ကန်၊ သိမ်၊ ဇရပ်၊ တံတား၊ ဥယျာဉ်များ ပြည့်စုံစွာဖြင့် ထည့်သွင်းတည်ဆောက်နိုင်ရေး ဆောင်ရွက်ခဲ့ကြောင်း၊ ဆရာတော်ကြီးများ၏ ဩဝါဒ မိန့်ကြားချက်များအရ မာရဝိဇယဗုဒ္ဓဉယျာဉ်တော်အတွင်း ပိဋကတ်သုံးပုံအား ပါဠိအက္ခရာ၊ Romanize Language ဖြင့် ရေးထိုးနိုင်ရေး ဆောင်ရွက်ခဲ့ကြောင်း၊ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ဘွဲ့အမည်ကိုလည်း ဩဝါဒါစရိယဆရာတော်ကြီးများ၏ မိန့်ကြားချက်အရ “မာရဝိဇယ” ဟူသည့် ဘွဲ့အမည်ကို ဆက်ကပ်ခဲ့ခြင်းဖြစ်ကြောင်း။

ပိဋကတ်သုံးပုံအား ပါဠိအက္ခရာ၊ Romanize Language တို့ဖြင့် ကျောက်ထက်အက္ခရာတင် ရေးထိုးနိုင်ရေးနှင့် ကျမ်းစာအုပ်များ ပြုစုထုတ်ဝေနိုင်ရေး ဆောင်ရွက်ရာတွင်လည်း စနစ်တကျဖြင့် ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ ကျမ်းစာအုပ်များ ရိုက်နှိပ်ရာတွင်လည်း အရည်အသွေးကောင်းမွန်သည့် စက္ကူများဖြင့် ရိုက်နှိပ်ခြင်းဖြစ်ကြောင်း၊ အလားတူ အဆိုပါပိဋကတ်သုံးပုံအား Application ဖြင့် ထည့်သွင်း၍ Tablet များတွင် ဖတ်ရှုနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း၊ ၎င်းပိဋကတ်ကျမ်းစာများကို ကမ္ဘာပေါ်ရှိ ဗုဒ္ဓဘာသာကိုးကွယ်သည့် ဘာသာရေးဌာနများသို့ပေးပို့လှူဒါန်းသွားမည်ဖြစ်ကြောင်း။

**CNC စက်ကြီးများဖြင့်ထုဆစ်**

မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ထားကိုးကွယ်ခြင်းနှင့် ဗုဒ္ဓဉယျာဉ်တည်ဆောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်ရာတွင် အစီအစဉ်များ အဆင့်ဆင့်ချမှတ်ဆောင်ရွက်ခဲ့ကြောင်း၊ မာရဝိဇယဉယျာဉ်အတွင်း ချောင်းဖြောင့်ခြင်းလုပ်ငန်းဆောင်ရွက်ပြီး မန္တလေးနန်းတော် မင်္ဂလာတံတားပုံစံ တံတားတစ်စင်းကိုလည်း ထည့်သွင်းတည်ဆောက်ခဲ့ကြောင်း၊ မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ထားမည့်နေရာတွင် တန်ချိန် ၂၀၀၀၀ ခံနိုင်ရည်ရှိသည့် အောက်ခံခုံ တည်ဆောက်နိုင်ရန်အတွက် ဘိုးပိုင်များ ရိုက်၍ ဆောင်ရွက်ခဲ့ကြောင်း၊ ပလ္လင်တော် အစိတ်အပိုင်းများ ပင့်ဆောင်နေရာချထားခြင်းနှင့် တွဲဆက်ခြင်းများကိုလည်း စနစ်တကျဖြင့်ဆောင်ရွက်ခဲ့ကြောင်း၊ ပလ္လင်တော် အစိတ်အပိုင်းများကို ထုဆစ်ရာတွင်လည်း CNC စက်ကြီးများဖြင့် ထုဆစ်ခဲ့ခြင်းဖြစ်ကြောင်း။

ရုပ်ပွားတော်မြတ်ကြီး၏ မျက်နှာတော်မူရာ တူရှုအရပ်တွင် ဝိဇယဘုမိနိမ္မာန အောင်မြေတည်ထားခြင်းကို ယနေ့နံနက်ပိုင်းတွင် ကျင်းပပြုလုပ်ခဲ့ပြီး သတ္တဌာန ခုနစ်နေရာ၏ အောင်မြေများနှင့် နိုင်ငံတော်တစ်ဝန်းလုံးရှိ အောင်မြေဌာနပေါင်း ၃၅ ဌာနတို့မှ အောင်မြေများကို ထည့်သွင်းပူဇော်ခဲ့ပါကြောင်း၊ ရုပ်ပွားတော်မြတ်ကြီး ပရိဝုဏ်တော်အတွင်းနှင့် ဗုဒ္ဓဉယျာဉ်တော်အတွင်း၌ ကြည်ညိုသပ္ပာယ်ဖွယ်ဖြစ်စေရေး ရေပန်းရင်ပြင် တည်ဆောက်ခြင်းနှင့် ရေပန်းဝိုင်းအကြီး၊ ရေပန်းဝိုင်းအသေး လုပ်ငန်းများကိုလည်း စနစ်တကျဖြင့် တည်ဆောက်ခဲ့ကြောင်း၊ အလားတူ သုမေ္မာဇရပ်များတည်ဆောက်ရာတွင် ကျွန်းတိုင်များအသုံးပြု၍ မြန်မာမှုလက်ရာများဖြင့် ရှေးမူမပျက် ဆောက်လုပ်ထားခြင်းဖြစ်ပြီး ဘုရားဖူးလာ ပြည်သူများ အနားယူနိုင်မည်ဖြစ်ကြောင်း၊ ဆင်းတုတော်ကြီးအား ထုဆစ်ရာတွင်လည်း ကိုးပေအရွယ်ရှိသည့် ကျောက်ဆစ်ရုပ်ပွားတော်ကို နမူနာထုဆစ်၍ ဆောင်ရွက်ခဲ့ပြီး ဆရာတော်ကြီးများထံမှ ဩဝါဒခံယူဆောင်ရွက်ခဲ့ကြောင်း၊ ၎င်းနမူနာ ဆင်းတုတော်ကြီးကိုလည်း အပိုင်းလိုက်ခွဲ၍

CNC စက်များဖြင့် အဆင့်ဆင့် ထွင်းထုခဲ့ခြင်းဖြစ်ကြောင်း။

မာရဝိဇယကျောင်းတော်နှင့်မုစလိန္ဒကန်တည်ဆောက်ခြင်းနှင့်ပတ်သက်၍ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးကို စောင့်ရှောက်ရန်အတွက် ဩဝါဒါစရိယဆရာတော်ကြီးများရှိရန် လိုအပ်သဖြင့် မာရဝိဇယကျောင်းတော်ကို တည်ဆောက်ခဲ့ကြောင်း၊ မုစလိန္ဒကန်နှင့် နဂါးရုံဘုရား တည်ထားရာတွင်လည်း ဩဝါဒါစရိယ ဆရာတော်ကြီးများ၏ ဩဝါဒခံယူလျက် ဝိနည်းမဟာဝါ ပါဠိတော်၊ ဝိနည်းမဟာဝါ အဋ္ဌကထာ၊ သာရတ္ထဋီကာ၊ မူလပဏ္ဏာသအဋ္ဌကထာ၊ ဥဒါန်းပါဠိတော်၊ ဇာတကအဋ္ဌကထာ စသည့်ပိဋကတ်တော်လာအဆိုများနှင့် မဟာဗုဒ္ဓဝင်ကျမ်းဂန်တော်များနှင့်အညီ ပြည့်စုံစွာ တည်ထားကိုးကွယ်ခဲ့ခြင်းဖြစ်ကြောင်း၊ ကျည်းပင် သုံးပင်ကိုလည်း စိုက်ပျိုးထားရှိပြီးဖြစ်ကြောင်း။

**ကျောက်စာရုံစေတီများ**

ဆင်းတုတော်အပိုင်းများ တွဲဆက်ခြင်းများကို အခက်အခဲများကြားမှ အဆင့်ဆင့်ဆောင်ရွက်ခဲ့ကြောင်း၊ ဆင်းတုတော်အစိတ်အပိုင်းများ ရွှေ့ပြောင်းရာတွင်လည်း အမှားအယွင်းများမရှိအောင် ဆောင်ရွက်နိုင်ခဲ့ကြောင်း၊ တစ်ချိန်တည်း၌ပင် ရုပ်ပွားတော်မြတ်ကြီး၏ ရှေ့မျက်နှာမူရာ တည့်တည့်၌ ကျောက်စာရုံစေတီများ တည်ဆောက်ရေးကိုလည်း ဆောင်ရွက်ခဲ့ကြောင်း၊ ကျောက်စာရုံစေတီများ တည်ဆောက်ခြင်းနှင့်ပတ်သက်၍ ဘုရားဖူးလာ မိဘပြည်သူများအနေဖြင့် ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား လာရောက်ဖူးမြော်ချိန်တွင် ကျောက်စာတိုက်အတွင်းရှိ ပိဋကတ်သုံးပုံတော်လာ အဋ္ဌကထာဋီကာကျမ်းစာများကို တစ်ပါတည်း လေ့လာဖတ်ရှုကြည်ညိုနိုင်ရေးအတွက် ရည်ရွယ်တည်ဆောက်ခဲ့ခြင်းဖြစ်ပြီး စကျင်ကျောက်ချပ်များပေါ်၌ ခေတ်မီစက်ကိရိယာများအသုံးပြု၍ ပါဠိအက္ခရာ၊ Romanize Language တို့ဖြင့် ကျောက်စာတော်များ ထွင်းထုထည့်သွင်း၍ တည်ထားဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ ကျောက်စာရုံစေတီတော်များကို မန္တလေးမြို့၊ မဟာကုသိုလ်တော်ဘုရား ကျောက်စာရုံများ ပုံစံယူ၍ တည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်း၊ ကျောက်စာများ ရေးထိုးရာတွင်လည်း မှားယွင်းမှုမရှိစေရေးအတွက် ရန်ကုန်၊ မန္တလေးနှင့်သီတဂူသာသနာ့တက္ကသိုလ်တို့မှ ပါမောက္ခချုပ်များ ဦးဆောင်မှုဖြင့် ဆရာတော်ကြီးများက နေ့စဉ်တည်းဖြတ်၍ စနစ်တကျ မှတ်တမ်းတင် ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ ကျောက်စာရုံစေတီတော်များ တည်ဆောက်ရာတွင်လည်း မြေနေရာ ခိုင်ခံ့မှုရှိစေရေး စနစ်တကျဖြင့် ဆောင်ရွက်ခဲ့ကြောင်း၊ ကျောက်စာချပ်များအားလုံး အချိန်မီရေးထိုးပြီးစီးနိုင်ရေး CNC စက်များဖြင့် ရေးထိုးဆောင်ရွက်ခဲ့ပြီး အမှားအယွင်း မရှိစေရေးအတွက်လည်း အကြိမ်ကြိမ် တိုက်ဆိုင်စစ်ဆေးဆောင်ရွက်ခဲ့ကြောင်း၊ ဘုရားဖူးလာ ရဟန်းရှင်လူ၊ ပြည်သူများအနေဖြင့် ဗုဒ္ဓမြတ်စွာဘုရား၏ နှုတ်ကပါဌ်တော်လာ ပိဋကတ်သုံးပုံ အဋ္ဌကထာဋီကာကျမ်းစာများကို ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား လာရောက်ဖူးမြော်ချိန်တွင် တစ်ပါတည်း လေ့လာနာယူကြည်ညိုနိုင်ရေးအတွက် ကျောက်စာရုံစေတီများကို တည်ဆောက်ရာတွင် ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ မျက်နှာမူရာ ရှေ့တူရူအရပ်တွင် တည်ဆောက်ရန် စီမံဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ မည်သည့် ကျောက်စာရုံ၌ ပိဋကတ်သုံးပုံကျမ်းစာများကို လေ့လာသည်ဖြစ်စေ ကျောက်စာရုံများမှ ထွက်သည့်အခါ၌ ဘုရားကြီး၏ မျက်နှာတော်ကို တွေ့မြင်ဖူးမြော်ကြည်ညိုနိုင်ရေး စနစ်တကျ တွက်ချက်တည်ဆောက်ထားသည်ဖြစ်သကဲ့သို့ မြတ်စွာဘုရားဟောကြားတော်မူခဲ့သည့် နှုတ်ကပါဌ်တော်လာ ပိဋကတ်သုံးပုံ အဋ္ဌကထာဋီကာ ကျမ်းစာများသည်လည်း ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ မျက်နှာတော်မူရာတွင် တည်ရှိနေမည်ဖြစ်ကြောင်း။

မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ ဆင်းတုတော်အပိုင်းများ တွဲဆက်ရာတွင် ခိုင်မာမှုရှိစေရေးအတွက် ခေတ်မီနည်းပညာများဖြင့် ဆောင်ရွက်ထားရှိကြောင်း၊ အလားတူ တွဲဆက်ထားသည့် ဆင်းတုတော်အပိုင်းများကို ပင့်ထောင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ရာတွင် မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီနှင့် တပ်မတော်အင်ဂျင်နီယာတပ်ဖွဲ့တို့ ပူးပေါင်းဆောင်ရွက်ခဲ့ကြခြင်းဖြစ်ပြီး ပြည်ပပညာရှင်များ လုံးဝပါရှိခြင်းမရှိကြောင်း၊ တန်ချိန်ပေါင်း ၁၇၀၀ ရှိသည့် ဆင်းတုတော်အပိုင်း (၁၊ ၂၊ ၃) တို့ တွဲဆက်ထားသည့် အပိုင်းအား ပင့်ထောင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် သံမဏိပန်းတောင်းကို အသုံးပြုခဲ့ရကြောင်း၊ ဆင်းတုတော်အပိုင်းများ ထည့်သွင်းထားသည့် သံမဏိပန်းတောင်းကို တန်ချိန် ၁၅၀၀ ရှိသည့် သံမဏိမျှော်စင်ကြီးနှင့် တန်ချိန် ၂၅၀ ရှိ အထောက်အကူပြု သံမဏိစင်ကို အသုံးပြု၍ ဆောင်ရွက်ခဲ့ရကြောင်း၊ ထိုသို့

ပင့်ထောင်ခြင်းလုပ်ငန်းများနှင့် ပင့်ဆောင်ခြင်းလုပ်ငန်းများကို အမှားအယွင်းများ မရှိစေရေး ခက်ခက်ခဲခဲဖြင့် ဆောင်ရွက်နိုင်ခဲ့ကြောင်း။

## ဌာပနာသွင်းလှူပူဇော်နိုင်

ဇန်နဝါရီလ ၂၆ ရက်နေ့တွင် ဆင်းတုတော်အပိုင်း (၁၊ ၂၊၃) တို့အား ရတနာပလ္လင်တော်ထက်သို့ စတင်ပင့်ဆောင်ပူဇော်ခြင်း အခမ်းအနားကို ပြုလုပ်ခဲ့ပြီး ဇန်နဝါရီလ ၃၁ ရက်နေ့တွင် ပလ္လင်တော်ထက်သို့ အောင်မြင်စွာ ပင့်ဆောင်ပူဇော်နိုင်ခဲ့ကြောင်း၊ ဇန်နဝါရီလ ၂၇ ရက်နေ့တွင် ရတနာပလ္လင်တော်ထက်တွင် ဌာပနာထည့်သွင်းပူဇော်ခြင်း မဟာမင်္ဂလာအခမ်းအနားနှင့် ဖေဖော်ဝါရီလ ၁၀ ရက်နေ့၌ ရတနာပလ္လင်တော်ထက်တွင် ဒုတိယအကြိမ် ဌာပနာထည့်သွင်းပူဇော်ခြင်း မဟာမင်္ဂလာ အခမ်းအနားတို့ကို ဆောင်ရွက်ခဲ့ရာ ပြည်ထောင်စုမြန်မာနိုင်ငံတော်တစ်ဝန်းလုံးမှ ခုနှစ်ရက်သား၊ သမီး၊ ဘုရား ဒါယကာ၊ ဒါယိကာမများ၊ စေတနာရှင်၊ အလှူရှင်များက ကုသိုလ်ပြုလှူဒါန်းထားသည့် အဖိုးတန်ကျောက်မျက်ရတနာ ဌာပနာတော်ကုသိုလ်ပစ္စည်းများ ဌာပနာသွင်းလှူပူဇော်နိုင်ခဲ့ကြောင်း။

သာသနာ့ဗိမာန်နှင့်ပတ်သက်၍ သာသနာရေးဆိုင်ရာ အခမ်းအနားကြီးများကို ခမ်းနားသိုက်မြိုက်စွာဖြင့် ကျင်းပပြုလုပ်နိုင်ရန်အတွက် သံဃာတော်အပါး ၉၀၀ နှင့် လူပရိသတ် ၁၂၀၀ ဝင်ဆံ့နိုင်သည့် အလျား ၂၉၆ ပေ၊ အနံ ၂၁၃ ပေ၊ အမြင့် ၉၄ ပေရှိ သာသနာ့ဗိမာန် အဂ္ဂါဓိပတိဝိသုံဂါမ သိမ်တော်ကြီးကို ခမ်းနားထည်ဝါစွာဖြင့် တည်ဆောက်ခဲ့ကြောင်း၊ သာသနာ့ဗိမာန်တော်ကြီးသည် သိမ်သမုတ်ထားသည့် သိမ်တော်ကြီးတစ်ခုဖြစ်ကြောင်း။

## ဩဝါဒခံယူဆောင်ရွက်

မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား လက်မှုအချောသပ်လုပ်ငန်းနှင့် ဆေးသင်္ကန်းကပ်ခြင်းလုပ်ငန်းဆောင်ရွက်မှုနှင့်ပတ်သက်၍ ဆရာတော်ကြီးများထံမှ ဩဝါဒခံယူဆောင်ရွက်ခဲ့ကြောင်း၊ ဥဏ္ဏာလုံမွေးရှင်တော်မြတ်ကိုလည်း တပ်ဆင်ပူဇော်ခဲ့ကြောင်း၊ ရုပ်ပွားတော်မြတ်ကြီး ရေရှည်တည်တံ့ခိုင်မြဲစေရေးအတွက် တန်ချိန် ၂၀၀၀၀ အထိခံနိုင်သော အောက်ခံအမာရရှိရေး၊ တစ်နာရီ လေတိုက်နှုန်း မိုင် ၁၂၀ ရှိသည့် လေပြင်းမုန်တိုင်းတိုက်ခတ်မှု ဒဏ်ခံနိုင်ရေး၊ မြန်မာနိုင်ငံတွင် အမြင့်ဆုံးလှုပ်ခတ်နိုင်သည့် Earthquake Magnitude ၈ ဒသမ ၈ အထိ မြေငလျင်ဒဏ်ခံနိုင်ရေးနှင့် လျှပ်စီးမိုးကြိုးများကြောင့် ဆင်းတုတော်ကြီး ထိခိုက်မှုမရှိစေရေးတို့အတွက် အင်ဂျင်နီယာရှုထောင့်မှ စနစ်တကျ တွက်ချက်တည်ဆောက်ခဲ့ကြောင်း၊ ဆင်းတုတော်ကြီး၏ ကျောက်တုံးတော်ကြီးများကို တွဲဆက်ခြင်းများဆောင်ရွက်ရာတွင်လည်း သမားရိုးကျနည်းလမ်းများနှင့် ခေတ်မီနည်းလမ်းများ ပေါင်းစပ်တည်ဆောက်ထားခြင်းဖြစ်ကြောင်း။

ရင်ပြင်တော်ကြီး တည်ဆောက်ရေးနှင့်ပတ်သက်၍ မြက်ခင်းများကိုလည်း ထည့်သွင်းတည်ဆောက်ထားကြောင်း၊ ဂန္ဓကုဋိတိုက်များကိုလည်း စကျင်ကျောက်များ အသုံးပြု၍ မန္တလေးမြို့၊ အတုမရှိ ကျောင်းတော်၏ ပုံစံအတိုင်း အဆောင်တစ်ခုနှင့်တစ်ခု အနုလက်ရာများ လုံးဝမတူညီသည့် ၂၄ ဆောင် တည်ဆောက်ထားပြီး ဘုရားဖူးလာပြည်သူများအနေဖြင့် နေပူပြင်းသည့် အချိန်များတွင် ဂန္ဓကုဋိတိုက်တော်များအတွင်းမှ ဘုရားကြီးကို ဖူးမြော်ကြည်ညိုနိုင်စေရန် တည်ဆောက်ထားခြင်းဖြစ်ကြောင်း၊ တံခွန်တိုင်နှင့် သဒ္ဒါဓိပတိ ခေါင်းလောင်းတော်တို့ကိုလည်း ထည့်သွင်း တည်ဆောက်ထားပါကြောင်း၊ မသန်စွမ်းသူများနှင့် သက်ကြီးရွယ်အိုများ ဘုရားရင်ပြင်တော်ပေါ်သို့ တက်ရောက်နိုင်ရေးအတွက် စက်လှေကားကိုလည်း ထည့်သွင်း တည်ဆောက်ထားရှိကြောင်း၊ ဘုရားကြီးပရိဝုဏ်တော်အတွင်း အိန္ဒိယနိုင်ငံမှရရှိသည့် ဗောဓိညောင်ပင်ကိုလည်း စိုက်ပျိုးထားရှိကြောင်း၊ ဘုရားကြီး၏ ဘယ်ဘက်နှင့် ညာဘက်တို့တွင် လုမ္ဗိနီအင်ကြင်းတောနှင့် ဘုရားကြီး၏ အနောက်ဘက်တွင် လင်းလွန်းပင်နှင့် လုမ္ဗိနီအင်ကြင်းပင်များကို စိုက်ပျိုးသွားမည်ဖြစ်ကြောင်းဖြင့် ရှင်းလင်းပြောကြားပြီး ရေပန်းရင်ပြင်နှင့် ကျောက်စာရုံများ အဆင့်ဆင့်တိုးတက်လာမှုအား Drone ဖြင့် ရိုက်ကူးထားရှိမှု မှတ်တမ်း Video Clip နှင့် မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးနှင့် ဗုဒ္ဓဥယျာဉ်ကြီး တည်ဆောက်ပြီးစီးပါက ဖူးမြော်မြင်တွေ့ရမည့် အခြေအနေများကို အထူးပြုလုပ်ချက် Video Clip ဖြင့် ရှင်းလင်းပြသပြီး ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်များအနက်ဉာဏ်တော်အမြင့်ဆုံးဖြစ်လာမည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးနှင့် ဗုဒ္ဓဥယျာဉ်တော်ကို တည်ဆောက်ခဲ့ရာတွင် အခက်အခဲများစွာကြားမှ နေ့ညမအား ကြိုးပမ်းဆောင်ရွက်ခဲ့ခြင်းဖြစ်ပါကြောင်း၊ ရုပ်ပွားတော်မြတ်ကြီး တည်ထားကိုးကွယ်

ရာတွင် ပါဝင်ခဲ့ကြသည့် ဆရာတော်ကြီးများ၊ မြန်မာနိုင်ငံ အင်ဂျင်နီယာကောင်စီ၊ တပ်မတော်အင်ဂျင်နီယာ ပညာရှင်များနှင့် ကိုယ်စွမ်းဉာဏ်စွမ်းရှိသရွေ့ ပါဝင်ဆောင်ရွက်ခဲ့သည့် ပုဂ္ဂိုလ်များကိုလည်း ယနေ့နံနက်ပိုင်း၌ ထိုက်တန်သည့် ဘွဲ့တံဆိပ်၊ ဆုတံဆိပ်များအား ဂုဏ်ပြုချီးမြှင့်သည့် အမိန့်စာကို ထုတ်ပြန်ကြေညာခဲ့ကြောင်း၊ ယခုတက်ရောက်လာကြသူများအနေဖြင့် အမျိုးဘာသာ၊ သာသနာအတွက် သော်လည်းကောင်း၊ နိုင်ငံတော်၏ လူမှုစီးပွားဘဝ တိုးတက်ရေးအတွက်သော်လည်းကောင်း တစ်စိတ်တစ်ပိုင်းတွင် ပါဝင်ထမ်းဆောင်နေကြသူများ၊ နိုင်ငံ့ဂုဏ်ကို ဆောင်နေကြသူများဖြစ်သဖြင့် အသိပေးသင့်သည်ဟု ယူဆ၍ယခုကဲ့သို့ အသေးစိတ်ရှင်းလင်းပြသပေးခြင်းပင်ဖြစ်ကြောင်းနှင့် ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်နေမှုကို သိရှိရခြင်းဖြင့် ကုသိုလ်သဒ္ဓါများပွားနိုင်စေရန် ရည်ရွယ်ပါကြောင်း ပြောကြားသည်။

**အလှူငွေများပေးအပ်လှူဒါန်း**

ထို့နောက် အခမ်းအနား တက်ရောက်လာကြသူများက မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးနှင့် မာရဝိဇယဗုဒ္ဓ ဥယျာဉ် တည်ဆောက်ခြင်းအတွက် ကြည်ညိုသဒ္ဓါပွားများလျက် အလှူငွေများကို ပေးအပ်လှူဒါန်းကြရာ ဦးဆောင်ဘုရားဒါယကာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက လက်ခံရယူကြသည်။ မာရဝိဇယဗုဒ္ဓ ရုပ်ပွားတော်မြတ်ကြီးနှင့် မာရဝိဇယဗုဒ္ဓ ဥယျာဉ်တည်ဆောက်ခြင်းအတွက် ယနေ့ တက်ရောက်လာကြသူများ၏ လှူဒါန်းမှုအနေဖြင့် စေတနာရှင်အလှူရှင် ၃၇၇ ဦးမှ လှူဒါန်းငွေမှာ ၁၇ ဒသမ ၄၁၅ ဘီလီယံ (ငွေကျပ် ၁၇၄၁၅ သန်း) ဖြစ်ကြောင်း သိရသည်။

ယင်းနောက် ဦးဆောင်ဘုရားဒါယကာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က မတည်အလှူငွေများ စုပေါင်းလှူဒါန်းကြခြင်းအပေါ် ကျေးဇူးတင်စကား ပြန်လည်ပြောကြားရာတွင် ယနေ့ ကျင်းပပြုလုပ်သည့် အခမ်းအနားသည် အမျိုးဘာသာ၊ သာသနာအတွက်သော်လည်းကောင်း၊ နိုင်ငံတော်၏ လူမှုစီးပွားဘဝ တိုးတက်ရေးအတွက်သော်လည်းကောင်း တစ်စိတ်တစ်ပိုင်းတွင် ပါဝင်ထမ်းဆောင်နေကြသူများ၊ နိုင်ငံ့ဂုဏ်ကို ဆောင်နေကြသူများဖြစ်သဖြင့် မာရဝိဇယ ရုပ်ပွားတော်မြတ်ကြီးနှင့် ဗုဒ္ဓဥယျာဉ်တော်တည်ဆောက်နေမှုများကို ရှင်းလင်းပြသခဲ့ခြင်းဖြစ်ကြောင်း၊ တက်ရောက်လာကြသည့် ဓမ္မမိတ်ဆွေများ၏ စေတနာသဒ္ဓါတရားထက်သန်စွာဖြင့် အလှူငွေများ ထည့်ဝင်လှူဒါန်းမှုများကိုလည်း စနစ်တကျ မှတ်တမ်းတင်ထားရှိပါကြောင်း၊ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ဗုဒ္ဓါဘိသေကအနေကဇာတင်လှူခြင်း၊ ကျောက်စာရုံစေတီတော်များ ထီးတော်တင်လှူခြင်းနှင့် ရေစက်ချအခမ်းအနားများကို မြန်မာသက္ကရာဇ် ၁၃၈၅ ခုနှစ်၊ ဒုတိယဝါဆိုလပြည့်နေ့ (ဓမ္မစကြာနေ့)၊ ခရစ်နှစ် ၂၀၂၃ ခုနှစ်၊ ဩဂုတ်လ ၁ ရက်တွင် ပြုလုပ်သွားမည်ဖြစ်ပါကြောင်း၊ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးဖြစ်လာမည့် စကျင်ကျောက်တုံးတော်ကြီးကို စတင်လှူဒါန်းသည်မှ အနေကဇာတင်လှူခြင်းမပြုမီအထိ လှူဒါန်းကုသိုလ်ပြုမှုများသည် ကုသိုလ်ကို အစပြုထူထောင်ကြသူ (Founder) များပင် ဖြစ်ပါကြောင်း၊ မကြာမီကျင်းပသွားမည့် ဗုဒ္ဓါဘိသေက အနေကဇာတင်လှူခြင်းနှင့် ကျောက်စာရုံ စေတီများ ထီးတော်တင်လှူခြင်း ရေစက်ချမင်္ဂလာအခမ်းအနားဆောင်ရွက်ပြီးနောက်မှ ကြည်ညိုသဒ္ဓါပွားများစိတ်ဖြင့် လှူဒါန်းမှုကုသိုလ်များမှာ ကုသိုလ်ဆက် အလှူပင်ဖြစ်ပါကြောင်း၊ ဗုဒ္ဓါဘိသေက အနေကဇာတင်လှူခြင်း မဟာမင်္ဂလာ အခမ်းအနားသို့ စေတနာရှင် အလှူရှင်များ တက်ရောက်နိုင်ရေးအတွက်လည်း ဖိတ်ကြားအပ်ပါကြောင်း၊ ယနေ့ရှင်းလင်းပွဲသို့ အချိန်ပေး၍ တက်ရောက်ခဲ့ပြီး မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ထားကိုးကွယ်မှုအပေါ် ကြည်ညိုသဒ္ဓါစိတ်များဖြစ်ပေါ်၍ လှူဒါန်းကုသိုလ်ယူမှုများအတွက်လည်း ဝမ်းမြောက်နုမောဒနာသာခုခေါ်ဆိုအပ်ပါကြောင်း ပြောကြားသည်။

■ ■ ■

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် စီးပွားရေးရာကော်မတီ အစည်းအဝေးအမှတ်စဉ် (၆/၂၀၂၃) တွင် ပြောကြားသည့် အမှာစကား

( ၂၆ - ၇ - ၂၀၂၃ )





ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် စီးပွားရေးရာကော်မတီအစည်းအဝေးအမှတ်စဉ် (၆/၂၀၂၃)ကို ဇူလိုင်လ ၂၆ ရက် မွန်းလွဲပိုင်းတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ စီးပွားရေးရာကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်အမှာစကား ပြောကြားသည်။

အစည်းအဝေးသို့ ကောင်စီဝင်များဖြစ်ကြသည့် ဗိုလ်ချုပ်ကြီးတင်အောင်စန်း၊ ဒုတိယဗိုလ်ချုပ်ကြီးမိုးမြင့်ထွန်း၊ ဦးရွှေကြိမ်းနှင့် ဦးမောင်ကို၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများတက်ရောက်ကြပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များက Video Conferencing ဖြင့် တက်ရောက်ကြသည်။

**ချေးငွေများလုံးဝချေးယူခြင်းမရှိ**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားရာတွင် နိုင်ငံ့စီးပွားမြင့်တင်ရေးနှင့်ပတ်သက်၍ မိမိတို့အနေဖြင့် တွန်းအားပေးဆောင်ရွက်ခဲ့ကြောင်း၊ ဘဏ္ဍာငွေသုံးစွဲမှုတွင် နိုင်ငံတော်၏ ရငွေပိုင်းနှင့်ပတ်သက်၍ သာမန်ရငွေများ၊ ချေးငွေနှင့် ထောက်ပံ့ငွေများဟူ၍ သုံးပိုင်းရှိကြောင်း၊ မိမိတို့ တာဝန်ယူဆောင်ရွက်ပြီးနောက်ပိုင်း ချေးငွေများလုံးဝ ချေးယူခြင်းမရှိကြောင်း၊ ပြည်ပထောက်ပံ့ငွေအနေဖြင့်လည်း ၂၀၂၂ ခုနှစ်နှောင်းပိုင်းရောက်မှသာ အနည်းငယ်ရရှိခဲ့သဖြင့် အချို့လုပ်ငန်းများကို ဆောင်ရွက်နိုင်ခဲ့ကြောင်း။

အဆိုပါအချက်များကို ကြည့်ခြင်းအားဖြင့် မိမိတို့နိုင်ငံ၏ ပြည်တွင်းဘဏ္ဍာငွေနှင့် စီးပွားရေးသည် ပြည်တွင်းအင်အားအပေါ်၌သာ လုံးဝတည်မှီလျက်ရှိသည်ကို တွေ့ရမည်ဖြစ်ကြောင်း၊ ယခင်ကလည်း ပြည်တွင်းအားကို အဓိကထား၍သာ နိုင်ငံ့စီးပွားတိုးတက်ရေးကို ဆောင်ရွက်ခဲ့ကြရကြောင်း၊ ယင်းတွင် ကုန်ထုတ်လုပ်မှုများနှင့် သယံဇာတများ ရောင်းချခြင်းတို့ပါကြောင်း၊ မိမိတို့ တာဝန်ယူချိန်တွင် သယံဇာတရောင်းချခြင်းကို အတတ်နိုင်ဆုံးထိန်းထားကြောင်း၊ ထို့ကြောင့် မိမိတို့အနေဖြင့် နိုင်ငံ့စီးပွား

တိုးတက်ရေးအတွက် ထုတ်ကုန်များ ပိုမိုထုတ်လုပ်နိုင်ရေး ကြိုးပမ်းဆောင်ရွက်နေခြင်းဖြစ်ကြောင်း။

## ၄ ရာခိုင်နှုန်းခန့် တိုးတက်မည်ဟု မျှော်မှန်း

နိုင်ငံ့စီးပွားရေးသည် ပြီးခဲ့သည့်ကာလများအတွင်း အထိုက်အလျောက်တိုးတက်မှုရှိခဲ့ပြီး ဆက်လက်၍လည်း တိုးတက်မည်ဟု ခန့်မှန်းထားကြောင်း၊ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ၃ ဒသမ ၄ ရာခိုင်နှုန်းတိုးတက်ခဲ့ပြီး ၂၀၂၃- ၂၀၂၄ ဘဏ္ဍာနှစ်တွင်လည်း ၄ ရာခိုင်နှုန်းခန့် တိုးတက်မည်ဟု မျှော်မှန်းထားကြောင်း၊ လက်ရှိဆောင်ရွက်နေသည့် ကုန်ထုတ်လုပ်မှုများကို အမှန်တကယ်ဆောင်ရွက်နိုင်မည် ဆိုပါက ထပ်မံတိုးတက်အောင် ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ ၂၀၂၀-၂၀၂၁ ခုနှစ်တွင် စီးပွားရေးကျဆင်းခဲ့သည့် အခြေအနေမှ ပြန်လည်ရုန်းထွက်ဆောင်ရွက်နိုင်ခဲ့ခြင်း ပင်ဖြစ်ကြောင်း။

ပြည်တွင်းကုန်ထုတ်လုပ်မှုလုပ်ငန်းတွင် ဈေးကွက် သေချာမှုရှိသည့် ကုန်ထုတ်လုပ်မှုများ ဆောင်ရွက်ရန်လို ကြောင်း၊ မိမိတို့နိုင်ငံသည် စိုက်ပျိုးရေးနိုင်ငံဖြစ်သဖြင့် စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့်ထုတ်ကုန်များ ထုတ်လုပ် ခြင်းသည် ခိုင်မာသည့်ဈေးကွက်ရှိပြီး ကမ္ဘာတစ်ဝန်း လိုအပ်လျက်ရှိသော Food Security ကိုလည်း ထောက်ပံ့ ပေးနိုင်သောကြောင့် သေချာသည့် စီးပွားရေးလုပ်ငန်း တစ်ခုဖြစ်ကြောင်း၊ ထို့ကြောင့် သေချာသည့်လုပ်ငန်းများကို ဆောင်ရွက်သွားမည်ဆိုပါက မိမိတို့နိုင်ငံ၏ စီးပွားရေးမှာ ထပ်မံတိုးတက်နိုင်မည်ဟု ယုံကြည်ကြောင်း၊ တိုင်းဒေသ ကြီးနှင့်ပြည်နယ်များအလိုက် ထုတ်ကုန်များ တိုးမြှင့်ထုတ်လုပ် နိုင်ရေး တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များနှင့် တွေ့ဆုံမှာကြားဆောင်ရွက်ခဲ့ပြီးဖြစ်ကြောင်း၊ လက်တွေ့ အကောင်အထည်ဖော် ဆောင်ရွက်နိုင်မည်ဆိုပါက နိုင်ငံ၏ စီးပွားရေးလုပ်ငန်းများမှာ အမှန်တကယ် တိုးတက်လာမည် ဖြစ်ကြောင်း။

**စိုက်ပျိုးမြေများသုံးစွဲမှုနှင့်ပတ်သက်၍ / စိုက်ပျိုးမြေများကို အခြားနည်းများဖြင့် သုံးစွဲလျက်ရှိခြင်းကြောင့် နိုင်ငံ၏ စိုက်ပျိုးရေးလုပ်ငန်းများအတွက် ထိခိုက်နစ်နာမှုများ ဖြစ်ပေါ်လျက်ရှိ၊ ယင်းပြဿနာကို အစိုးရ အဆက်ဆက်ဖြေရှင်းခဲ့ကြသော်လည်း ယခုအချိန်ထိ ရှိနေဆဲဖြစ်၊ မြေအသုံးချမှုနှင့် ပတ်သက်၍ မှန်မှန်ကန်ကန် ဆောင်ရွက် ကြရမည်ဖြစ်ပြီး ပြဋ္ဌာန်းဥပဒေများနှင့်အညီ စိစစ်ကြပ်မတ်ထိန်းသိမ်း ဆောင်ရွက်သွားရန်လို။**

**စိုက်ပျိုးမြေများသုံးစွဲမှုနှင့်ပတ်သက်၍ စိုက်ပျိုးမြေ များကို အခြားနည်းများဖြင့် သုံးစွဲလျက်ရှိခြင်းကြောင့် နိုင်ငံ၏ စိုက်ပျိုးရေးလုပ်ငန်းများအတွက် ထိခိုက်နစ်နာ မှုများ ဖြစ်ပေါ်လျက်ရှိကြောင်း၊ ယင်းပြဿနာကို အစိုးရ အဆက်ဆက်ဖြေရှင်းခဲ့ကြသော်လည်း ယခုအချိန်ထိ ရှိနေ ဆဲဖြစ်ကြောင်း၊ မြေအသုံးချမှုနှင့်ပတ်သက်၍ မှန်မှန်ကန်ကန် ဆောင်ရွက်ကြရမည်ဖြစ်ပြီး ပြဋ္ဌာန်းဥပဒေများနှင့်အညီ စိစစ်ကြပ်မတ်ထိန်းသိမ်း ဆောင်ရွက်သွားရန်လိုကြောင်း။**

ပြည်တွင်းစားသုံးဆီလိုအပ်ချက်အတွက် စားသုံးဆီ များကို ပြည်ပမှနှစ်စဉ်တင်သွင်းနေရသဖြင့် နိုင်ငံခြားငွေ များစွာ သုံးစွဲကုန်ကျလျက်ရှိကြောင်း၊ ထို့ကြောင့် ပြည်တွင်း စားသုံးဆီဖူလုံမှုရှိစေရေးအတွက် ဆီထွက်သီးနှံများဖြစ်သည့် ပဲ၊ နှမ်း၊ နေကြာစိုက်ပျိုးခြင်းများကိုအားပေးဆောင်ရွက်လျက် ရှိသကဲ့သို့ ဆီစက်များ အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများကို အားပေးဆောင်ရွက်လျက်ရှိကြောင်း၊ ၂၀၂၅ ခုနှစ်မှစ၍ စားသုံးဆီဖူလုံမှုရှိရမည်ဖြစ်ကြောင်း၊ အလားတူ စက်သုံးဆီ များကိုလည်း ပြည်ပမှနှစ်စဉ်တင်သွင်းနေရကြောင်း၊ စက်သုံးဆီသုံးစွဲမှုများကို လျှော့ချနိုင်ရန်အတွက် လျှပ်စစ် ဓာတ်အားသုံး အများပြည်သူပို့ဆောင်ရေးစနစ်များ တိုးတက်လာရေးနှင့် ပြည့်ဖြိုးမြဲစွမ်းအင်များမှ လျှပ်စစ် ဓာတ်အား ထုတ်လုပ်ရေးလုပ်ငန်းများ တိုးတက်စေရေး အားပေးဆောင်ရွက်လျက်ရှိကြောင်း။

စီးပွားရေးရာကော်မတီအနေဖြင့် အစိုးရကိုတာဝန်ခံ ရမည်ဖြစ်ပြီး အစိုးရအနေဖြင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီကို တာဝန်ခံရမည်ဖြစ်ကာ နိုင်ငံတော်စီမံအုပ်ချုပ် ရေးကောင်စီအနေဖြင့် တိုင်းပြည်ကို တာဝန်ခံရမည်ဖြစ် ကြောင်း၊ ထို့ကြောင့် စီးပွားရေးရာကော်မတီအနေဖြင့် နိုင်ငံ့ စီးပွားဖွံ့ဖြိုးတိုးတက်ရေးကို အလေးထားဆွေးနွေး ဆောင်ရွက်သွားကြရန်မှာကြားလိုကြောင်း ပြောကြားသည်။

> အသစ်ထုတ်ပြန်လိုက်သည့် နှစ်သောင်းတန် ငွေစက္ကူထုတ်လုပ်ခြင်းနှင့် ပတ်သက်၍ အကန့်အသတ်ဖြင့်သာ ထုတ်လုပ်ခြင်းဖြစ်၊ နိုင်ငံတော်အနေဖြင့် ဘဏ္ဍာငွေလိုအပ်ချက်မရှိသကဲ့သို့ နိုင်ငံအတွင်းလည်ပတ်သုံးစွဲငွေများ မျှတစွာဖြင့်ရှိနေ၊ အဆိုပါ နှစ်သောင်းတန်ထုတ်လုပ်ခြင်းသည် အထိမ်းအမှတ်အဖြစ် ထုတ်ခဲ့ခြင်းသာဖြစ်၊ ယခုအခါ နိုင်ငံအတွင်းငွေကြေးလည်ပတ်မှု အနေဖြင့် ပုံမှန်အခြေအနေသို့ ပြန်လည်ရောက်ရှိနေပြီဖြစ်ပြီး ဘဏ်များ၌ ငွေကြေး အပ်နှံမှုများ များစွာရှိ၊ ယခုကဲ့သို့ နှစ်သောင်းတန်ငွေစက္ကူထုတ်ခဲ့ခြင်းကြောင့် ငွေကြေးဖောင်းပွမှု လုံးဝဖြစ်ပေါ်စေမည်မဟုတ်။

ထို့နောက် စီးပွားရေးရာကော်မတီအတွင်းရေးမှူး စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်က ရှင်းလင်းတင်ပြသည်။

ယင်းနောက် တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များနှင့် ပြည်ထောင်စုဝန်ကြီးများက သက်ဆိုင်ရာကဏ္ဍအလိုက် ရှင်းလင်းတင်ပြကြသည်။

**ဆွေးနွေးတင်ပြ**

ထို့နောက် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးဝင်းရှိန်က ဘဏ္ဍာရေးဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍လည်းကောင်း၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဒေါက်တာကံဇော်က ပြည်တွင်းစီးပွားရေးလုပ်ငန်းရှင်များအား ကွင်းဆင်းဆောင်ရွက်ပေးမှု၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုများ၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးမင်းနောင်က ရော်ဘာသီးနှံစိုက်ပျိုးထုတ်လုပ်မှုနှင့်ပတ်သက်၍လည်းကောင်း၊ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းက စပါးခွံဓာတ်ငွေ့လောင်စာသုံး လျှပ်စစ်ထုတ်လုပ်ရေးလုပ်ငန်းများ အဆင့်မြှင့်တင်ရေးဆောင်ရွက်နေမှုနှင့်ပတ်သက်၍လည်းကောင်း၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦးက ကုန်သွယ်မှုဆိုင်ရာ အခြေအနေများနှင့်ပတ်သက်၍လည်းကောင်း၊ ဥပဒေရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဒေါ်သီတာဦးက စီးပွားရေးဆိုင်ရာ စာချုပ်စာတမ်းများကို ဥပဒေပိုင်းဆိုင်ရာနှင့်ပတ်သက်ပြီး သဘောထားမှတ်ချက်များနှင့် ပတ်သက်၍လည်းကောင်း ဆွေးနွေးတင်ပြကြသည်။

ရှင်းလင်းတင်ပြမှုများနှင့်စပ်လျဉ်း၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က လုပ်ငန်းများဆောင်ရွက်ရာတွင် အမှန်အတိုင်းဖြစ်အောင်ဆောင်ရွက်ရန်လိုကြောင်း၊ ရော်ဘာစိုက်ပျိုးရာမှ ထွက်ရှိလာသည့် ရော်ဘာကုန်ကြမ်းများကို အဆင့်မြှင့်တင်နိုင်မည်ဆိုပါက ဝင်ငွေပိုမိုရရှိမည်ဖြစ်ကြောင်း၊ စပါးခွံဓာတ်ငွေ့လောင်စာသုံး လျှပ်စစ်ထုတ်လုပ်ရေးလုပ်ငန်းသည် မိမိတို့နိုင်ငံအနေဖြင့် ဆောင်ရွက်သင့်သည့် လျှပ်စစ်ဓာတ်အားထုတ်လုပ်မှု လုပ်ငန်းတစ်ခုဖြစ်သဖြင့် သက်ဆိုင်ရာဝန်ကြီးဌာနများအနေဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ကြစေလိုကြောင်း၊ ကုန်သွယ်မှုနှင့်ပတ်သက်၍ ကုန်ထုတ်လုပ်မှုများရှိမှသာ ပို့ကုန်များရရှိမည်ဖြစ်သဖြင့် ကုန်ထုတ်လုပ်မှုများ မြှင့်တင်ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံမှ ထွက်ရှိသည့် စိုက်ပျိုးမွေးမြူရေးထုတ်ကုန်များ ပြည်ပဈေးကွက်ရရှိရေးအတွက် နိုင်ငံတကာဈေးကွက်ကို အမြဲမပြတ် သုတေသနပြုဆောင်ရွက်နေရန်လိုကြောင်း ဖြည့်စွက်ဆွေးနွေးမှာကြားသည်။

**ဝင်ငွေနှင့်ထွက်ငွေညီမျှနေရေး**

ထို့နောက် စီးပွားရေးရာကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က နိဂုံးချုပ်အမှာစကားပြောကြားရာတွင် ဝန်ကြီးဌာနများမှ ဆောင်ရွက်နေသည့် လုပ်ငန်းများနှင့်ပတ်သက်၍ လုပ်ငန်းလည်ပတ်မှုများ အပြည့်အဝလည်ပတ်နိုင်ရေး စီမံဆောင်ရွက်ရန်လိုကြောင်း၊ နိုင်ငံတော်အစိုးရမှ ဆောင်ရွက်နေသည့် လုပ်ငန်းများသည် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူလူထု

အတွက် အထောက်အကူပြုသည့် လုပ်ငန်းများဖြစ်သဖြင့် လုပ်ငန်းများအားလုံး ဝင်ငွေနှင့်ထွက်ငွေညီမျှနေရေး စနစ်တကျဖြင့် အောင်မြင်အောင် ဆောင်ရွက်နေရန်လို ကြောင်း။

အသစ်ထုတ်ပြန်လိုက်သည့် နှစ်သောင်းတန် ငွေစက္ကူ ထုတ်လုပ်ခြင်းနှင့်ပတ်သက်၍ အကန့်အသတ်ဖြင့်သာ ထုတ်လုပ်ခြင်းဖြစ်ကြောင်း၊ နိုင်ငံတော်အနေဖြင့် ဘဏ္ဍာငွေ လိုအပ်ချက်မရှိသကဲ့သို့ နိုင်ငံအတွင်း လည်ပတ်သုံးစွဲငွေများ မျှတစွာဖြင့်ရှိနေကြောင်း၊ အဆိုပါ နှစ်သောင်းတန် ထုတ်လုပ်ခြင်းသည် အထိမ်းအမှတ်အဖြစ် ထုတ်ခဲ့ခြင်းသာဖြစ်ကြောင်း၊ ယခုအခါ နိုင်ငံအတွင်းငွေကြေးလည်ပတ်မှုအနေဖြင့် ပုံမှန် အခြေအနေသို့ ပြန်လည်ရောက်ရှိနေပြီဖြစ်ပြီး ဘဏ်များ၌ ငွေကြေးအပ်နှံမှုများ များစွာရှိကြောင်း၊ ယခုကဲ့သို့ နှစ်သောင်းတန်ငွေစက္ကူထုတ်ခဲ့ခြင်းကြောင့် ငွေကြေးဖောင်းပွမှု လုံးဝဖြစ်ပေါ်စေမည်မဟုတ်ကြောင်း၊ စီးပွားရေးအရ ကမောက်ကမဖြစ်စေရန်အတွက် နိုင်ငံရေးအရ တိုက်ခိုက်မှုသာဖြစ်ကြောင်း၊ အစိုးရ၏ စီးပွားရေးလုပ်ငန်းများသည် အမြတ်အစွန်းထက် တိုင်းပြည်ဖွံ့ဖြိုးရေးကို အထောက်အကူ ဖြစ်စေရန်ဖြစ်ကြောင်း၊ အရှုံးပေါ်နေခြင်းလည်း မဖြစ်သင့်ကြောင်း၊ မိမိတို့ စီးပွားရေးရာကော်မတီသည် နိုင်ငံ့ စီးပွားမြှင့်တင်ရေးအတွက် အရေးကြီးသည့် ကဏ္ဍတွင် ရှိပြီး နိုင်ငံ့စီးပွားမြှင့်တင်ရေးအတွက် အာရုံစိုက် ဆောင်ရွက်ကြစေလိုကြောင်း၊ လုပ်ငန်းများဆောင်ရွက်ရာတွင် တိုင်းပြည်အကျိုးကိုကြည့်၍ ဆောင်ရွက်ကြစေလို ကြောင်း မှာကြားသည်။

■ ■ ■

# ၂၀၂၃ ခုနှစ်၊ ဒုတိယအကြိမ် နိုင်ငံအဆင့် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ အခမ်းအနားသို့တက်ရောက်စဉ် ပြောကြားသည့်အမှာစကား

( ၂၈ - ၇ - ၂၀၂၃ )





၂၀၂၃ ခုနှစ်၊ ဒုတိယအကြိမ် နိုင်ငံအဆင့် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲအခမ်းအနားကို ဇူလိုင်လ (၂၈) ရက်နေ့ နံနက်ပိုင်းတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ်အတွင်း တည်ထားကိုးကွယ်လျက်ရှိသည့် ကမ္ဘာပေါ်ရှိထိုင်တော်မူ ကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်လာမည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ပရိဝုဏ်တော်အတွင်း၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်၍ လင်းလွန်းပင်ကို ဦးဆောင်စိုက်ပျိုးပေးသည်။

**တက်ရောက်**

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်ဇနီးဒေါ်ကြူကြူလှ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့်ဇနီး ဒေါ်သန်းသန်းနွယ်၊ ကောင်စီအတွင်းရေးမှူးနှင့်ဇနီး၊ တွဲဖက်အတွင်းရေးမှူးနှင့်ဇနီး၊ ကောင်စီအဖွဲ့ဝင်များနှင့်ဇနီးများ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့်ဇနီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ)နှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ဒုတိယဝန်ကြီးများနှင့် ဝန်ကြီးဌာနများမှ ဌာနဆိုင်ရာအရာထမ်း၊ အမှုထမ်းများ၊ သစ်တောနှင့် ပတ်ဝန်းကျင်ဆိုင်ရာတက္ကသိုလ်နှင့် အခြေခံပညာကျောင်းများမှ ကျောင်းသား၊ ကျောင်းသူများ၊ တာဝန်ရှိသူများ တက်ရောက်ကြသည်။

**အမှာစကားပြောကြား**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အမှာစကားပြောကြားရာတွင် **မာရဝိဇယဗုဒ္ဓဉယျာဉ်တော်အတွင်း ဉယျာဉ်စိမ်းလန်းစိုပြည်သာယာပြီး ဘုရားဖူးလာ ရဟန်းရှင်လူ ပြည်သူများ စိတ်ကြည်လင်အေးချမ်းစေရေး၊ သစ်တောသယံဇာတများ ရေရှည်တည်တံ့ပြီး ဇီဝမျိုးစုံမျိုးကွဲများ ပေါများကြွယ်ဝစေရေး၊ ရာသီဥတုသာယာမျှတစေရေးနှင့် ပတ်ဝန်းကျင် စိမ်းလန်းစိုပြည်သာယာစေရေးအတွက်**

**ရည်ရွယ်၍ ယခုသစ်ပင်စိုက်ပွဲတော်ကို ကျင်းပခြင်းဖြစ်** ပါကြောင်း။

မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးသည် ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်များအနက် ဥဏ်တော်အမြင့်ဆုံး ကျောက်သားစစ်စစ်ဗုဒ္ဓရုပ်ပွားတော်မြတ်တစ်ဆူပင်ဖြစ်ပါကြောင်း၊ ယခုကျင်းပပြုလုပ်သည့် သစ်ပင်စိုက်ပျိုးပွဲတွင် မြန်မာနိုင်ငံ၏ ဂုဏ်ယူဖွယ်ရာ ဗုဒ္ဓရုပ်ပွားတော်မြတ်တည်ရှိသည့် ဥယျာဉ်ဝင်းအတွင်း စိမ်းလန်းစိုပြည်စေရေးအတွက် လင်းလွန်းပင်၊ လုမ္ဗိနီအင်ကြင်းပင်နှင့် ကံ့ကော်ပင်စသည့် သစ်မျိုး ၁၇ မျိုး၊ အပင်ပေါင်း(၂၁၈၁)ပင်ကို စိုက်ပျိုးသွားမည်ဖြစ်ပါကြောင်း။

**အထိမ်းအမှတ်အပင်ဖြစ်**

ယနေ့စိုက်ပျိုးရာတွင် ပါဝင်သည့် လင်းလွန်းပင်သည် တဖုဿနှင့်ဘလ္လိက ကုန်သည်ညီနောင်ကို ပထမဆုံးသော အနုမောဒနာတရားဟောကြားပြီး ပထမဦးဆုံး ဆံတော်ပေးအပ်သည့် နေရာဖြစ်သကဲ့သို့ သရဏဂုံနှစ်ပါး စတင်ရာနေရာ၏ အထိမ်းအမှတ်အပင်ဖြစ်ပါကြောင်း၊ အလားတူ လုမ္ဗိနီအင်ကြင်းပင်သည်လည်း မြတ်ဗုဒ္ဓဖွားတော်မူရာ နေရာ၏ အထိမ်းအမှတ်အပင်ဖြစ်ပါကြောင်း။

ပွင့်တော်မူပြီးသည့် နှစ်ကျိပ်ရှစ်ဆူကုန်သော မြတ်စွာဘုရားရှင်များသည် ဥယျာဉ်၊ သစ်တောများရှိ ဗောဓိပင်ရင်းများ၌ ဘုရားအဖြစ်သို့ ရောက်ရှိခဲ့ခြင်းဖြစ်ပါကြောင်း၊ ထို့ကြောင့် သစ်တောသစ်ပင်များ စိုက်ပျိုးခြင်းသည် ဗုဒ္ဓသာသနာတော် ထွန်းလင်းပွင့်လန်းစေရေး ကောင်းမွန်မြင့်မြတ်သည့် အစဉ်အလာနှင့် အထောက်အပံ့ကောင်းတစ်ခုဖြစ်ပါကြောင်း။

**ဗုဒ္ဓ၏အဆုံးအမတရားတော်၌ ထာဝရကုသိုလ်ခြောက်ပါးရှိသည့်အနက် သစ်ပင်စိုက်ပျိုးခြင်း၊ သစ်တောများထိန်းသိမ်းခြင်းသည် ထာဝရကုသိုလ်တစ်ပါးဖြစ်ပါကြောင်း၊ သစ်ပင်စိုက်ပျိုးခြင်းသည် ဇရပ် တန်ဆောင်း၊ ဂူ ကျောင်း၊ ပြာသာဒ်ဆောက်လုပ် လှူဒါန်းခြင်းနှင့် အခြားထာဝရကုသိုလ်များကဲ့သို့ပင် တူညီသည့်ကုသိုလ်ကို ရရှိခံစားနိုင်ပြီး အသက်ရှည်ကျန်းမာသည့် ကုသိုလ်အကျိုးထူးတို့ကိုလည်း ရရှိနိုင်ပါကြောင်း။**

ထို့ကြောင့်လည်း မာရဝိဇယဗုဒ္ဓဥယျာဉ်တော်အတွင်း၌ ဗောဓိညောင်ပင်၊ ကျည်းပင်၊ လင်းလွန်းပင်၊ လုမ္ဗိနီအင်ကြင်းပင် အစရှိသည့် ဗုဒ္ဓသာသနာနှင့် ဆက်စပ်နေသည့် အပင်မျိုးများအပါအဝင် သစ်ပင်မျိုးများစွာကို စိုက်ပျိုးပြုစုထိန်းသိမ်းထားပါကြောင်း၊ **"ဘုရားကျောင်းကန် စေတီရံလည်း သစ်ပင်ရှိမှ ပနံရလိမ့်"** ဟုဆိုသည့်အတိုင်း မြန်မာနိုင်ငံ၏ ဂုဏ်ယူဖွယ်ရာ ဗုဒ္ဓရုပ်ပွားတော်မြတ်တည်ရှိသည့် ဥယျာဉ်ဝင်းအတွင်း စိမ်းလန်းသာယာစေရေး ယခုကဲ့သို့ ပြည်သူများနှင့်ပူးပေါင်းပြီး သစ်ပင်များ ဆက်လက်စိုက်ပျိုးသွားမည် ဖြစ်ပါကြောင်း။

**စနစ်တကျပြုစုထိန်းသိမ်း**

သစ်တောများ တည်ရှိရှင်သန်နေခြင်းသည် **"အတိတ်ကာလ၏ အမွေအနှစ်၊ ပစ္စုပ္ပန်၏ အကျိုးစီးပွားနှင့် အနာဂတ်၏ ဖွံ့ဖြိုးမှု"** ဖြစ်သည့်အတွက် စနစ်တကျပြုစုထိန်းသိမ်းရန် အလွန်အရေးကြီးပါကြောင်း၊ တစ်ပင်စိုက်၊ တစ်ပင်ရှင်သန်ပြီး စိုက်ပျိုးသမျှ အောင်မြင်အောင် ပြုစုထိန်းသိမ်းကြရမည် ဖြစ်ပါကြောင်း၊ သစ်ပင်သစ်တောများကို စိုက်ပျိုးပြုစုခြင်းသာမက သဘာဝသစ်တော သယံဇာတများကိုလည်း ရေရှည်တည်တံ့စေရေး ထိန်းသိမ်းကြရမည်ဖြစ်ပါကြောင်း၊ ၂၀၃၀ ပြည့်နှစ်တွင် နိုင်ငံ့ဧရိယာ၏ ၃၀ ရာခိုင်နှုန်းကို သစ်တောကြိုးဝိုင်းများ၊ ကြိုးပြင်ကာကွယ်တောများအဖြစ် ဖွဲ့စည်းနိုင်ရေးနှင့် ၁၀ ရာခိုင်နှုန်းကို သဘာဝထိန်းသိမ်းရေးနယ်မြေများအဖြစ် ဖွဲ့စည်းနိုင်ရေးအတွက် ရည်မှန်းချက်များ ပြည့်မီအောင်

> ဗုဒ္ဓ၏အဆုံးအမတရားတော်၌
> ထာဝရကုသိုလ်ခြောက်ပါးရှိသည့်အနက်
> သစ်ပင်စိုက်ပျိုးခြင်း၊ သစ်တောများ
> ထိန်းသိမ်းခြင်းသည်
> ထာဝရကုသိုလ်တစ်ပါးဖြစ်၊
> သစ်ပင်စိုက်ပျိုးခြင်းသည်
> ဇရပ်၊ တန်ဆောင်း၊ ဂူ၊ ကျောင်း၊ ပြာသာဒ်
> ဆောက်လုပ်လှူဒါန်းခြင်းနှင့် အခြားထာဝရ
> ကုသိုလ်များကဲ့သို့ပင် တူညီသည့်ကုသိုလ်ကို
> ရရှိခံစားနိုင်ပြီး အသက်ရှည်ကျန်းမာသည့်
> ကုသိုလ်အကျိုးထူးတို့ကိုလည်း ရရှိနိုင်။

ကြိုးပမ်းဆောင်ရွက်ကြရန်လည်း မှာကြားလိုပါကြောင်း။

**ထာဝရကုသိုလ်ရယူနိုင်**

နိုင်ငံရေရှည်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူများ စားရေရိက္ခာဖူလုံပြီး ကျန်းမာပျော်ရွှင်ရေးအတွက် သစ်ပင်သစ်တောများ၏ အခန်းကဏ္ဍသည် အလွန်အရေးကြီးပါကြောင်း၊ ဗုဒ္ဓဥယျာဉ်တော်ကြီး စိမ်းလန်းသာယာစိုပြည်ရေး၊ သစ်ပင်သစ်တောများ ရေရှည်တည်တံ့စေရေးအတွက် ဘက်စုံကဏ္ဍစုံမှ ရှုမြင်သုံးသပ်ပြီး သစ်တောထိန်းသိမ်းရေးလုပ်ငန်းများကို ဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း၊ ယခုသစ်ပင်စိုက်ပျိုးပွဲတော်မှသည် နိုင်ငံအဝန်းကျေးလက်မြို့ပြများအားလုံး စိမ်းလန်းစိုပြည်သာယာစေရေး၊ မိမိပတ်ဝန်းကျင်နှင့် ကမ္ဘာမြေငြိမ်းချမ်းသာယာစေရေး၊ ထာဝရကုသိုလ်ရယူနိုင်ရေး သစ်ပင်သစ်တောများကို စိုက်ပျိုးထိန်းသိမ်းကြရမည်ဖြစ်ကြောင်းကို တိုက်တွန်းပြောကြားသည်။

■ ■ ■

# ကမ္ဘာပေါ်ရှိ ထိုင်တော်မူ ကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်လာမည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပြီးစီးမှုအခြေအနေများနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည့် အမှာစကား။

( ၂၉ - ၇ - ၂၀၂၃ )





ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိ မြို့နယ်အတွင်း တည်ထားကိုးကွယ်လျက်ရှိသည့် ကမ္ဘာ ပေါ်ရှိထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်လာမည့် မာရဝိဇယဗုဒ္ဓရုပ်ပွား တော်မြတ်ကြီး တည်ဆောက်ပြီးစီးမှု အခြေအနေများ ရှင်းလင်းပြသခြင်း အခမ်းအနားကို ဇူလိုင်လ (၂၉) ရက်နေ့ နံနက်ပိုင်းတွင် ကျင်းပပြုလုပ်သည်။

**တက်ရောက်**

အခမ်းအနားသို့ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ)ဗိုလ်ချုပ်ကြီး မောင်မောင်အေး၊ ပြည်ထောင်စု ဝန်ကြီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့် တပ်မတော်အရာရှိကြီးများ၊နေပြည်တော်တိုင်း စစ်ဌာနချုပ် တိုင်းမှူးနှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ အလှူရှင်များနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက် ကြသည်။

ဦးစွာ ဦးဆောင်ဘုရားဒါယကာ နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ကမ္ဘာပေါ်ရှိ ထိုင်တော်မူ ကျောက်ဆစ် ဗုဒ္ဓရုပ်ပွားတော်များအနက် ဉာဏ်တော် အမြင့်ဆုံးဖြစ်လာမည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ထားကိုးကွယ်ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြော ကြားရာ၌ ရှမ်းပြည်နယ်(အရှေ့ပိုင်း)တွင် အေးချမ်း သာယာပြီး တည်တံ့ခိုင်မြဲရေးအတွက်လည်းကောင်း၊ ပြည်တွင်းပြည်ပဘုရားဖူးများ လာရောက်ဖူးမြော် ကြည်ညိုနိုင်ကြပြီး ခရီးသွားများပြားလာခြင်းဖြင့် အလုပ် အကိုင်အခွင့်အလမ်းများရရှိကာ ဒေသခံပြည်သူများ၏ လူမှုစီးပွားဘဝ ပိုမိုတိုးတက်မြင့်မားစေရန်အတွက် လည်းကောင်း ရည်ရွယ်၍ ကျိုင်းတုံမြို့ ပန်ကွဲကျေးရွာအနီး

ဗုဒ္ဓဥယျာဉ်တော်အတွင်း အဘယရာဇမုနိရုပ်ပွားတော်မြတ်ကြီးကိုလည်း ၂၀၁၈ ခုနှစ်တွင် တည်ထားကိုးကွယ်ခဲ့မှု။

**အဆင့်ဆင့်ပင့်ဆောင်ခဲ့**

မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ ကျောက်တုံးတော်ကြီးများ တူးဖော်ခြင်းလုပ်ငန်းကို စနစ်တကျဖြင့် အဆင့်ဆင့် ဆောင်ရွက်ခဲ့မှု၊ ကျောက်တုံးတော်ကြီးအား ရတနာပုံခေတ်ဟန် ဘူမိဖဿမုဒြာ ဆင်းတုတော်ကြီးအဖြစ် တည်ထားကိုးကွယ်ရန် ဆောင်ရွက်ခဲ့မှု၊ ရုပ်ပွားတော်ကြီး ထုဆစ်မည့် ဆင်းတုတော်အပိုင်းများနှင့် ပလ္လင်တော် အပိုင်း ကျောက်တုံးတော်ကြီးများကို အပိုင်းလိုက်ခွဲ၍ ရေလမ်းကြောင်း၊ ကုန်းလမ်းကြောင်းများဖြင့် အခက်အခဲများကြားမှ အဆင့်ဆင့် ပင့်ဆောင်ခဲ့မှု၊ ကမ္ဘာ့အလေးချိန် အများဆုံး ရေလမ်းခရီးသယ်ဆောင်မှုနှင့် ကုန်းလမ်းခရီးသယ်ဆောင်မှုဖြစ်ခဲ့သည့် အခြေအနေများ၊ မာရဝိဇယ ဗုဒ္ဓဥယျာဉ်တော်ကြီး အဆင့်အဆင့် တည်ဆောက်နိုင်ရေး ဆောင်ရွက်ခဲ့မှု၊ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးနှင့် မာရဝိဇယ ဗုဒ္ဓဥယျာဉ်တော်ကြီး တည်ဆောက်ရေး လုပ်ငန်းများဆောင်ရွက်ရာတွင် ဘုရား၊ ကျောင်း၊ ကန်၊ သိမ်၊ ဇရပ်၊ တံတား၊ ဥယျာဉ်များ ပြည့်စုံစွာဖြင့် ထည့်သွင်းတည်ဆောက်နိုင်ရေး နိုင်ငံတော်သံဃမဟာနာယက ဆရာတော်ကြီးများထံမှ ဩဝါဒခံယူဆောင်ရွက်ခဲ့မှု၊ ဩဝါဒါစရိယ ဆရာတော်ကြီးများ၏ ဩဝါဒမိန့်ကြားချက်များအရ ဆဋ္ဌသင်္ဂါယနာမူပိဋကတ်ကျမ်းစာများကို ကမ္ဘာကပါ သိရှိနိုင်ရေးအတွက် စကျင်ကျောက်ချပ်များပေါ်၌ ခေတ်မီစက်ကိရိယာများ အသုံးပြုပြီး ပါဠိအက္ခရာ၊ Romanize Language တို့ဖြင့် ကျောက်စာတော်များ တည်ထားဆောင်ရွက်လျက်ရှိမှု၊ မုစလိန္ဒနဂါးရုံဘုရား တည်ထားရာတွင်လည်း ဩဝါဒါစရိယ ဆရာတော်ကြီးများ၏ ဩဝါဒခံယူလျက် ဝိနည်းမဟာဝါပါဠိတော်၊ ဝိနည်းမဟာဝါ အဋ္ဌကထာ၊ သာရတ္ထဋီကာ၊ မူလပဏ္ဏာသ အဋ္ဌကထာ၊ ဥဒါန်းပါဠိတော်၊ ဇာတကအဋ္ဌကထာစသည့် ပိဋကတ်တော်လာအဆိုများနှင့် မဟာဗုဒ္ဓဝင်ကျမ်းဂန်တော်များနှင့်အညီ ပြည့်စုံစွာတည်ထားကိုးကွယ်ခဲ့မှု၊ ကမ္ဘာပေါ်ရှိ ဘုန်းတော်ကြီးကျောင်းများသို့ ဖြန့်ဝေရန် အတွက်လည်း ပိဋကတ်ကျမ်းစာအုပ်များကို ပါဠိအက္ခရာ နှင့် Romanize Language တို့ဖြင့် ရိုက်နှိပ်ခြင်းနှင့် Tablet များဖြင့် ထည့်သွင်းခြင်းတို့ကို ဆောင်ရွက်လျက်ရှိမှု။

**ထည့်သွင်းတည်ဆောက်**

မာရဝိဇယဥယျာဉ်အတွင်း ချောင်း ဆောင်ရွက်ပြီး ဖြောင့်ခြင်းလုပ်ငန်း မန္တလေးနန်းတော်မင်္ဂလာတံတား ပုံစံ တံတားတစ်စင်းကိုလည်း ထည့်သွင်းတည်ဆောက်ခဲ့မှု၊ ရုပ်ပွားတော်မြတ်ကြီး၏ မျက်နှာတော်မူရာ တူရူ အရပ်တွင် ဝိဇယဘူမိနိမ္မာန အောင်မြေတည်ထားမှု၊ မာရဝိဇယရုပ်ပွားတော်မြတ်ကြီးတည်ဆောက်ရာတွင် ရေရှည်

**ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ဖြစ်လာမည့် စကျင်ကျောက်တုံးတော်ကြီးကို စတင်လှူဒါန်းသည်မှ အနေကဇာတင်လှူခြင်း မပြုမီအထိ လှူဒါန်းကုသိုလ်ပြုမှုများသည် ကုသိုလ်ကို အစပြုထူထောင်ကြသူ (Founder) များပင် ဖြစ်၊ ယခုလှူဒါန်းသည့် ကုသိုလ်မှာ အများကုသိုလ်ပင်ဖြစ်၊ မင်းတုန်းမင်းကြီးတည်ထားခဲ့သည့် ကုသိုလ်တော်ဘုရားကြီးရှိ ကျောက်စာများမှာ နှစ်ပေါင်း ၁၆၀ ကျော်ရှိပြီဖြစ်သော်လည်း ယခုအချိန်အထိ ပျက်စီးယိုယွင်းမှုများမရှိ၊ အလားတူ ပုဂံရှိ ရှေးဟောင်းဘုရားများသည်လည်း ယနေ့ထက်တိုင် တည်တံ့နေဆဲဖြစ်သည်ကို တွေ့မြင်ရမည်ဖြစ်၊ မာရဝိဇယ ကျောက်ဆစ်ရုပ်ပွားတော်မြတ်ကြီးမှာ နောင်နှစ်ပေါင်းများစွာအထိ တည်တံ့ခိုင်မြဲနေမည်ဖြစ်ပြီး မိမိတို့၏ နောင်လာနောက်သားများအဆက်ဆက်အထိ တည်ရှိနေမည်ဟု ယုံကြည်၊ ထို့ကြောင့် ယခုပစ္စုပ္ပန်ကာလတွင် လှူဒါန်းခဲ့မှုများသည် မှန်မြတ်သည့် ကုသိုလ်များပင်ဖြစ်။**

တည်တံ့ခိုင်မြဲမှုရှိစေရေး စနစ်တကျ တွက်ချက်ဆောင်ရွက်ခဲ့မှု၊ ပလ္လင်တော်အပိုင်းများကို အဆင့်ဆင့် တွဲဆက်ခဲ့မှု၊ ရေပန်းရင်ပြင်နှင့် ရေပန်းဝိုင်းများ တည်ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက်ခဲ့မှု၊ မာရဝိဇယဗုဒ္ဓဥယျာဉ်တည်ဆောက်ခြင်း လုပ်ငန်းများအဆင့်ဆင့် တိုးတက်လာမှု မှတ်တမ်းများ၊ ဘုရားဖူးလာပြည်သူများ အနားယူနိုင်ရန်အတွက် သုခမ္မာ ဇရပ်များ တည်ဆောက်ထားရှိမှု၊ ရုပ်ပွားတော်မြတ်ကြီး၏ ဆင်းတုတော်အပိုင်းများအလိုက် CNC စက်ဖြင့် အဆင့်ဆင့် ထုဆစ်ခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့မှု၊ မာရဝိဇယ ကျောင်းတော်နှင့် မုစလိန္ဒကန်တည်ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက်ခဲ့မှုနှင့် ကျည်းပင်များစိုက်ပျိုးထားရှိမှု၊ မုစလိန္ဒကန် တည်ဆောက်ခြင်းလုပ်ငန်းအဆင့်ဆင့် တိုးတက်လာမှု၊ မာရဝိဇယရုပ်ပွားတော်မြတ်ကြီး၏ ဆင်းတုတော်အပိုင်း များအား အဆင့်ဆင့်တွဲဆက်ခဲ့မှုများ ဆောင်ရွက်ခဲ့မှု၊ ဘုရားဖူးလာ မိဘပြည်သူများအနေဖြင့် ဗုဒ္ဓရုပ်ပွားတော် မြတ်ကြီးအား လာရောက်ဖူးမြော်ချိန်တွင် ကျောက်စာတိုက် အတွင်းရှိ ပိဋကတ်သုံးပုံတော်လာအဋ္ဌကထာဋီကာ ကျမ်းစာများကိုတစ်ပါတည်း လေ့လာနာယူကြည်ညိုနိုင်ရေး စကျင်ကျောက်ချပ်များပေါ်၌ ခေတ်မီစက်ကိရိယာများ အသုံးပြုပြီး ပါဠိအက္ခရာ၊ Romanize Language တို့ဖြင့် ကျောက်စာတော်များထွင်းထု၍ ကျောက်စာရုံစေတီများ တည်ထားမှုနှင့် အဆင့်ဆင့်တိုးတက်လာမှု၊ ဆင်းတုတော် ကြီး၏ အပိုင်း (၁၊ ၂၊ ၃) တို့အား တွဲဆက်၍ ပင့်ထောင်ခြင်း လုပ်ငန်းနှင့် ပင့်ဆောင်ခြင်းလုပ်ငန်းများကို ခေတ်မီ စက်ကိရိယာများ အသုံးပြုပြီး မြန်မာနိုင်ငံအင်ဂျင်နီယာ ကောင်စီနှင့် တပ်မတော်အင်ဂျင်နီယာ တပ်ဖွဲ့ဝင်များ ပူးပေါင်း၍ လုပ်ငန်းများ အောင်မြင်စွာဆောင်ရွက်နိုင်ခဲ့မှု၊ ရတနာပလ္လင်တော်ထက်တွင် ဌာပနာထည့်သွင်းပူဇော်ခြင်း မဟာမင်္ဂလာအခမ်းအနားများ ဆောင်ရွက်ခဲ့မှုနှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်တစ်ဝန်းလုံးမှ ခုနစ်ရက် သား၊ သမီး၊ ဘုရားဒါယကာ၊ ဒါယိကာမများ၊ စေတနာရှင်၊ အလှူရှင်များက ကုသိုလ်ပြုလှူဒါန်းထားသည့် အဖိုးတန် ကျောက်မျက်ရတနာ ဌာပနာတော် ကုသိုလ်ပစ္စည်းများ ဌာပနာသွင်းလှူပူဇော်ခဲ့မှု၊ ဆင်းတုတော်အပိုင်းကြီးများကို အဆင့်ဆင့်ပင့်ဆောင်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ခဲ့မှု၊ သာသနာရေးဆိုင်ရာ အခမ်းအနားကြီးများကို ခမ်းနား သိုက်မြိုက်စွာဖြင့် ကျင်းပပြုလုပ်နိုင်သော သံဃာတော် အပါး ၉၀၀ နှင့် လူပရိသတ် ၁၂၀၀ ဝင်ဆံ့နိုင်သည့် အလျား ၂၉၆ ပေ၊ အနံ ၂၁၃ ပေ၊ အမြင့် ၉၄ ပေရှိ သာသနဒ္ဓဇမာန် အဂ္ဂါဓိပတိ ဝိသုံဂါမသိမ်တော်ကြီးကို ခမ်းနားထည်ဝါစွာဖြင့် တည်ဆောက်ထားမှုအခြေအနေများ၊ မာရဝိဇယဗုဒ္ဓရုပ်ပွား တော်မြတ်ကြီးအား ဆေးသင်္ကန်းကပ်လှူပူဇော်ခဲ့မှုနှင့် ဥဏ္ဏာလုံမွေးရှင်တော်မြတ် တပ်ဆင်ပူဇော်ခဲ့မှု၊ လက်မှု အချောထည်လုပ်ငန်းနှင့် ဆေးသင်္ကန်းကပ်ခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေ၊ ရုပ်ပွားတော်မြတ်ကြီး ရေရှည်တည်တံ့ခိုင်မြဲစေရေးအတွက် လေပြင်းတိုက်ခတ်မှု ဒဏ်ခံနိုင်ရေး၊ မြေငလျင်ဒဏ်ခံနိုင်ရေးနှင့် သဘာဝ ဘေးဒဏ်အန္တရာယ်များမှ ခံနိုင်မှုရှိစေရေး စနစ်တကျ တွက်ချက်တည်ဆောက်ခဲ့မှုနှင့် ခေတ်မီနည်းပညာများ အသုံးပြုတည်ဆောက်ခဲ့မှု၊ မာရဝိဇယဗုဒ္ဓရုပ်ပွားတော် မြတ်ကြီးတည်ဆောက်ခြင်းလုပ်ငန်းများ အဆင့်ဆင့် တိုးတက်လာမှု၊ ရင်ပြင်တော်ကြီး တည်ဆောက်ခြင်း လုပ်ငန်းဆောင်ရွက်ခဲ့မှု၊ ဂန္ဓကုဋိတိုက်များ တည်ဆောက် ထားရှိမှု၊ သက်ကြီးရွယ်အိုများ ဘုရားရင်ပြင်တော်ပေါ်သို့ တက်ရောက်ရာတွင် အဆင်ပြေမှုရှိစေရေး စက်လှေကား ထည့်သွင်းတည်ဆောက်ထားရှိမှု၊ မဟာဗောဓိပင် စိုက်ပျိုးထားရှိမှုနှင့် လင်းလွန်းပင်နှင့် အင်ကြင်းတော စိုက်ပျိုးဆောင်ရွက်လျက်ရှိမှု၊ ရေပန်းရင်ပြင်နှင့် ကျောက် စာရုံများ အဆင့်ဆင့်တိုးတက်လာမှု၊ ဗုဒ္ဓါဘိသေက အနေကဇာတင်အခမ်းအနားကျင်းပရန် ပြင်ဆင်နေမှုနှင့် ဘုရားကြီးတည်ဆောက်ပြီးစီးပါက တွေ့ရှိရမည့် အခြေ အနေများကို ရှင်းလင်းပြောကြားပြီး မာရဝိဇယဗုဒ္ဓ ရုပ်ပွားတော်မြတ်ကြီးအား ဗုဒ္ဓါဘိသေကအနေကဇာတင် လှူခြင်း၊ ကျောက်စာရုံစေတီတော်များ ထီးတော်တင် လှူခြင်းနှင့် ရေစက်ချအခမ်းအနားများကို မြန်မာသက္ကရာဇ် ၁၃၈၅ ခုနှစ် ဒုတိယဝါဆိုလပြည့် (ဓမ္မစကြာနေ့) ခရစ်နှစ် ၂၀၂၃ ခုနှစ်၊ ဩဂုတ်လ ၁ ရက်တွင် နိုင်ငံတော်အဆင့် စည်ကားသိုက်မြိုက်စွာ ပြုလုပ်သွားမည့် အခြေအနေ များကို ပြောကြားသည်။

**အလှူငွေများပေးအပ်လှူဒါန်း**

ထို့နောက် အခမ်းအနားတက်ရောက်လာကြသူများက မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးနှင့် မာရဝိဇယဗုဒ္ဓဥယျာဉ် တည်ဆောက်ခြင်းအတွက် ကြည်ညိုသဒ္ဓါပွားများလျက် အလှူငွေများကို ပေးအပ်လှူဒါန်းလာသဖြင့် ဦးဆောင်

ဘုရားဒါယကာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က လက်ခံရယူသည်။ မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးနှင့် မာရဝိဇယဗုဒ္ဓဥယျာဉ် တည်ဆောက်ခြင်းအတွက် ယနေ့တက်ရောက်လာကြသူများ၏ လှူဒါန်းမှုအနေဖြင့် ပြည်တွင်း၊ ပြည်ပအလှူရှင် ၂၇၄ ဦးက လှူဒါန်းငွေ ၅ ဒသမ ၀၄ ဘီလီယံ (ငွေကျပ် သန်း ၅၀၀၀ ကျော်)၊ အမေရိကန်ဒေါ်လာ ၂၃၀၀၀ နှင့် ထိုင်းဘတ်ငွေ တစ်သိန်းတို့ဖြစ်ကြောင်း သိရသည်။

ယင်းနောက် ဦးဆောင်ဘုရားဒါယကာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က မတည်အလှူငွေများ စုပေါင်းလှူဒါန်းကြခြင်းအပေါ် ကျေးဇူးတင်စကားပြန်လည်ပြောကြားရာတွင် ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ဖြစ်လာမည့် စကျင်ကျောက်တုံးတော်ကြီးကို စတင်လှူဒါန်းသည်မှ အနေကဇာတင်လှူခြင်းမပြုမီအထိ လှူဒါန်းကုသိုလ်ပြုမှုများသည် ကုသိုလ်ကို အစပြုထူထောင်ကြသူ (Founder) များပင် ဖြစ်ပါကြောင်း၊ ယခုလှူဒါန်းသည့် ကုသိုလ်မှာ အများကုသိုလ်ပင်ဖြစ်ပါကြောင်း၊ မင်းတုန်းမင်းကြီးတည်ထားခဲ့သည့် ကုသိုလ်တော်ဘုရားကြီးရှိ ကျောက်စာများမှာ နှစ်ပေါင်း ၁၆၀ ကျော်ရှိပြီဖြစ်သော်လည်း ယခုအချိန်အထိ ပျက်စီးယိုယွင်းမှုများ မရှိကြောင်း၊ အလားတူ ပုဂံရှိ ရှေးဟောင်းဘုရားများသည်လည်း ယနေ့ထက်တိုင် တည်တံ့နေဆဲဖြစ်သည်ကို တွေ့မြင်ရမည်ဖြစ်ကြောင်း၊ မာရဝိဇယကျောက်ဆစ်ရုပ်ပွားတော်မြတ်ကြီးမှာ နောင်နှစ်ပေါင်းများစွာအထိ တည်တံ့ခိုင်မြဲနေမည်ဖြစ်ပြီး မိမိတို့၏ နောင်လာနောက်သားများ အဆက်ဆက်အထိ တည်ရှိနေမည်ဟုယုံကြည်ပါကြောင်း၊ ထို့ကြောင့် ယခုပစ္စုပ္ပန်ကာလတွင် လှူဒါန်းခဲ့မှုများသည် မွန်မြတ်သည့် ကုသိုလ်များပင်ဖြစ်ပါကြောင်း၊ ယနေ့ ရှင်းလင်းပွဲသို့ အချိန်ပေးတက်ရောက်ခဲ့ပြီး မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ထားကိုးကွယ်မှုအပေါ် ကြည်ညိုသဒ္ဓါစိတ်များဖြစ်ပေါ်၍ လှူဒါန်းကုသိုလ်ယူမှုများအတွက်လည်း ဝမ်းမြောက်နမော်သာဓုခေါ်ဆိုအပ်ပါကြောင်း၊ ယနေ့လှူဒါန်းမှုများအတွက် တူညီသည့် ကုသိုလ်များရရှိပါစေကြောင်းနှင့် စိတ်ချမ်းသာကိုယ်ကျန်းမာရှိကြပါစေကြောင်းဖြင့် ဆုမွန်ကောင်းတောင်းပါကြောင်း ပြောကြားသည်။

■ ■ ■

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီအစည်းအဝေး (၂/၂၀၂၃)တွင် ပြောကြားသည့်အမှာစကား

( ၃၁ - ၇ - ၂၀၂၃ )



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီအစည်းအဝေး (၂/၂၀၂၃) ကို ဇူလိုင်လ ၃၁ ရက်နေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်သည်။

အစည်းအဝေးသို့ ယာယီသမ္မတ ဦးမြင့်ဆွေ၊ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း၊ ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦး၊ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိုးထွဋ်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ၊ နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်၊ အထူးဖိတ်ကြားထားသည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး အောင်လင်းဒွေး၊ တွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ဥပဒေရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာသီတာဦးတို့ တက်ရောက်ကြသည်။

ဦးစွာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် နိုင်ငံတော်တာဝန်များကို သက်တမ်းတိုးတာဝန်ယူခဲ့သည့် ခြောက်လတာကာလအတွင်း ဆောင်ရွက်ခဲ့မှုများနှင့် ဆက်လက်ဆောင်ရွက်ရန် လိုအပ်သည်များနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြရာတွင် ထပ်မံသက်တမ်းတိုးထားသည့်ကာလအတွင်း နိုင်ငံဖွံ့ဖြိုးတိုးတက်မှုကို အရှိန်အဟုန်မြှင့်ဆောင်ရွက်နိုင်စေရန် ၂၀၂၃ ခုနှစ်၊ ဖေဖော်ဝါရီ ၄ ရက်တွင် ရှေ့လုပ်ငန်းစဉ် (၅)ရပ်နှင့် ဦးတည်ချက်(၁၂)ရပ်ကို

လတ်တလောအခြေအနေများနှင့်ကိုက်ညီသည့်လုပ်ငန်းစဉ်၊ ဦးတည်ချက်များအဖြစ် ပြင်ဆင်ချမှတ်ခြင်း၊ ထပ်မံဖြည့်စွက်ခြင်းတို့ကို ဆောင်ရွက်ခဲ့ပါကြောင်း၊ ယခင်ချမှတ်ထားသည့် ရှေ့လုပ်ငန်းစဉ်များနှင့်အညီ ဆောင်ရွက်ရမည့်ကိစ္စရပ်များကို ဆောင်ရွက်ခဲ့ပြီးဖြစ်သည့်အပြင် **နိုင်ငံရေးလုပ်ငန်းစဉ်(၂)ရပ်ဖြစ်သည့် စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမို ကရေစီစနစ်ခိုင်မာရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေး၊ အမျိုးသားရေးလုပ်ငန်းစဉ် (၂) ရပ်ဖြစ်သော တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေး**တို့ကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ပိုမိုလျင်မြန်ထိရောက်စွာ ဆောင်ရွက်နိုင်ရန်ဖြစ်ပါကြောင်း။

**အကြမ်းဖက်တိုက်ခိုက်ခံရမှုများ ရှိနေဆဲပင်ဖြစ်**

ရှေ့လုပ်ငန်းစဉ် ၅ ရပ်၏ ပထမဆုံးအချက်ကို **"ပြည်သူတို့၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေ စိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်မည်"** ဟု ချမှတ်ထားပါကြောင်း၊ လက်ရှိကာလတွင် CRPH၊ NUG နှင့် PDF အပါအဝင် အချို့ EAO အဖွဲ့များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းမှု ပျက်ပြားစေရန် အကြမ်းဖက်တိုက်ခိုက်မှုမျိုးစုံကို လုပ်ဆောင်လျက်ရှိပါကြောင်း၊ တပ်မတော်အနေဖြင့်လည်း လိုအပ်သည့်စစ်ဆင်ရေးလုပ်ငန်းများဆောင်ရွက်ပြီး အခြားနယ်မြေများတွင်လည်း နယ်မြေတည်ငြိမ်အေးချမ်းပြီး တရားဥပဒေစိုးမိုးမှုရရှိစေရေး ဥပဒေနှင့်အညီ ဆောင်ရွက်လျက်ရှိပါကြောင်း၊ **ယခင်ကထက် အကြမ်းဖက်တိုက်ခိုက်မှုများ လျော့နည်းလာသည်ဆိုသော်လည်း NUG အမည်ခံ အကြမ်းဖက်အဖွဲ့၏ အကြမ်းဖက်လှုံ့ဆော်မှု၊ အချို့သောအကြမ်းဖက်မှုအားပေး ပြည်ပဝင်ရောက်စွက်ဖက်မှု၊ PDF အမည်ခံ အကြမ်းဖက်အဖွဲ့များနှင့် အချို့သော EAO များ၏ အကြမ်းဖက်လုပ်ရပ်များကြောင့် အကြမ်းဖက်တိုက်ခိုက်ခံရမှုများ ရှိနေဆဲပင်ဖြစ်**ပါကြောင်း၊ အကြမ်းဖက်သမားများ၏ သတ်ဖြတ်မှုများကြောင့် ၂၀၂၃ ခုနှစ်၊ ဖေဖော်ဝါရီ ၁ ရက်မှ ဇူလိုင် ၃၀ ရက်အထိ ရဟန်းသံဃာနှင့် သီလရှင် လေးပါး၊ အပြစ်မဲ့ပြည်သူများသေဆုံးမှု ၇၇၂ ဦးနှင့် နိုင်ငံ့ဝန်ထမ်း ၂၈ ဦး သေဆုံးခဲ့ရပါကြောင်း၊ ထို့ပြင် အကြမ်းဖက်ဖျက်ဆီးမှုများကြောင့် ကျန်းမာရေးဆိုင်ရာ အဆောက်အအုံတစ်လုံး၊ ဘာသာရေးဆိုင်ရာ အဆောက်အအုံ ၁၁ လုံး၊ လူနေအဆောက်အအုံ ၇၆ လုံး၊ လမ်း၊ တံတားနှင့် တိုးဂိတ်အဆောက်အအုံ စုစုပေါင်း ၉၄ ခု၊ လျှပ်စစ်နှင့်ဆက်သွယ်ရေး တာဝါတိုင် ၂၆ ခုအပါအဝင် အခြားအဆောက်အအုံများ ပျက်စီးဆုံးရှုံးခဲ့ရပါကြောင်း။

မိမိတို့အနေဖြင့် နိုင်ငံသူ၊ နိုင်ငံသားများ၏ ပညာရည်မြင့်မားရေးကို အထူးအလေးထား ဆောင်ရွက်လျက်ရှိနေပါကြောင်း၊ ဒီမိုကရေစီစနစ်တွင် ပညာရည်မြင့်မားမှုရှိနေရန်အတွက် အလွန်အရေးကြီးပြီး ပညာရည်ပြည့်ဝနေစေရန် အတန်းပညာတတ်မြောက်ရန်၊ တတ်မြောက်ထားသည့် အတန်းပညာနှင့်အညီ အတတ်ပညာတတ်မြောက်ရန်၊ အသိပညာမြင့်မားစေရန်တို့ကို ရည်ရွယ်ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း၊ အကြမ်းဖက်သမားများအနေဖြင့် မြန်မာနိုင်ငံ၏ ပညာရေးနိမ့်ပါးကျဆင်းလာစေရန် ဦးတည်လုပ်ဆောင်လျက်ရှိနေသည်ကို တွေ့ရပါကြောင်း၊ အကြမ်းဖက်သမားများ၏ ပညာရေးကဏ္ဍအပေါ် အကြမ်းဖက် လုပ်ဆောင်ခဲ့မှုအချို့ကိုလည်း ထည့်သွင်းဆွေးနွေးလိုပါကြောင်း။

၂၀၂၃-၂၀၂၄ ပညာသင်နှစ်အတွက် အခြေခံပညာကျောင်းများစတင်ဖွင့်လှစ်ချိန်တွင်ကျောင်းသား၊ကျောင်းသူများ ကျောင်းမတက်စေရေး ခြိမ်းခြောက်စာများ ကပ်ခြင်း၊ အွန်လိုင်းမှခြိမ်းခြောက်ခြင်း၊ တက်ရောက်ပညာသင်ကြားနေသည့် ကျောင်းသား၊ ကျောင်းသူများကို ကိုယ်ထိလက်ရောက် ခြိမ်းခြောက်အနိုင်ကျင့်ခြင်း၊ ဖမ်းဆီးခေါ်ဆောင်သွားခြင်း စသည်များကို ပြုလုပ်ခဲ့ပါကြောင်း၊ ၂၀၂၃ ခုနှစ်၊ ဇူလိုင်လ လဆန်းပိုင်းတွင် ချင်းပြည်နယ်၊ ပလက်ဝမြို့နယ်အတွင်း၌ရှိသည့် ကျေးရွာခြောက်ရွာမှ အခြေခံပညာကျောင်းအသီးသီးတွင် တက်ရောက်သင်ကြားနေသည့် ကျောင်းသား ၂၁ ဦးနှင့် ကျောင်းသူ ၁၀ ဦး စုစုပေါင်း ၃၁ ဦးကို PDF အမည်ခံအကြမ်းဖက်သမားများက ဖမ်းဆီးခေါ်ဆောင်သွားသည့်ဖြစ်စဉ် ဖြစ်ပွားခဲ့ပါကြောင်း၊ ၂၀၂၃ ခုနှစ်၊ ဇူလိုင် ၂၀ ရက်တွင် တနင်္သာရီတိုင်းဒေသကြီး၊ လောင်းလုံမြို့နယ်၊ စခန်းကြီးရွာ၌ ဖွင့်လှစ်ထားသည့် စိုက်ပျိုးရေးသိပ္ပံကျောင်း(ထားဝယ်)မှ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများအား ရိုက်နှက်ခြင်း၊ ခြိမ်းခြောက်ခြင်း ဆောင်ရွက်ခဲ့သည့်အတွက်

ကျောင်းသား၊ ကျောင်းသူ ၆၂ ဦး ထွက်ပြေးခဲ့ပါကြောင်း၊ ကျောင်းအုပ်ဆရာမကြီးနှင့် အသက်(၁၁)နှစ်အရွယ် ကလေးငယ်တစ်ဦး၊ ဆရာ၊ ဆရာမငါးဦးတို့ကို အကြမ်းဖက်သမားများက ဖမ်းဆီးခေါ်ဆောင်သွားခဲ့ပါကြောင်း။

ထို့ပြင် အကြမ်းဖက်သမားများသည် စာသင်ကျောင်းများကို အဝေးမှ လက်နက်ကြီး၊ လက်နက်ငယ်များနှင့် ပစ်ခတ်တိုက်ခိုက်ခြင်း၊ Drop Bomb ဖြင့် တိုက်ခိုက်ခြင်း စသည်များကိုလည်း ကျူးလွန်လျက်ရှိပါကြောင်း၊ ၂၀၂၃ ခုနှစ်၊ ဖေဖော်ဝါရီ ၁၃ ရက်တွင် စစ်ကိုင်းတိုင်းဒေသကြီး၊ ကောလင်းမြို့နယ်၊ သုနန္ဒာရာမဘုန်းတော်ကြီးကျောင်း အတွင်းအတန်းဆုံးစာမေးပွဲဖြေကြားနေသည့်ကျောင်းသား၊ ကျောင်းသူများကို အကြမ်းဖက်သမားများက ဗုံးပစ်လောင်ချာဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့သည့်အတွက် ပညာသင်ကြားနေသည့် ကိုရင် (၁) ပါးနှင့် ကျောင်းသား(၂)ဦး ဗုံးစထိမှန်ဒဏ်ရာများ ရရှိခဲ့ပါကြောင်း။

ဖေဖော်ဝါရီ ၁၅ ရက်တွင် စစ်ကိုင်းတိုင်းဒေသကြီး၊ အရာတော်မြို့နယ် အခြေခံပညာ အထက်တန်းကျောင်း (အရာတော်)တွင် စာမေးပွဲဖြေဆိုပြီးပြန်လာသည့် ကျောင်းသား၊ ကျောင်းသူများ၏ မော်တော်ယာဉ်ကို အကြမ်းဖက်သမားများက မိုင်းခွဲတိုက်ခိုက်ခဲ့သည့်အတွက် အပြစ်မဲ့ကျောင်းသား၊ ကျောင်းသူ ၁၀ ဦး မိုင်းစထိမှန် ဒဏ်ရာရရှိခဲ့ပြီး ကျောင်းသူတစ်ဦး သေဆုံးခဲ့သည့် ဖြစ်စဉ် ဖြစ်ပွားခဲ့ပါကြောင်း၊ ဖြစ်စဉ်များကိုကြည့်ပါက လက်နက်ကိုင် အကြမ်းဖက်မှုကို ကျူးလွန်ရုံသာမက ကျောင်းနေအရွယ် ကလေးများ၏ ပညာသင်ယူခွင့်ကိုသာမကဘဲ နိုင်ငံတော်၏ ပညာရည်နိမ့်ပါး ကျဆင်းလာအောင် ရည်ရွယ်လုပ်ဆောင်မှုများကို မြင်တွေ့နိုင်မည်ပင်ဖြစ်ပါကြောင်း၊ ၂၀၂၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်မှစပြီး ဇူလိုင်လ ၃၀ ရက်အထိ အကြမ်းဖက်သမားများ၏ ပစ်ခတ်တိုက်ခိုက်မှု၊ မီးရှို့ဖျက်ဆီးမှုများကြောင့် ပညာရေးဝန်ထမ်းနှစ်ဦး အသက်ဆုံးရှုံးခဲ့ရပြီး အဆောက်အအုံကိုးလုံး ပျက်စီးဆုံးရှုံးခဲ့ရပါကြောင်း။

**ဖောက်ခွဲဖျက်ဆီးမှု စုစုပေါင်း ၉၄ ကြိမ် လုပ်ဆောင်ခဲ့**

အကြမ်းဖက်သမားများ၏ လမ်းပန်းဆက်သွယ်ရေးဆိုင်ရာ အခြေခံအဆောက်အဦများကို အကြမ်းဖက်တိုက်ခိုက်ခဲ့မှုများကိုလည်း ထည့်သွင်းဆွေးနွေးလိုပါကြောင်း၊ ၂၀၂၂ ခုနှစ်၊ စက်တင်ဘာလ ၃၀ ရက်တွင် KNPP နှင့် PDF အမည်ခံအကြမ်းဖက်သမားများက ရန်ကုန်-နေပြည်တော်-လွိုင်ကော် ခရီးစဉ်ပြေးဆွဲနေသည့် မြန်မာအမျိုးသားလေကြောင်းလိုင်း(MNA) မှ ခရီးသည်တင်လေယာဉ်ကို လွိုင်ကော်လေဆိပ်အဆင်းတွင် ပစ်ခတ်တိုက်ခိုက်ခဲ့ပါကြောင်း၊ ၂၀၂၃ ခုနှစ်၊ ဇွန်လ ၆ ရက်တွင် ပဲခူးတိုင်းဒေသကြီးအတွင်း ပဲနွယ်ကုန်း-နတ်သံကွင်း-ကျောက်ကြီး ကားလမ်းပေါ်တွင် တည်ဆောက်ထားသည့် စစ်တောင်းမြစ်ကူးတံတား (နတ်သံကွင်း)ကို မိုင်းထောင်ဖောက်ခွဲခဲ့ပါကြောင်း၊ ထို့ပြင် ဇွန်လ ၂၉ ရက်တွင် မွန်ပြည်နယ် သထုံမြို့နယ် ရန်ကုန်-မော်လမြိုင်သွားပြည်ထောင်စုလမ်းမပေါ်ရှိ ကျုံအိတ်တံတားကို ဖောက်ခွဲဖျက်ဆီးခဲ့ပါကြောင်း၊ ဖြစ်စဉ်ကို သွားရောက်စစ်ဆေးသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် တာဝန်ရှိသူများကို ပစ်ခတ်တိုက်ခိုက်မှုများ လုပ်ဆောင်ခြင်း၊ တံတားပြင်ဆင်ရေးလုပ်ငန်းဆောင်ရွက်လျက်ရှိသည့် လုပ်သားများကို ပစ်ခတ်တိုက်ခိုက်ခြင်း စသည်များကို လုပ်ဆောင်ခဲ့သည့်အတွက် လုံခြုံရေးတပ်ဖွဲ့ဝင်အချို့၊ ဝန်ထမ်းအချို့နှင့် အပြစ်မဲ့ပြည်သူများ သေကျေဒဏ်ရာရရှိမှုဖြစ်စဉ်များလည်း

**အကြမ်းဖက်လုပ်ရပ်များကြောင့် အပြစ်မဲ့ပြည်သူများ၊ ဝန်ထမ်းများသေကျေမှုသည် ပြည်သူကိုအညှာအတာကင်းမဲ့စွာ၊ လူသားမပီသစွာ၊ ရက်စက်ကြမ်းကြုတ်မှုများနှင့် သတ်ဖြတ်ခြင်းဖြစ်သကဲ့သို့ ဖျက်ဆီးမှုများသည်လည်း တိုင်းပြည်၏ ဖွံ့ဖြိုးမှုနှင့် လူမှုစီးပွားပျက်စီးအောင် ဆောင်ရွက်မှုများ ဖြစ်သဖြင့် ဆုံးရှုံးမှုသာမက တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ထပ်ဆင့်ကုန်ကျမှုများ ဖြစ်ပေါ်စေခဲ့၊ ဆိုးရွားသော တိုင်းပြည်ဖျက်လုပ်ငန်းများ ဖြစ်သည့်အတွက် ပြည်သူတစ်ရပ်လုံးက ဝိုင်းဝန်းဆန့်ကျင်ကြရန်လည်းလို။**

ဖြစ်ပွားခဲ့ပါကြောင်း၊ ထို့ပြင် ဇူလိုင်လ ၁၈ ရက်တွင် ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ်အတွင်းရှိ ကျောက်တံခါးဘူတာနှင့် ပဲနွယ်ကုန်းဘူတာအကြား မိုင်တိုင်အမှတ် (၁၀၉/၂၀-၂၁) အနီးရှိ ရထားသံလမ်းကို ဖျက်ဆီးမှုများ လုပ်ဆောင်ခဲ့သည့်အတွက် ရထားခရီးစဉ်များကို ဖျက်သိမ်းပြီး ပြန်လည်ပြုပြင်ရေးလုပ်ငန်းများကို ဆောင်ရွက်ခဲ့ရပါကြောင်း၊ ၂၀၂၃ ခုနှစ်၊ ဇူလိုင်လ ၂၈ ရက်တွင် မန္တလေးတိုင်းဒေသကြီး၊ စဉ့်ကိုင်မြို့နယ်၊ ပလိပ်ဘူတာနှင့် စဉ့်ကိုင်ဘူတာကြား ရထားလမ်းပိုင်းပေါ်ရှိ ရထားသံလမ်းဆက်ပြားများနှင့် သံလမ်းဆက်မှုလီများကို အကြမ်းဖက်အဖျက်သမားများက ဖြုတ်ယူဖျက်ဆီးခဲ့ခြင်းကြောင့် ရထားလမ်းချော်မှု ဖြစ်ပွားခဲ့ပါကြောင်း၊ ခရီးသွားပြည်သူလူထု အသက်ဆုံးရှုံးထိခိုက် ဒဏ်ရာရရှိစေရေး အသိဉာဏ်မဲ့စွာ ဆောင်ရွက်ခဲ့ခြင်းဖြစ်ပါကြောင်း၊ ၂၀၂၃ ခုနှစ်၊ မတ်လ ၉ ရက်တွင် ဘီးလင်းမြို့နယ် ပေါက်တောကျေးရွာအနီးရှိ သဘာဝဓာတ်ငွေ့ပိုက်လိုင်းကို PDF အမည်ခံအကြမ်းဖက်အဖွဲ့က မိုင်းထောင်ဖောက်ခွဲခဲ့မှု တစ်ကြိမ်၊ ၂၀၂၃ ခုနှစ်၊ မေလ ၁၀ ရက်တွင် သထုံမြို့နယ်၊ သိမ်ကုန်းရပ်ကွက်အနီးရှိ သဘာဝဓာတ်ငွေ့ပိုက်လိုင်းကို PDF အမည်ခံ အကြမ်းဖက်အဖွဲ့က မိုင်းထောင်ဖောက်ခွဲခဲ့မှု တစ်ကြိမ်ဖြစ်ပွားခဲ့ပါကြောင်း၊ အကြမ်းဖက်သမားများသည် အများပြည်သူ၏ ကူးသန်းရောင်းဝယ်မှုနှင့် နေ့စဉ်လူမှုဘဝအတွက် အသုံးပြုနေရသည့် လမ်းတံတားများနှင့် ရထားလမ်းဖောက်ခွဲဖျက်ဆီးမှုစုစုပေါင်း ၉၄ ကြိမ် လုပ်ဆောင်ခဲ့ပါကြောင်း၊ ထိုသို့လုပ်ဆောင်မှုများသည် အစိုးရနှင့် လုံခြုံရေးတပ်ဖွဲ့များကို တိုက်ခိုက်ခြင်းမဟုတ်ဘဲ ပြည်သူလူထု၏ အသက်အိုးအိမ် စည်းစိမ်ဥစ္စာကို တိုက်ရိုက်တိုက်ခိုက်ခြင်းဖြစ်ပြီး ပြည်သူတစ်ရပ်လုံးအပေါ် အကြမ်းဖက်မှုကျူးလွန်ခြင်းပင်ဖြစ်ပါကြောင်း၊ **အကြမ်းဖက်သမားများ၏အကြမ်းဖက်လုပ်ရပ်များအပေါ်ပြည်သူလူထု အနေဖြင့် စိုးရိမ်ထိတ်လန့်ပူပန်မှုများ၊ ရှုံ့ရှာစက်ဆုပ်မှုများ ဖြစ်ပေါ်လျက်**ရှိပြီး မိမိတို့၏ လူမှုစီးပွားဘဝ ထိခိုက်လာမှုကို မလိုလားသည့်အတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် ပူးပေါင်းပြီး လျှို့ဝှက်စွာပူးပေါင်း၊ သတင်းပေးပို့မှုများကြောင့် အကြမ်းဖက်သမားများကို ဖော်ထုတ်ဖမ်းဆီးရရှိမှု ပိုမိုများပြားလာပြီး လက်လုပ်သေနတ်များအပါအဝင် လက်နက်မျိုးစုံ ၁၀၈၈ လက်၊ ကျည်မျိုးစုံ ၇၇၅၇၉ တောင့်၊ ခဲယမ်းမျိုးစုံ ၂၆၆၀ လုံး သိမ်းဆည်းရမိခဲ့ပါကြောင်း၊ ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်မှ ၂၀၂၃ ခုနှစ်၊ ဇူလိုင်လ ၃၀ ရက်နေ့အထိ လက်နက်မျိုးစုံ ၁၈၇၉၂ လက်၊ ကျည်မျိုးစုံ ၁၄၂၃၂၄ တောင့်၊ ခဲယမ်းမျိုးစုံ ၄၅၈၆၅ လုံး သိမ်းဆည်းရမိခဲ့ပါကြောင်း၊ မိမိတို့အနေဖြင့် ပြည်သူတို့၏ လူမှုစီးပွားဘဝလုံခြုံမှုကို ပြည်ထောင်စုတစ်ဝန်းလုံး ရရှိခံစားနိုင်စေရန်၊ တည်ငြိမ်အေးချမ်းမှုနှင့် တရားဥပဒေစိုးမိုးမှုကို ဟန်ချက်ညီ ရရှိနိုင်စေရန်အတွက် လိုအပ်သည့်နယ်မြေများအလိုက် စစ်ဆင်ရေးနယ်မြေများ သတ်မှတ်ခြင်း၊ စစ်အုပ်ချုပ်ရေးနယ်မြေများ ကြေညာခြင်းစသည်များကို တည်ဆဲတရားဥပဒေများနှင့်အညီ ဆောင်ရွက်လျက်ရှိပါကြောင်း၊ မိမိတင်ပြခဲ့သည့် **အကြမ်းဖက်လုပ်ရပ်များကြောင့် အပြစ်မဲ့ပြည်သူများ၊ ဝန်ထမ်းများသေကျေမှုသည် ပြည်သူကိုအညှာအတာ ကင်းမဲ့စွာ၊ လူသားမပီသစွာ၊ ရက်စက်ကြမ်းကြုတ်မှုများနှင့် သတ်ဖြတ်ခြင်းဖြစ်သကဲ့သို့ ဖျက်ဆီးမှုများသည်လည်း တိုင်းပြည်၏ ဖွံ့ဖြိုးမှုနှင့် လူမှုစီးပွားပျက်စီးအောင် ဆောင်ရွက်မှုများဖြစ်သဖြင့် ဆုံးရှုံးမှုသာမက တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ထပ်ဆင့်ကုန်ကြမှုများ ဖြစ်ပေါ်စေခဲ့ပါကြောင်း၊ ဆိုးရွားသော တိုင်းပြည်ဖျက်လုပ်ငန်းများ ဖြစ်သည့်အတွက် ပြည်သူတစ်ရပ်လုံးက ဝိုင်းဝန်းဆန့်ကျင်ကြရန်လည်းလို**ပါကြောင်း၊ လိုအပ်သည့်စစ်ဆင်ရေး၊ လုံခြုံရေး၊ နယ်မြေစိုးမိုးရေးကိစ္စများကို ထိထိရောက်ရောက် ဆက်လက်လုပ်ဆောင်ပြီး ရှေ့လုပ်ငန်းစဉ်အောင်မြင်ရေး ကြိုးပမ်းဆောင်ရွက်သွားရဦးမည် ဖြစ်ပါကြောင်း။

ရှေ့လုပ်ငန်းစဉ် ၅ ရပ်အနက် ဒုတိယအချက်ဖြစ်သည့် **“တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက် ပြည်သူလူထု ဗဟိုပြုဖွံ့ဖြိုးရေးလုပ်ငန်းများကို လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်သွားမည်”** ဆိုသည့် အချက်နှင့်ပတ်သက်ပြီး ဆောင်ရွက်ချက်များကို ဆက်လက်ဆွေးနွေးလိုပါကြောင်း၊ နိုင်ငံတစ်ခုတွင် တည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုတို့၏ အခြေခံအကျဆုံးအချက်မှာ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရန်ပင်ဖြစ်ပါကြောင်း၊ နိုင်ငံတစ်နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရန်အတွက် ပြည်ပမှတင်သွင်းမှုများကို အတတ်နိုင်ဆုံးလျှော့ချပြီး ပြည်တွင်းထုတ်လုပ်မှုလုပ်ငန်းများ စွမ်းအားပြည့် လည်ပတ်နိုင်ရန် အရေးကြီးပါကြောင်း၊

ထုတ်ကုန်နှင့်ပတ်သက်ပြီး စိုက်ပျိုးရေးထုတ်ကုန်နှင့် မွေးမြူရေးထုတ်ကုန်များကို သမားရိုးကျပုံစံမှ ခေတ်မီနည်းစနစ်များနှင့် ပြုပြင်ပြောင်းလဲဆောင်ရွက်သွားရန် လိုအပ်ပါကြောင်း၊ စိုက်ပျိုးရေးလုပ်ငန်းများအလိုက် သွင်းအားစုများကို ထိထိရောက်ရောက် အသုံးပြုပြီး ဒေသအလိုက် အလားအလာကောင်းသည့် သီးနှံများစိုက်ပျိုးနိုင်ရေး၊ တန်ဖိုးမြင့်ထုတ်ကုန်များ ထုတ်လုပ်နိုင်ရေး၊ မျိုးကောင်းမျိုးသန့်များ ရွေးချယ်စိုက်ပျိုးနိုင်ရေး၊ ပန်းတိုင်အထွက်နှုန်းပြည့်မီရေးနှင့် အရည်အသွေးကောင်းမွန်ရေးတို့ကိုလည်း ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း၊ ပြည်တွင်းထုတ်လုပ်မှုတိုးတက်မှ ပြည်တွင်းစားရေရိက္ခာ လိုအပ်ချက်များကို ဖူလုံအောင်ဖြည့်ဆည်းပေးနိုင်မည်ဖြစ်ပြီး လူတစ်ဦးချင်းစီ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်မှုမှ တိုင်းပြည်သာယာဝပြောမှုအထိ ဖြစ်တည်လာမည်ဖြစ်ပါကြောင်း။

**MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်သွားရန်လိုအပ်**

မိမိတို့ အစိုးရအနေဖြင့် ပြည်သူ့လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်း ကြိုးစားဆောင်ရွက်လျက်ရှိပါကြောင်း၊ နိုင်ငံတစ်ခုတွင် စီးပွားရေးမောင်းနှင်အား၊ နိုင်ငံရေးမောင်းနှင်အားနှင့် ကာကွယ်ရေးမောင်းနှင်အားကောင်းမွန်နေရန်လိုပါကြောင်း၊ စီးပွားရေးမောင်းနှင်အားကောင်းမွန်လာသည်နှင့်အမျှ နိုင်ငံရေးနှင့် ကာကွယ်ရေးစွမ်းအားများသည်လည်း ကောင်းမွန်လာမည်ဖြစ်ပြီး အင်အားကောင်းသည့်နိုင်ငံတစ်ခုဖြစ်လာမည်ဖြစ်ပါကြောင်း၊ **မိမိတို့နိုင်ငံအတွက်သေချာခိုင်မာသည့် စီးပွားရေးလုပ်ငန်းနှင့် ကုန်ထုတ်လုပ်မှုသည် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းပင် ဖြစ်ပါကြောင်း၊ အဆိုပါစိုက်ပျိုးမွေးမြူရေးလုပ်ငန်းကို အခြေခံသည့် MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်သွားရန် လိုအပ်ပါကြောင်း၊ အဆိုပါစီးပွားရေးလုပ်ငန်းများသည် ပြည်သူတစ်ရပ်လုံးအတွက် အကျိုးဝင်သည့် လုပ်ငန်းများဖြစ်သဖြင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရန်အတွက် အဓိကကျပြီး အချိန်တိုအတွင်း အကျိုးဖြစ်ထွန်းနိုင်သည့်အတွက် အားပေးမြှင့်တင်ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊** ထို့ကြောင့် မိမိအပါအဝင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌတို့သည် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးက ဒေသ ၂၆ ခုတွင်ရှိသည့် MSME လုပ်ငန်းရှင်များနှင့် ၂၆ ကြိမ် တွေ့ဆုံဆွေးနွေးနိုင်ခဲ့ပြီးတင်ပြချက် ၂၃၀ ကျော်ကိုလည်း ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်ကို ထည့်သွင်းပြောကြားလိုပါကြောင်း။

**နိုင်ငံ့စီးပွားရေးမြှင့်တင်နိုင်ရန်**

မိမိတို့အစိုးရအနေဖြင့် လယ်ယာစီးပွားမြှင့်တင်ရေးနှင့် ပြည်နယ်နှင့်တိုင်းဒေသကြီး၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများ၏ စီးပွားရေးမြှင့်တင်ရေးဆိုပြီး နှစ်မျိုးခွဲမြှင့်တင်ရန် စဉ်းစားဆောင်ရွက်ခဲ့ပါကြောင်း၊ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုရန်ပုံငွေမှ ကျပ်ဘီလီယံ ၄၀၀ ကို နိုင်ငံ့စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် သီးသန့်ရန်ပုံငွေတစ်ရပ်ထူထောင်ပြီး နိုင်ငံ့စီးပွားရေးမြှင့်တင်နိုင်ရန် စီမံဆောင်ရွက်ခဲ့ပါကြောင်း၊ ထို့ပြင်အနာဂတ် MSME လုပ်ငန်းများတွင် ပိုမိုတိုးတက်လာစေရန်အတွက် ရည်ရွယ်ပြီး ၂၀၂၃-၂၀၂၄ ပညာသင်နှစ်မှစ၍ ခရိုင် ၅၀ ၌ စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးအထက်တန်းကျောင်း ၅၁ ကျောင်းကို ဖွင့်လှစ်ပေးပြီးဖြစ်သကဲ့သို့ လာမည့် ၂၀၂၄-၂၀၂၅ ပညာသင်နှစ်တွင် ကျန်ခရိုင် ၇၅ ခုတွင် ကျောင်းများ ဆက်လက်ဖွင့်လှစ်သွားရန် စီမံဆောင်ရွက်ထားပြီးဖြစ်ပါကြောင်း။

မိမိတို့အနေဖြင့် စီးပွားရေးအရ ဘက်စုံတိုးတက်မှုများ ရရှိလာစေရေးအတွက် ဦးတည်ချက်၊ ရည်မှန်းချက်များကို ချမှတ်ပြီး အကောင်အထည်ဖော် ဆောင်ရွက်ခဲ့သည့်အတွက် ၂၀၂၀-၂၀၂၁ ခုနှစ်တွင် ကျဆင်းခဲ့သည့် စီးပွားရေးအခြေအနေမှ ရုန်းထွက်လာနိုင်ခဲ့ပြီး ဖြစ်ပါကြောင်း၊ **၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ်တွင် GDP တိုးတက်မှု ၃ ဒသမ ၄ ရာခိုင်နှုန်းရရှိခဲ့ပြီး ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်တွင် GDP ၄ ရာခိုင်နှုန်းခန့်အထိ တိုးတက်မည်ဟု မျှော်မှန်း**ဆောင်ရွက်လျက်ရှိပါကြောင်း၊ မျှော်မှန်းထားသည့် အတိုင်း ဘဏ္ဍာရေးတိုးတက်မှုရှိစေရန်အတွက် မိမိတို့အနေဖြင့် ဆက်လက်ကြိုးပမ်း ဆောင်ရွက်သွားရမည်ဖြစ်ကြောင်းကိုလည်း ပြောကြားလိုပါကြောင်း။

**ဥပဒေနှင့်အညီ ကာကွယ်တားဆီးသွားရမည်**

ရှေ့လုပ်ငန်းစဉ် ၅ ရပ်အနက် တတိယအချက်ဖြစ်သည့် **“စစ်မှန်စည်းကမ်း ပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေး လုပ်ငန်း**

**စဉ်များကို ဆက်လက်ဆောင်ရွက်သွားမည်”** ဆိုသည့် အချက်နှင့်ပတ်သက်ပြီး ဆောင်ရွက်မှုများကို ပြောကြားလိုပါကြောင်း၊ မိမိတို့သည်ဖွဲ့စည်းပုံ အခြေခံဥပဒေ (၂၀၀၈ ခုနှစ်)နှင့်အညီ ပါတီစုံဒီမိုကရေစီစနစ်ကို ဦးတည်လျှောက်လှမ်းနေခြင်းဖြစ်ပြီး တပ်မတော်သည် ဒို့တာဝန်အရေးသုံးပါး၊ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် စစ်မှန်ပြီးစည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ကို ကာကွယ်စောင့်ရှောက်ရန် အဓိကတာဝန်ရှိပါကြောင်း၊ တပ်မတော်အနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေ၊ ပါတီစုံဒီမိုကရေစီစနစ်တို့ကို ယိမ်းယိုင်ပျက်စီးအောင်ပြုလုပ်လာသော မည်သည့်အပြုအမူမျိုးကိုမဆို ဥပဒေနှင့်အညီ ကာကွယ်တားဆီးသွားရမည်ပင် ဖြစ်ပါကြောင်း။

**ဖြတ်သန်းခဲ့ရသည့် သမိုင်းအတွေ့အကြုံအရ မိမိတို့နိုင်ငံနှင့်ကိုက်ညီသည့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကြီးကို တည်ဆောက်သွားရမည်ဖြစ်**ခြင်းကြောင့် လွှတ်တော်လမ်းကြောင်းကို မဖြစ်မနေသွားရမည်ဖြစ်ပါကြောင်း၊ ထို့ကြောင့်လည်း နိုင်ငံရေးပါတီများ ပြင်ဆင်ဖွဲ့စည်းရန် ၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလ ၂၆ ရက်တွင် နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေကို ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာအားကောင်းစေရေး ပြည်သူလူထုနှင့် ဒေသကိုကိုယ်စားပြုသည့်၊ ခိုင်မာသည့် နိုင်ငံရေးပါတီများ ပေါ်ထွန်းလာစေရေးအတွက် ပြဋ္ဌာန်းပေးခဲ့ခြင်းဖြစ်ပါကြောင်း၊ ယခင်တည်ဆဲနိုင်ငံရေးပါတီ ၉၀ အနက်မှ ပါတီဆက်လက်တည်ထောင် မှတ်ပုံတင်ခွင့်ကို ပါတီ ၅၀ က လာရောက်လျှောက်ထားခဲ့ပြီး ကျန်ပါတီ ၄၀ မှာ သတ်မှတ်ကာလအတွင်း လာရောက်လျှောက်ထားခြင်းမရှိပါကြောင်း၊ နိုင်ငံရေးပါတီ မှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၃ အရ ယနေ့အထိ နိုင်ငံရေးပါတီအသစ်တည်ထောင်ခွင့် လျှောက်ထားလာသည့်ပါတီ ၁၃ ပါတီရှိပါကြောင်း၊ ၂၇-၇-၂၀၂၃ ရက်နေ့ထိ ယခင်ပါတီဟောင်း ၅၀ အနက်မှ နိုင်ငံရေးပါတီ ၃၀ နှင့် နိုင်ငံရေးပါတီအသစ် လျှောက်ထားသည့် ၁၃ ပါတီအနက်မှ နိုင်ငံရေးပါတီ ငါးပါတီ၊ စုစုပေါင်း ၃၅ ပါတီအား မှတ်ပုံတင်ခွင့်ပြုခဲ့ပြီး ဖြစ်ပါကြောင်း၊ နိုင်ငံရေးပါတီသစ်တစ်ရပ် တည်ထောင်လိုသူများအနေဖြင့် ပါတီတည်ထောင်ခွင့်ကို နိုင်ငံရေးပါတီမှတ်ပုံတင်ခြင်း ဥပဒေပုဒ်မ ၃ အရ ဆက်လက်လျှောက်ထားနိုင်သည်ကို ပြောကြားလိုပါကြောင်း၊ တည်ဆဲဥပဒေအရ နိုင်ငံရေးပါတီအဖြစ် ဆက်လက်ရပ်တည်ခွင့်ရရှိခဲ့သည့်ပါတီများ၊ ပါတီသစ်အဖြစ် ပေါ်ထွက်လာသည့်ပါတီများမှာ ဆက်လက်ဆောင်ရွက်ရမည့်ကိစ္စရပ်များ ကျန်ရှိနေသေးပါကြောင်း၊ **ပါတီဟောင်းများအနေဖြင့် ပါတီဝင်အသစ်များ ပါရှိလာသည်ရှိသကဲ့သို့ ပါတီသစ်များအနေဖြင့်လည်းပါတီများ ခိုင်မာတည်တံ့ရေးအပါအဝင် ပါတီ၏မူဝါဒများကို ပြည်သူလူထုမှ ကျယ်ကျယ်ပြန့်ပြန့် သိရှိစေနိုင်ရေး ဆောင်ရွက်ရမည့်လုပ်ငန်းများ၊ ပါတီဝင်များရရှိရေး၊ ထောက်ခံမှု တိုးတက်လာစေရေး စသည်များအတွက် စည်းရုံးလှုံ့ဆော်ခြင်းများကို ဆောင်ရွက်သွားရဦးမည်ဖြစ်**ပါကြောင်း၊ အဆိုပါလုပ်ငန်းများဆောင်ရွက်ရာတွင်လည်း လွတ်လပ်မှု၊ ခြိမ်းခြောက်အကျပ်ကိုင်မှုများမရှိဘဲ အကြောက်တရားကင်းစွာဖြင့် စည်းရုံးရေးဆောင်ရွက်နိုင်မှု စသည့် အခင်းအကျင်းများ ဖြစ်ပေါ်လာစေရန် မိမိတို့ အစိုးရအနေဖြင့် ဆောင်ရွက်ပေးသွားရမည်ဖြစ်ပါကြောင်း၊ ထိုကဲ့သို့ အခင်းအကျင်းနှင့် ပါတီများ၏လိုအပ်သည့် နိုင်ငံရေးလုပ်ငန်းစဉ်များကို ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်နိုင်စေရန်အတွက် အစိုးရအနေဖြင့် အချိန်ကာလတစ်ခုအထိ လိုအပ်နေဦးမည်လည်း ဖြစ်ပါကြောင်း။

စတုတ္ထလုပ်ငန်းစဉ်ဖြစ်သည့် **“တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေး ရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်”** ဆိုသည့်အချက်နှင့် ပတ်သက်ပြီး ဆောင်ရွက်မှုများကို ပြောကြားလိုပါကြောင်း၊ မြန်မာနိုင်ငံကို

> **ရွေးကောက်ပွဲမကျင်းပနိုင်သည့် မြို့နယ်များတွင်ရှိသည့် ပြည်သူလူထုသည် ၎င်းတို့၏ မူလအခွင့်အရေးဖြစ်သည့် မဲပေးပိုင်ခွင့်နှင့် ဒီမိုကရေစီနည်းလမ်းကျ ဆန္ဒဖော်ထုတ်နိုင်မှု အခွင့်အရေးများ ဆုံးရှုံးသွားမည်ဖြစ်၊ မြို့နယ်တစ်ခုလုံးအလိုက် ရွေးကောက်ပွဲမကျင်းပနိုင်သည်ထက်စာပါက လုံခြုံမှုရှိသည့် နေရာများတွင် ကျင်းပပေးနိုင်ရန်လည်း စဉ်းစားဆောင်ရွက်သင့်။**

ဒီမိုကရေစီစနစ်နှင့် လျှောက်လှမ်းနိုင်ရန်အတွက် တည်ငြိမ်အေးငြိမ်းချမ်းမှုရှိရန်၊ တရားဥပဒေစိုးမိုးရန်သည် မဖြစ်မနေ လိုအပ်ပါကြောင်း။

**မိမိတို့၏ဆန္ဒနှင့် လိုလားချက်များကို လက်နက်ကိုင်တောင်းဆိုနေ၍မရ**

မိမိတို့နိုင်ငံတွင်နေထိုင်သည့် တိုင်းရင်းသားများအနေဖြင့် မိမိတို့၏ဆန္ဒနှင့် လိုလားချက်များကို လက်နက်ကိုင်တောင်းဆိုနေ၍မရဘဲ ဒီမိုကရေစီစံနှုန်းနှင့်အညီ ပေါင်းစပ်ညှိနှိုင်းပြီး ဆွေးနွေးဆုံးဖြတ်ဆောင်ရွက်သွားကြရမည် ဖြစ်ပါကြောင်း၊ ထို့ကြောင့် နိုင်ငံရေးစင်မြင့်ဖြစ်သည့် လွှတ်တော်ထဲကို တိုင်းရင်းသားကိုယ်စားလှယ်များ စုံစုံညီညီရောက်ရှိပြီး လိုလားချက်များ၊ ရည်မှန်းချက်များကို လွှတ်တော်အသီးသီးတွင် ပွင့်လင်းမြင်သာစွာ ဆွေးနွေး၊ ဆုံးဖြတ်၊ အကောင်အထည်ဖော်နိုင်ရန် အရေးကြီးပါကြောင်း၊ ထို့ကြောင့် တိုင်းရင်းသားလက်နက်ကိုင်များကို လက်နက်ကိုင်လမ်းကြောင်းမှ နိုင်ငံရေးစင်မြင့်ပေါ်တက်ရောက်လာနိုင်ရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ကိုအလေးထားအကောင်အထည်ဖော်ခဲ့ခြင်း ဖြစ်ပါကြောင်း၊ တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) သည် အစိုးရနှင့် EAO များအကြား၊ နိုင်ငံတကာအဖွဲ့အစည်းများအကြား ထားရှိခဲ့သည့် ကတိကဝတ်များပင် ဖြစ်ပါကြောင်း၊ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီသည် **၂၀၂၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်မှ ဇူလိုင်လ ၂၇ ရက်အထိ NCA လက်မှတ်ရေးထိုးထားသည့်အဖွဲ့ ခုနစ်ဖွဲ့၊ လက်မှတ်ရေးထိုးထားခြင်းမရှိသည့်အဖွဲ့ သုံးဖွဲ့တို့နှင့် ငြိမ်းချမ်းရေးဆွေးနွေးမှုပေါင်း ၂၂ ကြိမ် ပြုလုပ်ခဲ့ပြီး**ဖြစ်ပါကြောင်း၊ NCA လက်မှတ်ရေးထိုးထားသည့်အဖွဲ့များအနက် လက်နက်ကိုင်အဖွဲ့သုံးဖွဲ့သည် အကြောင်းပြချက် အချို့နှင့် ငြိမ်းချမ်းရေးဆွေးနွေးပွဲများတွင် ပါဝင်တက်ရောက်ဆွေးနွေးမှုမရှိခဲ့သည်ကို တွေ့ရှိရပါကြောင်း၊ ၎င်းအဖွဲ့များအနေဖြင့် တိုင်းပြည်၏ တည်ငြိမ်အေးချမ်းရေးကို အချိန်မရွေး နှောင့်ယှက်ဖျက်ဆီးမှုများ ဆောင်ရွက်လာနိုင်သည်ကိုလည်း သတိပြုမိစေလိုပါကြောင်း၊ ယခုလည်း ၎င်းအဖွဲ့များသည် အကြမ်းဖက်တိုက်ခိုက်မှုများ ဆောင်ရွက်နေကြပါကြောင်း။

**ငြိမ်းချမ်းရေးဆွေးနွေးမှုများကို ဆက်လက်ဆောင်ရွက်သွားရမည်**

ငြိမ်းချမ်းရေးဆွေးနွေးမှုတိုင်းတွင် တက်ရောက်ဆွေးနွေးခဲ့သည့် အဖွဲ့တိုင်း၏ လိုလားချက်၊ ဆွေးနွေးချက်၊ ဆုံးဖြတ်ချက်များကိုလည်း စနစ်တကျစုစည်းထားရှိပြီး ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို အရှိန်မပျက် ဆောင်ရွက်နိုင်ရန် စီစဉ်ထားရှိပါကြောင်း၊ ကျယ်ကျယ်ပြန့်ပြန့်နှင့် ဆွေးနွေးဆောင်ရွက်သွားရမည့် ကိစ္စရပ်များလည်း အများအပြားကျန်ရှိနေပြီး ငြိမ်းချမ်းရေးဆွေးနွေးမှုများကို ဆက်လက်ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း၊ မိမိတို့အနေဖြင့် **မြန်မာနိုင်ငံငြိမ်းချမ်းပြီး ဖွံ့ဖြိုးတိုးတက်စေလိုသော စိတ်ဆန္ဒရှိသည့် တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်းများကို ငြိမ်းချမ်းရေးဆွေးနွေးရန် အစဉ်အမြဲတံခါးဖွင့်ထား**ပါကြောင်းကိုလည်း ထည့်သွင်းပြောကြားလိုပါကြောင်း။

မိမိတို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် ၅ ရပ် နောက်ဆုံးအချက်ကို **"အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်"** ဟု ချမှတ်ထားပါကြောင်း၊ မိမိတို့နိုင်ငံတွင် ပါတီစုံဒီမိုကရေစီ စနစ်စတင်ကျင့်သုံးသည့် ကာလကစပြီး အထွေထွေရွေးကောက်ပွဲ (၃) ကြိမ်ကို ကျင်းပဆောင်ရွက်ခဲ့ပါကြောင်း၊ နိုင်ငံအတွင်း မြို့နယ်ပေါင်း **၃၃၀** မြို့နယ်ရှိပြီး ၂၀၁၀ ပြည့်နှစ် ရွေးကောက်ပွဲတွင် **၃၂၅** မြို့နယ်၊ ၂၀၁၅ ခုနှစ် ရွေးကောက်ပွဲတွင် **၃၂၃** မြို့နယ်ကို ရွေးကောက်ပွဲကျင်းပ ဆောင်ရွက်ပေးနိုင်ခဲ့ပါကြောင်း။

၂၀၁၀ ပြည့်နှစ်ရွေးကောက်ပွဲနှင့် ၂၀၁၅ ခုနှစ်ရွေးကောက်ပွဲတို့တွင် အငြင်းပွားမှု အနည်းငယ်မျှသာဖြစ်ပေါ်ခဲ့ပြီး ၎င်းကာလများတွင် တာဝန်ထမ်းဆောင်ခဲ့သည့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်များအနေဖြင့် ကျေလည်အောင် ဖြေရှင်းဆောင်ရွက် ပေးနိုင်ခဲ့ပါကြောင်း။

မိမိတို့ မြန်မာနိုင်ငံ၏ ၂၀၂၀ ပြည့်နှစ်၊ ပါတီစုံဒီမို

ကရေစီ အထွေထွေရွေးကောက်ပွဲကို တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင်ရှိသည့် မြို့နယ် ၃၁၅ မြို့နယ်၌ မဲရုံပေါင်း ၃၉၉၆၃ ရုံဖွင့်လှစ်ပြီး ပြုလုပ်ခဲ့ပါကြောင်း၊ ရွေးကောက်ပွဲကျင်းပနိုင်သည့် မြို့နယ်များ ကျဆင်းလာပြီး ပြည်သူ့ဆန္ဒဖော်ထုတ်နိုင်မှု လျော့နည်းသွားသည်ကို သတိပြုဖွယ်တွေ့မြင်ရမည် ဖြစ်ပါကြောင်း၊ ၎င်းကာလတွင် တာဝန်ယူထားသည့် အစိုးရအနေဖြင့် လုံခြုံရေးဆိုင်ရာ အကြောင်း ပြချက်ဖြင့် မြို့နယ် ၁၅ မြို့နယ်တွင် ရွေးကောက်ပွဲ ကျင်းပနိုင်မှုမရှိကြောင်း ကြေညာခဲ့သည့် အပေါ် အဆိုပါဒေသများတွင်ရှိသည့် တိုင်းရင်းသားပါတီ များမှ ဝေဖန်ထောက်ပြမှုများ အများအပြားဖြစ်ပေါ်ခဲ့ပါ ကြောင်း၊ ထို့အပြင် ရွေးကောက်ပွဲအတွက် အဓိကအကျ ဆုံးဖြစ်သည့် ဆန္ဒမဲပေးနိုင်သည့် လူဦးရေစာရင်းထုတ် ပြန်ရာတွင်လည်း ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ထုတ်ပြန်ချက်အရ မြန်မာနိုင်ငံတွင် ဆန္ဒမဲပေးခွင့်ရှိသူ ၃၈,၂၇၁,၄၄၇ ဦး(၃၈ ဒသမ ၂ သန်းကျော်)ဖြစ်ပြီး အလုပ် သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီး ဌာနက ထုတ်ပြန်သည့် စာရင်းအရ ၃၁,၇၇၅,၃၃၀ ဦး (၃၁ ဒသမ ၇သန်းကျော်) ဖြစ်ပါကြောင်း၊ အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနက ထုတ်ပြန်သည့်စာရင်းအရ ၃၅,၄၇၆,၈၃၃ ဦး (၃၅ ဒသမ ၄သန်းကျော်) ဖြစ်သည့် အတွက် ရွေးကောက်ပွဲကော်မရှင်၏ ထုတ်ပြန်သည့် စာရင်းသည် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနက ထုတ်ပြန်သည့်စာရင်းထက် ၆ ဒသမ ၅ သန်း၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက ထုတ်ပြန်သည့် စာရင်းထက် ၂ ဒသမ ၈ သန်း စသည်ဖြင့် မဲစာရင်းကို ရည်ရွယ်ချက်ရှိရှိ စာရင်းပိုပြထားသည်ကို သတိပြုမိနိုင်ပါကြောင်း။

**မဲမသမာမှု ဖြစ်ပွားခဲ့သည့် မဲအရေအတွက် ၁၁ ဒသမ ၃ သန်းကျော်ရှိ**

ဆန္ဒမဲပေးအပ်ချိန်တွင်လည်း ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်၏ ထုတ်ပြန်ကြေညာချက်အရ ဆန္ဒမဲပေးခွင့်ရှိသူ ၃၈,၂၇၁,၄၄၇ ဦး (၃၈ ဒသမ ၂ သန်းကျော်) အနက် ၂၇,၅၁၂,၈၅၅ ဦး (၂၇ ဒသမ ၅သန်းကျော်) ရာခိုင်နှုန်းအားဖြင့် ၇၁ ဒသမ ၈၉ ရာခိုင်နှုန်းက မဲပေးခဲ့ ကြကြောင်းကို ထုတ်ပြန်ကြေညာခဲ့ပါကြောင်း၊ မိမိတို့ အစိုးရလက်ထက်တွင် ရွေးကောက်ပွဲကော်မရှင်အသစ် ဖွဲ့စည်းပြီး မဲစာရင်းများစစ်ဆေးခဲ့ရာ၌ **မဲမသမာမှုဖြစ်ပွား ခဲ့သည့် မဲအရေအတွက် ၁၁ ဒသမ ၃ သန်းကျော်ရှိခဲ့ပါ ကြောင်း၊ ထို့ကြောင့် ခိုင်လုံသည့် မဲအရေအတွက်သည် ၁၆ ဒသမ ၂ သန်းခန့်ရှိပြီး မဲပေးပိုင်ခွင့်ရှိသူအရေအတွက် နှင့် တွက်ကြည့်ပါက ခိုင်မာသည့်မဲသည် ၄၂ ရာခိုင်နှုန်း ခန့်သာရှိသည်ဟု ယူဆနိုင်**ပါကြောင်း။

ရွေးကောက်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ခဲ့သည့်ပါတီများ၊ အရပ်ဘက်အဖွဲ့အစည်းများမှ တိုင်ကြားချက်များ၊ ထုတ်ဖော်ပြောဆိုမှုများ ဖြစ်ပေါ်ခဲ့သကဲ့သို့ တရားမျှတ မှုကို လိုလားသည့် ပြည်သူများ၏ ဆန္ဒထုတ်ဖော်မှုများ ဖြစ်ပေါ်ခဲ့ပါကြောင်း၊ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေ (၂၀၀၈ ခုနှစ်)အရလည်းကောင်း၊ နိုင်ငံ၏ နိုင်ငံရေးသမိုင်းစဉ် ဖြတ်သန်းမှုအရ စိစစ်ပေးရန်၊ သတိပေးရန်၊ အသိပေးရန် လိုအပ်သည့် အဖွဲ့အစည်းသည် **တပ်မတော်**ပင်ဖြစ်သည့် အတွက်လည်းကောင်း လိုအပ်သည့် စစ်ဆေးမှုများကို ဆောင်ရွက်ခဲ့ပါကြောင်း၊ စစ်ဆေးမှုများဆောင်ရွက်ပြီးနောက် မဲစာရင်းများအရ မဲမသမာမှုဖြစ်နိုင်သည့် စာရင်းသည် ၁၀,၄၈၂,၁၁၆ ဦး(၁၀ ဒသမ ၄ သန်းကျော်) ဖြစ်သည့်အတွက် မဲပေးပိုင်ခွင့်ရှိသူ ပမာဏ၏ လေးပုံတစ်ပုံကျော် ဖြစ်ပေါ် ခဲ့သည်ကို အံ့ဩဖွယ်ရာ တွေ့ရှိရပါကြောင်း၊ စိစစ်တွေ့ ရှိသည့် အချက်အလက်များကို ဖြေရှင်းဆောင်ရွက်ပေးရန် UEC ၊ တည်ဆဲအစိုးရ၊ လွှတ်တော်နှင့် ပြည်ထောင်စု တရားလွှတ်တော်ချုပ်တို့ကို တိုက်တွန်းဆောင်ရွက်ခဲ့ သော်လည်း ဖြေရှင်းဆောင်ရွက်ပေးခြင်း မရှိခဲ့ပါကြောင်း၊

**မိမိတို့အစိုးရအဖွဲ့သည် မဲမသမာမှုများ ဖြစ်ပေါ်ခဲ့မှုကြောင့် နိုင်ငံ့တာဝန်ကိုရယူခဲ့ရသည့် အစိုးရဖြစ်သည့် အတွက် မိမိတို့အစိုးရ တာဝန်ယူဆောင်ရွက်ပေးရမည့် ရွေးကောက်ပွဲတွင် မဲစာရင်းမှန်ကန်မှု ရှိစေရေးသည် အဓိကအကျဆုံးဖြစ်၊ ထို့ကြောင့် နိုင်ငံအတွင်း အကြားအလပ်မရှိသည့် ရွေးကောက်ပွဲကျင်းပပြုလုပ်နိုင်ရေးနှင့် မဲစာရင်းမှန်ကန်တိကျမှုရှိစေရေးကို ရည်မှန်း အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိ။**

ထိုကဲ့သို့ လုံးဝဖြေရှင်းပေးမှုမရှိခြင်းသည် ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)အရ နိုင်ငံတော်အာဏာကို အတင်းအဓမ္မရယူရန် လုပ်ဆောင်ခဲ့ခြင်းပင် ဖြစ်ပါကြောင်း၊ ယင်းနောက် အသစ်ပြန်လည်ဖွဲ့စည်းခဲ့သည့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဖြင့် ၂၀၂၀ ပြည့်နှစ်ရွေးကောက်ပွဲ မဲစာရင်းများကို လိုအပ်သည့်စစ်ဆေးမှုများ ဆက်လက်ဆောင်ရွက်ခဲ့ပါကြောင်း၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အသစ်၏ မဲစာရင်းစစ်ဆေးမှုများအရ မဲမသမာမှုဖြစ်ပွားခဲ့သည့် မဲစာရင်းအရေအတွက် ၁၁၃၀၅၃၉၀ ဦး (၁၁ ဒသမ ၃ သန်းကျော်) ဖြစ်ပွားခဲ့ကြောင်း ဖော်ထုတ်တွေ့ရှိခဲ့ရပါကြောင်း၊ မဲမသမာမှုဖြစ်ပွားအောင် စီစဉ်ဆောင်ရွက်ခဲ့သည့် ယခင်ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်များကိုလည်း ၎င်းတို့ကျူးလွန်ခဲ့သည့်ပြစ်မှုများအလိုက် ထိုက်သင့်သည့် အရေးယူမှုများကို ဆောင်ရွက်ခဲ့ပါကြောင်း။

ယခုကဲ့သို့ မဲမသမာမှုဖြစ်စဉ် ဖြစ်ပွားခဲ့ရခြင်း အကြောင်းအရင်းများကို ပြန်လေ့လာကြည့်ပါက နိုင်ငံတော်၏အာဏာကို မသမာသည့်နည်းလမ်းဖြင့် ရယူရန် ကြိုးစားခဲ့သည်ကို တွေ့ရှိရမည်ဖြစ်သကဲ့သို့ မဲစာရင်းများ တိကျခိုင်မာမှုမရှိခြင်းကိုလည်း တွေ့ရှိရမည်ဖြစ်ပါကြောင်း ပါတီစုံဒီမိုကရေစီ ရွေးကောက်ပွဲတစ်ခုတွင် မဲစာရင်းတိကျခိုင်မာမှုရှိရေးသည် အဓိကအချက်ပင် ဖြစ်ပါကြောင်း၊ ခိုင်မာတိကျသည့်မဲစာရင်း ဖြစ်ပေါ်လာစေရေးအတွက် နိုင်ငံအတွင်းတွင်ရှိသည့် ဆန္ဒမဲပေးခွင့်ရှိသူ၊ ဆန္ဒမဲပေးခွင့်မရှိသူ၊ ဆန္ဒမဲပေးအပ်နိုင်သူ၊ ဆန္ဒမဲပေးအပ်နိုင်ခြင်းမရှိသူ စသည်တို့ကို အသေးစိတ် စာရင်းရရှိနေရန် လိုအပ်မည် ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် ပြည်လုံးကျွတ်လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကို ၂၀၁၄ ခုနှစ် ဧပြီလတွင် နောက်ဆုံးအကြိမ် ကောက်ယူခဲ့ပါကြောင်း၊ ၂၀၁၉ ခုနှစ်တွင်လည်း ကြားဖြတ် လူဦးရေသန်းခေါင်စာရင်းကို ကောက်ခံခဲ့ပြီး ကြားဖြတ် သန်းခေါင်စာရင်း အစီရင်ခံစာကို ထုတ်ပြန်ခဲ့ပါကြောင်း၊ ပြည်လုံးကျွတ်သန်းခေါင်စာရင်းနှင့် ကြားဖြတ်အစီရင်ခံစာပါ စာရင်းများကို အခြေပြုသည့် မဲဆန္ဒစာရင်းကို ထုတ်ပြန်ခဲ့ပါက ယခုလောက် မဲစာရင်းကွာခြားမှုမဖြစ်နိုင်သည်ကို သုံးသပ်ရရှိပါကြောင်း၊ ၂၀၁၄ ခုနှစ်နှင့် ၂၀၁၉ ခုနှစ်တွင် ကောက်ယူခဲ့သည့် သန်းခေါင်စာရင်းပါ အချက်အလက်များအရ မြန်မာနိုင်ငံ၏ လူဦးရေတိုးတက်မှုနှုန်းသည် ၂၀၁၄ ခုနှစ်နှင့် ၂၀၁၉ ခုနှစ် စာရင်းတွေအရ တစ်နှစ်လျှင် ၀.၈၈ ရာခိုင်နှုန်း၊ ၂၀၂၀ ပြည့်နှစ်စာရင်းအရ တစ်နှစ်လျှင် ၀.၈၇ ရာခိုင်နှုန်းမျှသာ ရှိပါကြောင်း၊ အဆိုပါ လူဦးရေတိုးတက်မှုနှုန်းထားကိုသာ အလေးထားဆောင်ရွက်ပါက ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ထုတ်ပြန်ခဲ့သော မဲပေးပိုင်ခွင့်ရှိသည့် အင်အားသည် ယခုအတိုင်း အတာအထိ ဖောင်းပွလာရန် မရှိသည်ကိုလည်း သုံးသပ်နိုင်မည်ဖြစ်ပါကြောင်း၊ ၂၀၁၄ ခုနှစ်မှ ၂၀၂၀ ပြည့်နှစ်အထိ သန်းခေါင်စာရင်း ကောက်ယူမှု မရှိသေးသည်ကို အခွင့်ကောင်းယူပြီး မဲမသမာမှု လုပ်ဆောင်သွားသည်ဟုလည်း သုံးသပ်ရရှိပါကြောင်း။

**မဲစာရင်းမှန်ကန်မှု ရှိစေရေးသည် အဓိကအကျဆုံးဖြစ်**

**မိမိတို့အစိုးရအဖွဲ့သည် မဲမသမာမှုများ ဖြစ်ပေါ်ခဲ့မှုကြောင့် နိုင်ငံ့တာဝန်ကိုရယူခဲ့ရသည့် အစိုးရဖြစ်သည့်အတွက် မိမိတို့အစိုးရ တာဝန်ယူဆောင်ရွက်ပေးရမည့် ရွေးကောက်ပွဲတွင် မဲစာရင်းမှန်ကန်မှုရှိစေရေးသည် အဓိကအကျဆုံးဖြစ်**ပါကြောင်း၊ ထို့ကြောင့် နိုင်ငံအတွင်း အကြားအလပ်မရှိသည့် ရွေးကောက်ပွဲကျင်းပပြုလုပ်နိုင်ရေးနှင့် မဲစာရင်းမှန်ကန်တိကျမှုရှိစေရေးကို ရည်မှန်းအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ရွေးကောက်ပွဲ ကျင်းပရာတွင် အဓိကအကျဆုံးဖြစ်သည့် မဲစာရင်းများမှန်ကန်တိကျမှုရှိစေရေးအတွက် သန်းခေါင်စာရင်း ကောက်ယူမှုလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါကြောင်း၊ တစ်တိုင်းပြည်လုံး လွှမ်းခြုံနိုင်သည့် သန်းခေါင်စာရင်း ကောက်ယူမှုအောင်မြင်မှသာ ခိုင်မာသည့်မဲဆန္ဒရှင်စာရင်းကို ရရှိနိုင်မည်ဖြစ်သည့်အတွက် အလေးထားဆောင်ရွက်နေချိန်တွင် လက်နက်ကိုင်အကြမ်းဖက်သမားများ၏ အကြမ်းဖက်တိုက်ခိုက်မှု၊ ခြိမ်းခြောက်မှုများကြောင့် လုပ်ငန်းဆောင်ရွက်မှုတွင် နှောင့်နှေးမှုများ ဖြစ်ပေါ်နေကြောင်းကိုလည်း အသိပေးပြောကြားလိုပါကြောင်း၊ နိုင်ငံတစ်ဝန်းတည်ငြိမ်အေးချမ်းပြီး ရွေးကောက်ပွဲအတွက် လိုအပ်သည့် ကြိုတင်ပြင်ဆင်မှုများ ဆောင်ရွက်ပြီးချိန်တွင် တစ်နိုင်ငံလုံးအတိုင်းအတာနှင့် အကြားအလပ်မရှိ ရွေးကောက်ပွဲကိုကျင်းပနိုင်ရေး ဆက်လက်ဆောင်ရွက်သွားရမည်ပင် ဖြစ်ပါကြောင်း။

အထွေထွေအနေဖြင့် ၂၀၂၃ ခုနှစ်၊ မေလ ၁၄ ရက်နေ့

တွင် မြန်မာနိုင်ငံ စစ်တွေမြို့ကို တစ်နာရီ မိုင် ၁၃၀ ကျော်ဖြင့် အလွန့်အလွန် အားကောင်းသော မိုခါဆိုင်ကလုန်းမုန်တိုင်း တိုက်ခတ်ခဲ့ပါကြောင်း၊ မိုခါမုန်တိုင်းတိုက်ခတ်နိုင်သည့်အခြေအနေကို မေလ ၄ ရက်မှာ စတင်သိရှိခဲ့ပါကြောင်း၊ မေလ ၆ ရက်နေ့တွင် အမျိုးသား သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ အရေးပေါ်လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ပြုလုပ်ခဲ့ပြီး မုန်တိုင်းနှင့်ပတ်သက်သည့် အချက်အလက်များ၊ ဆောင်ရန်၊ ရှောင်ရန်အချက်အလက်များကို နိုင်ငံတော်ပိုင်မီဒီယာများမှ အချိန်နှင့်တစ်ပြေးညီ အသိပေးနှိုးဆော်ခဲ့ပါကြောင်း၊ မိုခါမုန်တိုင်းဖြတ်ကျော်ဝင်ရောက်ချိန်တွင် ရခိုင်ပြည်နယ်အတွင်းရှိမြို့နယ် ခုနစ်မြို့နယ်ကို ဘေးအန္တရာယ်ကျရောက်နိုင်ခြေမြင့်မားသည့် အနီးရောင်အဆင့်ဒေသများအဖြစ် ၂၀၂၃ ခုနှစ် မေလ ၁၃ ရက်နေ့တွင် ကြိုတင်ကြေညာစေခဲ့ပါကြောင်း၊ မိုးလေဝသဆိုင်ရာ ကြိုတင်သတိပေးရေးလုပ်ငန်းစဉ်အရ မုန်တိုင်းမဝင်မီ ၁၂ နာရီအလိုတွင် ထုတ်ပြန်လေ့ရှိသော်လည်း မိမိအနေဖြင့် မုန်တိုင်းမဝင်မီ တစ်ရက်ကျော်ကတည်းက ကြိုတင်ကြေညာစေခဲ့သည့်အပြင် မုန်တိုင်းတိုက်ခတ်နိုင်သည့် ဒေသအသီးသီးမှ ပြည်သူများကိုလည်း အချိန်မီရွှေ့ပြောင်းပေးနိုင်ခဲ့ပါကြောင်း၊ **ကြိုတင်ပြင်ဆင်ဆောင်ရွက်မှု ကောင်းမွန်ခဲ့သည့်အတွက် မုန်တိုင်းကြောင့် သေဆုံးရသည့်အရေအတွက်နည်းပါးခဲ့ပြီး တိုက်ခတ်ခဲ့သည့် မုန်တိုင်း၏အရှိန်နှင့် နှိုင်းယှဉ်ပါက မိမိတို့၏ ပြည်သူလူထုအပေါ် အလေးထားဆောင်ရွက်ပေးနိုင်ခဲ့မှုကို သုံးသပ်နိုင်မည်ပင်ဖြစ်**ပါကြောင်း၊ မုန်တိုင်းတိုက်ခတ်ပြီးနောက် ရခိုင်ပြည်နယ်မြောက်ပိုင်း ခုနစ်မြို့နယ်နှင့် ချင်းပြည်နယ်မှ နှစ်မြို့နယ်တို့သည် ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့ပါကြောင်း။

**ပြန်လည်ထူထောင်ရေးလုပ်ငန်းများကိုဆောင်ရွက်လျက်ရှိ**

မိမိအပါအဝင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ၊ အစိုးရအဖွဲ့ တာဝန်ရှိသူများ၊ တပ်မတော်အကြီးအကဲများသည် မုန်တိုင်းဒဏ်သင့်ဒေသများသို့ သွားရောက်ကြည့်ရှုခဲ့ပြီးလိုအပ်သည်များ ဆောင်ရွက်ဖြည့်ဆည်းပေးခဲ့ပါကြောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီမှ တာဝန်ရှိသူများနှင့် တပ်မတော်မှ အရာရှိကြီးများကိုလည်း ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် အနီးကပ်ကြီးကြပ်နိုင်ရေး တာဝန်ပေးအပ်ပြီး ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါကြောင်း။

အခြေခံပညာကျောင်းများကို အချိန်မီ ပြန်လည်ဖွင့်လှစ်နိုင်ရေး၊ သန့်ရှင်းသော သောက်သုံးရေရရှိရေး၊ စားနပ်ရိက္ခာပြတ်လပ်မှုမရှိရေး၊ ဆက်သွယ်ရေးစနစ်နှင့်လျှပ်စစ် ဓာတ်အားပြန်လည်ရရှိရေး အပါအဝင် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများတွင် အရှိန်အဟုန်နှင့် ပြန်လည်ဆောင်ရွက်နိုင်ရေးအတွက် လိုအပ်သည့် လုပ်ငန်းစဉ်မှန်သမျှကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ပါကြောင်း။

နိုင်ငံတကာ၏ ကူညီကယ်ဆယ်ရေးပစ္စည်းများ၊ ပေးပို့လှူဒါန်းမှုကို သဘောတူ ခွင့်ပြုမှု၊ စနစ်တကျရှိမှုတို့အတွက် On-Site Operation Coordination Centre ဖွဲ့စည်းဆောင်ရွက်ခဲ့ပြီး အပြည့်အဝ ပူးပေါင်းဆောင်ရွက်ခြင်းတို့ကို ဆောင်ရွက်လျက်ရှိပါကြောင်း၊ နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်မှုအနေဖြင့် ပြည်ပနိုင်ငံများမှ အစိုးရများ၊ အရေးပေါ်တုံ့ပြန်မှုနှင့် ကွင်းဆင်းစစ်ဆေးရေးအဖွဲ့ (ERAT)၏ သတင်းထုတ်ပြန်ရေးအဖွဲ့၊ ကုလသမဂ္ဂ၏ လူ့အခွင့်အရေးဆိုင်ရာ မဟာမင်းကြီးရုံး(UNOHCHR) အဖွဲ့အစည်းများ၊ AHA Centre ၊ ပြည်ပရောက် မြန်မာနိုင်ငံသားများနှင့် စေတနာရှင်များ၏ ထောက်ပံ့ရေးပစ္စည်းများ လှူဒါန်းမှု၊ အလှူငွေများလှူဒါန်းမှု၊ မြန်မာနိုင်ငံအတွင်းသို့ လာရောက်သတင်းရယူမည့် ခရီးစဉ်များကို ခွင့်ပြုပေးခဲ့ပါကြောင်း၊ မိမိတို့အစိုးရအနေဖြင့် မုန်တိုင်းဒဏ်သင့်ဒေသများကို မူလအခြေအနေထက် ပိုမိုကောင်းမွန်အောင် နည်းမျိုးစုံဖြင့် ကြိုးစားဆောင်ရွက်လျက်ရှိကြောင်းကို ပြောကြားလိုပါကြောင်း။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် ရှေ့လုပ်ငန်းစဉ် ၅ ရပ်ကိုချမှတ်ပြီး နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးစသည့် ဦးတည်ချက် (၁၂) ရပ်ကို ရေးဆွဲ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း၊ စစ်မှန်စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီစနစ်တွင် ဆန္ဒမဲပေးရွေးချယ်ခြင်းသည် အဓိကအကျဆုံးကဏ္ဍဖြစ်ပါကြောင်း၊ ပြည်သူတစ်ဦးတစ်ယောက်ချင်းစီက ခြိမ်းခြောက်ခံရမှု၊ စိုးရွံ့မှု၊ အနှောင်အဖွဲ့ရှိမှု အစရှိသည့် အဂတိတရားများ ကင်းကင်းရှင်းရှင်းဖြင့် လွတ်လပ်ခြင်း၊ တရားမျှတခြင်း စသည့်အချက်များ ပြည့်ပြည့်စုံစုံဖြင့် မဲပေးနိုင်ရေးသည်

လည်း အရေးကြီးသည့်ကဏ္ဍတွင် ပါဝင်ပါကြောင်း၊ လက်ရှိအခြေအနေတွင် အကြမ်းဖက်အဖွဲ့အစည်းအဖြစ် ကြေညာထားသည့် NUG၊ CRPH၊ PDF အစရှိသည့် အကြမ်းဖက်သမားများအပြင်၊ တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ကို ဖောက်ဖျက်ပြီး နိုင်ငံ၏အုပ်ချုပ်ရေး၊ တရားဥပဒေစိုးမိုးရေး လုပ်ငန်းစဉ်များ ထိခိုက်ပျက်ပြားအောင် လုပ်ဆောင်နေသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အချို့ ရှိနေပါကြောင်း၊ တင်ပြခဲ့သည့် အကြမ်းဖက်အဖွဲ့အစည်းများနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အချို့တို့သည် စစ်ကိုင်းတိုင်းဒေသကြီး အချို့မြို့နယ်များ၊ မကွေးတိုင်းဒေသကြီး မြောက်ဘက်ခြမ်း၊ ပဲခူးတိုင်းဒေသကြီး အရှေ့ဘက်ခြမ်း၊ တနင်္သာရီတိုင်းဒေသကြီး အချို့မြို့နယ်များ၊ ကရင်ပြည်နယ်၊ ကယားပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ် စသည်တို့မှ အချို့မြို့နယ်များတွင် လက်နက်ကိုင်တိုက်ခိုက်မှုများ၊ သတ်ဖြတ်မှုများ၊ မိုင်းထောင်တိုက်ခိုက်မှု၊ မီးရှို့ဖျက်ဆီးမှုအပါအဝင် အကြမ်းဖက်လုပ်ရပ်များကို လုပ်ဆောင်လျက်ရှိပါကြောင်း၊ ဒေသခံပြည်သူလူထုများ၏နေအိမ်အဆောက်အအုံများ၊ ဘာသာရေးအဆောက်အအုံများ၊ ပညာရေး၊ ကျန်းမာရေး အစရှိသည့် အဆောက်အအုံများကို အကာအကွယ်အဖြစ်ရယူပြီး တိုက်ခိုက်ခြင်း၊ အရပ်သားပြည်သူများကို လူသားဒိုင်းအဖြစ် အသုံးပြုတိုက်ခိုက်ခြင်းများကြောင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် ထိန်းထိန်းသိမ်းသိမ်းဖြင့် ကြပ်မတ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ မိမိတို့၏ ရည်မှန်းချက်များတွင် ဖော်ပြပါရှိသည့် ရွေးကောက်ပွဲကျင်းပနိုင်ရေးအတွက် တင်ပြခဲ့သည့် ဒေသများ၌ အခက်အခဲအချို့ ရှိနေနိုင်သည်ကို သတိပြုမိရန်လိုအပ်ကြောင်း တင်ပြလိုပါကြောင်း၊ ရွေးကောက်ပွဲ ဖြစ်မြောက်အောင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် ဆောင်ရွက်ပေးသည့်တိုင် ဒေသခံမဲဆန္ဒရှင် ပြည်သူများကို လက်နက်အားကိုးဖြင့် မဲမပေးစေရေး၊ မဲပေးပါကလည်း ၎င်းတို့ လိုလားသူကိုသာမဲပေးစေရေး၊ ဖိအားပေးအကျပ်ကိုင်မှုများ ဖြစ်ပေါ်လာပါက ရွေးကောက်ပွဲ၏ မူလဦးတည်ချက်များ ပပျောက်သွားနိုင်ပါကြောင်း၊ ဒီမိုကရေစီအတွက် မဲပေးရွေးချယ်မှုသည် အာဏာရှင်နှင့် အကြမ်းဖက်အားပေးများကို မဲပေးရွေးချယ်လိုက်ရသည့် ဖြစ်စဉ်မျိုး ဖြစ်ပေါ်လာနိုင်သည်ကိုလည်း သတိပြုမိရန် လိုအပ်မည်ဖြစ်ပါကြောင်း။

**လွှတ်တော်များ၏ အခန်းကဏ္ဍ**

လွှတ်တော်များ၏ အခန်းကဏ္ဍနှင့်ဆက်စပ်ပြီး ထပ်မံတင်ပြလိုပါကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)အရ မိမိတို့မြန်မာနိုင်ငံတွင် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ ပြည်သူ့လွှတ်တော်ဟူ၍ လွှတ်တော် ၃ ရပ်နှင့် ဖွဲ့စည်းထားရှိပါကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်) အရ လွှတ်တော်အစည်းအဝေးတစ်ခု အထမြောက်ရန် ဆိုပါက လွှတ်တော်စတက်သည့်ပထမနေ့တွင် တက်ရောက်ခွင့်ရှိသည့်ကိုယ်စားလှယ်ထက်ဝက်ကျော်ဦးရေတက်ရောက်ပါက အစည်းအဝေးသည် အထမြောက်ပါကြောင်း၊ ပထမနေ့အစည်းအဝေး အထမမြောက်သဖြင့် ဆက်လက်ကျင်းပသည့်လွှတ်တော်အစည်းအဝေးများတွင်တက်ရောက်ခွင့်ရှိသည့် လွှတ်တော် ကိုယ်စားလှယ်အရေအတွက်၏ သုံးပုံတစ်ပုံ တက်ရောက်နိုင်သည်နှင့် အစည်းအဝေးသည် အထမြောက်နေပြီဖြစ်ပါကြောင်း၊ ပထမဆုံးကျင်းပမည့် လွှတ်တော်အစည်းအဝေး အထမြောက်ရန် လိုအပ်သည့် ၅၀ ရာခိုင်နှုန်းသော ကိုယ်စားလှယ်များအတွက် တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ် ၂၅ ရာခိုင်နှုန်း ရှိပြီးဖြစ်ပါကြောင်း၊ ကျန် ၂၅ ရာခိုင်နှုန်းသော လွှတ်တော်ကိုယ်စားလှယ် ရှိရုံမျှဖြင့် လွှတ်တော်အစည်းအဝေးကို

**မဲဆန္ဒရှင်ပြည်သူအားလုံးကို အေးချမ်းလုံခြုံစွာ မဲပေးနိုင်ခွင့်ရှိရေး ဆောင်ရွက်ပေးရမည်မှာ အစိုးရတာဝန်ဖြစ်သကဲ့သို့ မဲပေးခြင်း၊ မဲမပေးကြခြင်းမှာ ပြည်သူတစ်ဦး တစ်ယောက်ချင်း၏ ဒီမိုကရေစီအခွင့်အရေးပင်ဖြစ်၊ မဲမသမာမှုဖြစ်စဉ်များ ဖြစ်ပွားခဲ့သည့်အတွက် မိမိတို့အစိုးရအဖွဲ့ ဖြစ်ပေါ်လာခြင်းဖြစ်ပြီး မိမိတို့အစိုးရက တာဝန်ယူကျင်းပရသည့် ရွေးကောက်ပွဲသည် နိုင်ငံတော်အတွက် အရေးကြီးသည့် အဆုံးအဖြတ်ပေးမည့် ကိစ္စဖြစ်။**

အထမြောက်အောင် ဆောင်ရွက်နိုင်ပါကြောင်း၊ သို့သော် ယခုဆွေးနွေးခဲ့သကဲ့သို့ လွှတ်တော်အစည်းအဝေးကို ကျင်းပလိုက်သည်နှင့်လွှတ်တော်အစည်းအဝေး အထမြောက်အောင် တပ်မတော်က အတင်းလုပ်ယူသည်ဟူသည့် ပုံရိပ်တစ်ခုကို သတ်မှတ်သွားနိုင်သည့် အနေအထားရှိပါကြောင်း၊ အလားတူသက်ဆိုင်ရာ တိုင်းဒေသကြီးနှင့်ပြည်နယ်များ၏ ဝန်ကြီးချုပ်များ၊ အစိုးရအဖွဲ့ဝင်များ၊ ပြည်ထောင်စုအဆင့် သမ္မတ၊ ဒုသမ္မတစသည်တို့ ရွေးချယ်သည့်အခါတွင်လည်း အထက်တွင် မိမိပြောခဲ့သကဲ့သို့ ဆောင်ရွက်နိုင်သော်လည်း ပုံရိပ်အရ မသင့်တော်ခြင်းများ ဖြစ်ပေါ်လာနိုင်ပါကြောင်း၊ ရွေးကောက်ပွဲသည် အထွေထွေရွေးကောက်ပွဲဖြစ်သည်နှင့်အညီ ပြည်သူများက ၎င်းတို့ဆန္ဒဖြင့်ရွေးချယ်သည့် ရွေးကောက်ခံကိုယ်စားလှယ်များပါဝင်နေရန်လိုပါကြောင်း၊ အနည်းဆုံး ၇၅ ရာခိုင်နှုန်းခန့်အထိ ကိုယ်စားလှယ်များ ရွေးချယ်ခွင့်ရရှိရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း၊ ရွေးကောက်ပွဲတွင် ၁၀၀ ရာခိုင်နှုန်းအောင်မြင်ရန်ဆိုသည်မှာ ခက်ခဲမည်ဖြစ်ပါကြောင်း။

ထိုကဲ့သို့ **ပြည်သူများရွေးချယ်သည့် ကိုယ်စားလှယ်များများများပါဝင်နိုင်ရေး၊ ၎င်းတို့ကြိုက်နှစ်သက်သည့် ကိုယ်စားလှယ်ကို မဲပေးရွေးချယ်နိုင်ရေး ကိုယ်စားလှယ်များသည် မဲဆန္ဒနယ်အလိုက် ပြည်သူများဆီ ကွင်းဆင်းမဲဆွယ်စည်းရုံးနိုင်ရန် လိုအပ်ပါ**ကြောင်း၊ မြန်မာနိုင်ငံ၏ လူဦးရေ ၃၀ ရာခိုင်နှုန်းခန့်သည် မြို့နေဖြစ်ပြီး၊ ကျန် ၇၀ ရာခိုင်နှုန်းကျော်သည် ကျေးလက်နေ ပြည်သူများဖြစ်ကြပါကြောင်း၊ မိမိအထက်တွင် တင်ပြခဲ့သည့် ဒေသများမှ မြို့ပေါ်နေပြည်သူလူထုအနေဖြင့် အေးချမ်းစွာ နေထိုင်နိုင်ပြီး ကျေးလက်များတွင်မူ ခြိမ်းခြောက်မှုများ ရှိနေဆဲဖြစ်ပါကြောင်း၊ လွတ်လပ်စွာမဲဆွယ်စည်းရုံးနိုင်မှု၊ လွတ်လပ်စွာမဲပေးနိုင်မှုများအတွက် အခက်အခဲများရှိလာမည်ဖြစ်ကြောင်း၊ နောက်ဆက်တွဲအနေဖြင့် ဒေသ၏ဖွံ့ဖြိုးတိုးတက်မှု၊ လိုလားမှုများကို ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်မည် မဟုတ်တော့သည်ကို သတိပြုမိရန် လိုအပ်ပါကြောင်း၊ ထို့ကြောင့် နယ်မြေဒေသများ တည်ငြိမ်အေးချမ်းစေရေး လုံခြုံရေးအားကောင်းအောင် တည်ဆောက်ရန် လိုအပ်လျက်ရှိပါသေးကြောင်း။

မြန်မာနိုင်ငံ၏ တည်ဆဲလွှတ်တော်ဥပဒေများတွင်လည်း မဲဆန္ဒရှင်ပြည်သူလူထု ဘယ်နှရာခိုင်နှုန်းက မဲပေးမှ အထမြောက်မည်ဟု သတ်မှတ်ထားခြင်းမျိုး မရှိပါကြောင်း၊ ၂၀၁၉ ခုနှစ်တွင် ပြုလုပ်ခဲ့သည့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီအတွက် ရွေးကောက်ပွဲကို ဥပမာထားတင်ပြရမည်ဆိုပါက မဲပေးပိုင်ခွင့်ရှိသူများ၏ ပျှမ်းမျှ ၁၄ ရာခိုင်နှုန်းကသာ မဲပေးခဲ့ခြင်းဖြစ်ပါကြောင်း၊ ယင်းပျှမ်းမျှ ၁၄ ရာခိုင်နှုန်းပေါ်၌ အနိုင်အရှုံးကို တွက်ချက်သွားသည်ဖြစ်သည့်အတွက် ပြည်သူကို ကိုယ်စားပြုနိုင်သည့် ကိုယ်စားလှယ်များဖြစ်၊ မဖြစ်ကိုသုံးသပ်တွေ့ရှိနိုင်ပါကြောင်း၊ ပြည်သူလူထုကို ကိုယ်စားပြုမှုအားနည်းခဲ့သည့်အတွက် နောက်ပိုင်းတွင် ပြဿနာများ ဖြစ်ပွားလာသည်ကိုလည်း တွေ့ရှိရမည် ဖြစ်ပါကြောင်း။

**ရွေးကောက်ပွဲကို အလောတကြီး ဆောလျင်စွာ ဆောင်ရွက်၍ မရ**

**မဲဆန္ဒရှင်ပြည်သူအားလုံးကို အေးချမ်းလုံခြုံစွာ မဲပေးနိုင်ခွင့်ရှိရေး ဆောင်ရွက်ပေးရမည်မှာ အစိုးရတာဝန်ဖြစ်သကဲ့သို့ မဲပေးခြင်း၊ မဲမပေးကြခြင်းမှာ ပြည်သူတစ်ဦးတစ်ယောက်ချင်း၏ ဒီမိုကရေစီအခွင့်အရေးပင်ဖြစ်**ပါကြောင်း၊ မဲမသမာမှုဖြစ်စဉ်များ ဖြစ်ပွားခဲ့သည့်အတွက် မိမိတို့အစိုးရအဖွဲ့ ဖြစ်ပေါ်လာခြင်းဖြစ်ပြီး **မိမိတို့အစိုးရကတာဝန်ယူကျင်းပရသည့် ရွေးကောက်ပွဲသည် နိုင်ငံတော်အတွက် အရေးကြီးသည့် အဆုံးအဖြတ်ပေးမည့် ကိစ္စဖြစ်**ပါကြောင်း၊ ထို့ကြောင့် မိမိတို့လက်ထက်တွင် ကျင်းပမည့် အထွေထွေရွေးကောက်ပွဲတွင် မဲမသမာမှုဖြစ်စဉ်များ ထပ်မံဖြစ်ပေါ်မှုမရှိစေရေး အထူးဂရုပြုဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း၊ မဲပေးသည့်နေရာတွင် လုံခြုံမှုရှိရန်၊ မဲစာရင်းမှန်ကန်ရန် အဓိကထားဆောင်ရွက်ရမည်ဖြစ်ပြီး ဆုံးဖြတ်ချက်များ၊ ဆောင်ရွက်ချက်များထဲမှ အားနည်းချက်ဖြစ်ပေါ်ခဲ့ပါက မိမိတို့တပ်မတော်ကို ပြည်သူလူထုအနေဖြင့် အပြစ်မြင်လာမည်ပင်ဖြစ်ပါကြောင်း၊ ထို့ကြောင့် **ကျင်းပပြုလုပ်မည့် ရွေးကောက်ပွဲကို အလောတကြီးဆောလျင်စွာ ဆောင်ရွက်၍မရဘဲ စနစ်တကျပြင်ဆင် ဆောင်ရွက်သွားရမည်ဖြစ်**သည့်အတွက် အချိန်တစ်ခုအထိ မိမိတို့အနေဖြင့် ဆက်လက်တာဝန်ယူ ဆောင်ရွက်သွားရန် လိုအပ်လျက်ရှိပါကြောင်း။

မိမိတို့အနေဖြင့် မြန်မာနိုင်ငံ၏ ဒီမိုကရေစီအရေးကို ရှေးရှုပြီး ရွေးကောက်ပွဲကို မဖြစ်မနေကျင်းပရန် ဦးတည်

ဆောင်ရွက်လျက်ရှိပါကြောင်း၊ ရွေးကောက်ပွဲကျင်းပမှုနှင့် ပတ်သက်ပြီး အခင်းအကျင်းသည် နှစ်ခုထွက်ပေါ်လာနိုင်ပါကြောင်း၊ ပထမတစ်ခုမှာ လတ်တလော လက်နက်ကိုင်တိုက်ခိုက်မှု၊ မတည်ငြိမ်မှုများဖြစ်ပေါ်လျက်ရှိသည့် ဒေသများကို ချန်လှပ်ပြီး ရွေးကောက်ပွဲကျင်းပခြင်းနှင့် ဒုတိယတစ်ခုအနေဖြင့် ရွေးကောက်ပွဲကို တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် မဖြစ်မနေပြုလုပ်ခြင်းဖြစ်ပါကြောင်း၊ ပထမဖြစ်ပေါ်လာနိုင်သည့် အခင်းအကျင်းဖြစ်သည့် တည်ငြိမ်မှု အားနည်းနေဆဲဒေသများကိုချန်လှပ်ပြီး ကျန်ဒေသများတွင် ရွေးကောက်ပွဲကိုကျင်းပပါက ဖြစ်ပေါ်လာနိုင်သည့် အကျိုးဆက်များမှာ ၂၀၂၀ ပြည့်နှစ် ရွေးကောက်ပွဲတွင် ကျင်းပခဲ့သည့် ၃၁၅ မြို့နယ်ထက်ပိုမို၍ ကျင်းပနိုင်မည့် မြို့နယ်အရေအတွက် နည်းပါးသွားနိုင်ပါကြောင်း၊ ၂၀၂၀ ပြည့်နှစ် ရွေးကောက်ပွဲတွင် ရွေးကောက်ပွဲမပြုလုပ်နိုင်ခဲ့သည့် တိုင်းရင်းသားဒေသများ၏ မကျေနပ်မှုများကိုလည်း တွေ့မြင်ရပြီးဖြစ်မည်ဖြစ်ကြောင်း၊ ရွေးကောက်ပွဲမကျင်းပနိုင်သည့် မြို့နယ်များတွင်ရှိသည့် ပြည်သူလူထုသည် ၎င်းတို့၏ မူလအခွင့်အရေးဖြစ်သည့် မဲပေးပိုင်ခွင့်နှင့် ဒီမိုကရေစီနည်းလမ်းကျ ဆန္ဒဖော်ထုတ်နိုင်မှု အခွင့်အရေးများ ဆုံးရှုံးသွားမည်ဖြစ်ပါကြောင်း၊ မြို့နယ်တစ်ခုလုံးအလိုက် ရွေးကောက်ပွဲ မကျင်းပနိုင်သည်ထက်စာပါက လုံခြုံမှုရှိသည့် နေရာများတွင် ကျင်းပပေးနိုင်ရန်လည်း စဉ်းစားဆောင်ရွက်သင့်ပါကြောင်း၊ ထို့ပြင် ရွေးကောက်ပွဲကျင်းပမှုမှ ချန်လှပ်ခဲ့သည့်သက်ဆိုင်ရာတိုင်းဒေသကြီးနှင့်ပြည်နယ်များတွင် လွှတ်တော်ခေါ်ယူရန်၊ သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ ရွေးချယ်ခြင်း၊ အစိုးရအဖွဲ့ ဖွဲ့စည်းခြင်းစသည့် ကိစ္စရပ်များတွင် အားနည်းချက်များဖြစ်လာမည်ဖြစ်သလို အမျိုးသားလွှတ်တော်၊ ပြည်သူ့လွှတ်တော်တို့တွင်လည်း အလားတူ ဒေသကိုယ်စားပြုသည့် ကိုယ်စားလှယ်ပါဝင်မှုမရှိခြင်း၊ အစိုးရအဖွဲ့ ဖွဲ့စည်းရာတွင် အားနည်းချက်များ ဖြစ်ပေါ်လာနိုင်ခြင်းစသည့် အကျိုးဆက်များကို ရင်ဆိုင်ကြရမည်ဖြစ်ပါကြောင်း၊ နိုင်ငံတကာအမြင်၊ ပြည်သူလူထုအမြင်တွင် လွှတ်တော်ကိုမဖြစ်ဖြစ်အောင် ခေါ်သည်ဆိုသည့် အနေအထားကို ရောက်ရှိသွားနိုင်ပါကြောင်း၊ ဒုတိယဖြစ်ပေါ်လာနိုင်သည့် တစ်နိုင်ငံလုံးအတိုင်းအတာနှင့် ရွေးကောက်ပွဲကျင်းပပါက ဖြစ်ပေါ်လာနိုင်သော အကျိုးဆက်များကို ဆက်လက်တင်ပြလိုပါကြောင်း၊ အဓိကအားဖြင့် လက်နက်ကိုင် ဆန့်ကျင်မှု၊ အကြမ်းဖက်တိုက်ခိုက်မှုများ ဖြစ်ပေါ်နေသည့် ဒေသများတွင် လက်နက်အားကိုး ခြိမ်းခြောက်ပြီး မဲပေးမှုကို တားမြစ်ပိတ်ပင်ခြင်း၊ အကြမ်းဖက် ဗုံးဖောက်ခွဲခြင်း၊ တိုက်ခိုက်ခြင်း၊ အကြမ်းဖက်သမားများ လိုလားသည့်သူများကိုခြိမ်းခြောက်မဲထည့်စေခြင်းများ ဖြစ်ပေါ်လာနိုင်ပါကြောင်း၊ ရလဒ်အနေဖြင့် မဲဆန္ဒရှင်များကိုယ်တိုင် မဲပေးရွေးချယ်သည့် ရာနှုန်းကျဆင်းခြင်း၊ အကြမ်းဖက်အားပေး လွှတ်တော်ကိုယ်စားလှယ်များ လွှတ်တော်အသီးသီးကို ရောက်ရှိလာခြင်းများ ဖြစ်ပေါ်လာနိုင်သည့်အတွက် နိုင်ငံ၏ ဒီမိုကရေစီလမ်းကြောင်း လျှောက်လှမ်းနေမှုကို ပိုမိုဆိုးရွားလာစေနိုင်ပါကြောင်း၊ ထိုသို့သောအခြေအနေများ ဖြစ်ပေါ်လာမှု မရှိစေရေးအတွက် လတ်တလောအကြမ်းဖက်တိုက်ခိုက်မှုများ ဖြစ်ပေါ်နေသည့် တိုင်းဒေသကြီးနှင့်ပြည်နယ်အလိုက် နေရာဒေသများကို တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေး စသည့်လုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားရန် အရေးတကြီးလိုအပ်လျက် ရှိပါကြောင်း။

**နားလည်မှုအပြည့်အဝဖြင့် ပူးပေါင်းဆောင်ရွက်ရန် လိုအပ်**

**ရွေးကောက်ပွဲကျင်းပနိုင်သည့် အခင်းအကျင်း နှစ်ခုလုံးအတွက် အဓိကလိုအပ်ချက်များကို သုံးသပ်လေ့လာကြည့်ပါက တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် ရွေးကောက်ပွဲကျင်းပရန်၊ မဲပေးရွေးချယ်မည့် မဲဆန္ဒရှင်ပြည်သူလူထုအနေဖြင့် အမှီအခိုကင်းကင်း၊ အကြောက်တရားကင်းကင်းဖြင့် မဲပေးရွေးချယ်နိုင်ရန်၊ တစ်နိုင်ငံလုံး အတိုင်းအတာနှင့် တည်ငြိမ်အေးချမ်းပြီး တရားဥပဒေစိုးမိုးမှု အပြည့်အဝရရှိရန်ဆိုသည့် အဓိကအကြောင်းအရာများကို တွေ့ရှိရမည်ဖြစ်ပါကြောင်း၊ မိမိတို့ ကျင်းပပေးရမည့် ရွေးကောက်ပွဲသည် အထွေထွေရွေးကောက်ပွဲ (General Election) ဖြစ်ပါကြောင်း၊ နိုင်ငံအတွက် အရေးကြီးသည့် နိုင်ငံရေးအဆုံးအဖြတ် ဖြစ်လာမည်ဖြစ်သည့်အတွက် အားလုံးကအထူးအလေးအနက်ထား ကြိုးပမ်းဆောင်ရွက်သွားကြရန် လိုအပ်မည်ဖြစ်ပါကြောင်း၊ မိမိတို့နိုင်ငံတွင် ပြည်သူလူထုတစ်ရပ်လုံး၏ ဆန္ဒဖြစ်သည့် စစ်မှန်ပြီးစည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာမှန်ကန်စွာ**

**ပေါ်ထွန်းဖော်ဆောင်နိုင်စေရေး၊ နိုင်ငံရေးပါတီများ၊ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများ၊ သက်ဆိုင်သူပုဂ္ဂိုလ်များအားလုံး၊ ပြည်သူပြည်သားများအားလုံး၊ ပြည်တွင်းပြည်ပ အဖွဲ့အစည်းများနှင့် နိုင်ငံတကာ အသိုက်အဝန်းအားလုံးမှ အပြုသဘောဆောင်ပြီး နားလည်မှု အပြည့်အဝဖြင့် ပူးပေါင်းဆောင်ရွက်ရန် လိုအပ်**ပါကြောင်း၊ ထို့ကြောင့် လတ်တလော အကြမ်းဖက်တိုက်ခိုက်မှုများ ဖြစ်ပေါ်နေသည့် တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် နေရာဒေသများကိုတည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေး စသည့်လုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက် သွားရန် လိုအပ်လျက်ရှိသည့်အတွက် အရေးပေါ်အခြေအနေအဖြစ် ကြေညာထားမှုကိုထပ်မံပြီး (၆ လ) သက်တမ်းတိုးမြှင့်တာဝန်ထမ်းဆောင်ခွင့်ပြုရန် တင်ပြလိုပါကြောင်း ပြောကြားသည်။

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ တင်ပြချက်များနှင့်စပ်လျဉ်း၍ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီအဖွဲ့ဝင်များ ဆွေးနွေးတင်ပြကြရာ ဦးစွာ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူက ဆွေးနွေးပြောကြားရာတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ တင်ပြချက်ကို ထောက်ခံပါကြောင်းဆွေးနွေးပြောကြားသည်။

**ဆက်လက်သက်တမ်းတိုးခြင်းကို ထောက်ခံ**

ထို့နောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်က ဆွေးနွေးပြောကြားရာတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် တင်ပြမှုတွင် လက်ရှိနိုင်ငံတော်တွင် ဖြစ်ပေါ်နေသည့် အခြေအနေများနှင့် နိုင်ငံတော်မှဆောင်ရွက်နေမှုများနှင့် ဆက်လက်ဆောင်ရွက်သွားရန် လိုအပ်သည်များကို အကျယ်တဝင့် သုံးသပ်ဆွေးနွေးသွားသည်ကို တွေ့ရှိခဲ့ပါကြောင်း၊ ၂၀၂၃ ခုနှစ်၊ ဇန်နဝါရီ ၃၁ ရက်တွင် ကျင်းပခဲ့သည့် အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီအစည်းအဝေး (၁/၂၀၂၃)၌ နိုင်ငံတစ်ဝန်းလုံး အရေးပေါ်အခြေအနေ ကြေညာထားသည့် ကာလအား သက်တမ်းတိုးမြှင့်မှုနှင့်ပတ်သက်၍ အကျယ်တဝင့် ရှင်းလင်းခဲ့ရာတွင် နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာခုံရုံး၏ သဘောထားမှတ်ချက်နှင့်ပတ်သက်၍လည်းကောင်း အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီအဖွဲ့ဝင်အားလုံး၏ သဘောတူညီချက်များအရလည်းကောင်း ဖေဖော်ဝါရီလ ၁ ရက်နေ့မှစ၍ ဆက်လက်သက်တမ်းတိုးမြှင့်ရန် တညီတညွတ်တည်း ဆုံးဖြတ်ဆောင်ရွက်ခဲ့ကြကြောင်း၊ မိမိအနေဖြင့် အထူးပြုတင်ပြလိုသည်မှာ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၂၄ တွင် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံ ဥပဒေဆိုင်ရာခုံရုံး၏ ဆုံးဖြတ်ချက်သည် အပြီးအပြတ်အတည်ဖြစ်သည်ဟု ပါရှိကြောင်း၊ ထို့ကြောင့် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၂၄ နှင့်အညီ နိုင်ငံတစ်ဝန်းလုံးအရေးပေါ် အခြေအနေကြေညာထားသည့်ကာလအား ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၂၅ အရ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီက တစ်ကြိမ်လျှင် (၆) လ အထိ ၂၀၂၃ ခုနှစ်၊ ဩဂုတ်လ ၁ ရက်နေ့မှစ၍ ဆက်လက်သက်တမ်းတိုးခြင်းကိုထောက်ခံပါကြောင်း ဆွေးနွေးသည်။

ယင်းနောက်ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းက ဆွေးနွေးပြောကြားရာတွင် အကြမ်းဖက်သမားများကြောင့် ဖြစ်ပေါ်ခဲ့သည့် လူမှုစီးပွားဘဝ ထိခိုက်မှုများဖြစ်ပေါ်ခဲ့မှုများနှင့် ပြည်သူများ၏ပူးပေါင်းပါဝင် ဆောင်ရွက်ခဲ့မှုကြောင့် အကြမ်းဖက်မှုများ လျော့ပါးလာအောင် ဆောင်ရွက်နိုင်ခဲ့မှု၊ တပ်မတော်အနေဖြင့်လည်း အကြမ်းဖက်မှုများ လျော့ပါးစေရေးအတွက် လိုအပ်သည့် စစ်ဆင်ရေး၊ လုံခြုံရေးဆိုင်ရာ ကိစ္စရပ်များကို ဆောင်ရွက်သွားရန်အတွက် အချိန်တစ်ခုလိုအပ်နေမှု တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေး တပ်မတော်အနေဖြင့် ငြိမ်းချမ်းရေးဆွေးနွေးမှုများကို စဉ်ဆက်မပြတ်ကြိုးပမ်းဆောင်ရွက်လျက်ရှိမှု၊ မဲစာရင်းများ မှန်ကန်မှုရှိရန်အတွက် ကြိုတင်ပြင်ဆင် ဆောင်ရွက်ရန်လိုအပ်မှုနှင့် ယခုကဲ့သို့ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ နိုင်ငံတစ်ဝန်းလုံး အရေးပေါ် အခြေအနေကြေညာထားသည့် ကာလအား (၆)လ သက်တမ်းတိုးမြှင့်ခြင်းအပေါ် ထောက်ခံမှုနှင့် ပတ်သက်၍ ဆွေးနွေးပြောကြားသည်။

**(၆)လ သက်တမ်းတိုးမြှင့်ခြင်းအပေါ် ထောက်ခံ**

ထို့နောက် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦးက ဆွေးနွေးတင်ပြရာတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ ရှင်းလင်းဆွေးနွေးမှုများနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ နိုင်ငံတစ်ဝန်းလုံးအရေးပေါ် အခြေအနေကြေညာထားသည့်ကာလအား (၆)လ သက်တမ်းတိုးမြှင့်ခြင်းအပေါ် ထောက်ခံပါကြောင်း

ဆွေးနွေးပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိုးထွဋ်က ဆွေးနွေးတင်ပြရာတွင် ၂၀၂၀ ပြည့်နှစ် ရွေးကောက်ပွဲတွင် ဖြစ်ပေါ်ခဲ့သည့် မဲမသမာမှုဖြစ်စဉ်များမှ အစပြု၍ နိုင်ငံအတွင်းအကြမ်းဖက်လုပ်ရပ်များ ဖြစ်ပေါ်ခဲ့မှုနှင့် လုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးဆိုင်ရာ ဆောင်ရွက်ခဲ့မှုများနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ နိုင်ငံတစ်ဝန်းလုံး အရေးပေါ်အခြေအနေ ကြေညာထားသည့် ကာလအား (၆) လ သက်တမ်းတိုးမြှင့်ခြင်းအပေါ် ထောက်ခံပါကြောင်း ဆွေးနွေးပြောကြားသည်။

၎င်းနောက် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေက လွန်ခဲ့သည့် ခြောက်လတာကာလ အတွင်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရ၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး အဘက်ဘက်မှတိုးတက်အောင် ဆောင်ရွက်လျက်ရှိမှု အခြေအနေများကို နိုင်ငံတကာမှ သိရှိစေရေး ဆောင်ရွက်လျက်ရှိမှု အခြေအနေများနှင့် နိုင်ငံတစ်ဝန်းလုံးအရေးပေါ် အခြေအနေကြေညာထားသည့် ကာလအား ထပ်မံသက်တမ်းတိုးမြှင့်ခြင်းအပေါ် ထောက်ခံပါကြောင်း ဆွေးနွေးပြောကြားသည်။

**သက်တမ်းထပ်မံတိုးမြှင့်ခြင်းအပေါ် ထောက်ခံ**

ထို့နောက် နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးထွန်းထွန်းနောင်က အကြမ်းဖက်မှုဖြစ်စဉ်များ လျော့ပါးလာသည် ဖြစ်သော်လည်း အချို့နေရာများ၌ ဖြစ်ပေါ်နေဆဲဖြစ်သည့် အခြေအနေများ၊ အစိုးရ၏အုပ်ချုပ်မှုယန္တရား ပျက်ပြားစေရေးအတွက် နည်းလမ်းမျိုးစုံဖြင့် ဆောင်ရွက်လျက်ရှိမှုအခြေအနေများနှင့် လက်နက်ကိုင် အကြမ်းဖက်လုပ်ရပ်များ ဆက်လက်ဖြစ်ပေါ်နေဆဲ ဖြစ်သည့်အတွက် နိုင်ငံတစ်ဝန်းလုံး အရေးပေါ်အခြေအနေ ကြေညာထားသည့်ကာလအား သက်တမ်းထပ်မံတိုးမြှင့်ခြင်းအပေါ် ထောက်ခံပါကြောင်းဖြင့် ဆွေးနွေး ပြောကြားသည်။

ယင်းနောက် အထွေထွေဆွေးနွေးရာတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က EAO အဖွဲ့များနှင့် PDF အမည်ခံ အကြမ်းဖက်သမားများအနေဖြင့် အကြမ်းဖက်လုပ်ရပ်များ ဆက်လက်ဆောင်ရွက်နေမှု၊ ပြည်တွင်းအင်အားဖြင့် စီးပွားရေးပိတ်ဆို့မှုများအား ကျော်လွှားနိုင်ရေး ဆောင်ရွက်နေမှု၊ ပြည်တွင်းငြိမ်းချမ်းရေးရရှိရန်အတွက် ဆက်လက်ဆောင်ရွက်လျက်ရှိမှု၊ ရွေးကောက်ပွဲဆိုင်ရာ အခင်းအကျင်းများနှင့် နိုင်ငံတည်ငြိမ်အေးချမ်းရေးအတွက် ဆက်လက်ဆောင်ရွက်သွားမည့် အခြေအနေများနှင့်ပတ်သက်၍ ရှင်းလင်းဆွေးနွေး ပြောကြားသည်။

ထို့နောက် ယာယီသမ္မတဦးမြင့်ဆွေက ယခင် ကျင်းပခဲ့သည့် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ အစည်းအဝေး အမှတ်စဉ်(၁/၂၀၂၃) အစည်းအဝေးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် နိုင်ငံတော်၏ တာဝန်အရပ်ရပ်ကို ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ (၁) ရက်နေ့မှ ၂၀၂၃ ခုနှစ်၊ ဖေဖော်ဝါရီလ (၁) ရက်နေ့ အထိ တာဝန်ထမ်းဆောင်ခဲ့သည့် (၂)နှစ်တာ ကာလအတွင်း နိုင်ငံတော်နှင့် နိုင်ငံသားများအကျိုးကို ရှေးရှုပြီး ဆောင်ရွက်ခဲ့သည့် အခြေအနေများကိုသာမက လုံခြုံရေးဆိုင်ရာ ကိစ္စရပ်များ၊ နိုင်ငံရေးဆိုင်ရာကိစ္စရပ်များ၊ စီးပွားရေးဆိုင်ရာကိစ္စရပ်များ၊ ကျန်းမာရေးဆိုင်ရာ ကိစ္စရပ်များအပါအဝင် ဆက်လက်ဆောင်ရွက်ရန် လိုအပ်နေသည့် အခြေအနေများကို ဆွေးနွေး တင်ပြခဲ့သည့်အတွက် **"နိုင်ငံတော်၏ အခြေအနေအရပ်ရပ်သည် သာမန်မဟုတ်သည့် အခြေအနေ"** အဖြစ် သတ်မှတ်ခဲ့ပါကြောင်း။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့်လည်း နိုင်ငံအတွင်း ဖြစ်ပေါ်နေသည့် သာမန်မဟုတ်သည့် ဖြစ်စဉ်၊ ဖြစ်ရပ်များ၊ ပြောင်းလဲလာသည့် ကာကွယ်ရေး၊ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး အစရှိသည့် အကြောင်းအရာများကို မူတည်ပြီး လက်ရှိအခြေအနေနှင့် ကိုက်ညီသည့် ပြုပြင်ပြောင်းလဲမှုများကို ဆောင်ရွက်ခဲ့သည်ကိုလည်း သတိပြုမိပါကြောင်း။

ယခင် နှစ်နှစ်တာကာလ တာဝန်ထမ်းဆောင်ချိန်မှာ ချမှတ်ခဲ့သည့် ရှေ့လုပ်ငန်းစဉ် (၅) ရပ်အနက် ဆောင်ရွက်ပြီးစီးခဲ့သည့် အချက်အလက်များအစား ဆက်လက်ဆောင်ရွက်ရန် ကျန်ရှိနေသည့် အချက်အလက်များနှင့် ပြင်ဆင်၊ ဖြည့်စွက်ဆောင်ရွက်ခဲ့သည်ကို မြင်တွေ့ခဲ့ရပါကြောင်း၊ ထို့အပြင် နိုင်ငံတော်နှင့် နိုင်ငံသူ၊ နိုင်ငံသားများ၏ အမျိုးသားအကျိုးစီးပွားနှင့် လူမှုစီးပွားဘဝမြင့်မားတိုးတက်စေရန်ရည်ရွယ်ပြီး ယခင် (၂) နှစ်တာကာလအတွင်း ချမှတ်ခဲ့သည့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး ဦးတည်ချက်များကို ပြင်ဆင်၊ ဖြည့်စွက်ပြောင်းလဲမှုများ ဆောင်ရွက်

ခဲ့သည်ကိုလည်း တွေ့ရှိရပါကြောင်း၊ နိုင်ငံတော်နှင့် နိုင်ငံသူ၊ နိုင်ငံသားများ၏ အကျိုးကို ရှေးရှုသည့် ဆောင်ရွက်ချက်များဖြစ်သည့်အတွက် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီအနေဖြင့် အသိအမှတ်ပြု ဂုဏ်ပြုပါကြောင်းကို ပြောကြားလိုပါကြောင်း။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ အနေဖြင့်လည်း ယခုအစည်းအဝေးတွင် ပြင်ဆင်ချမှတ်ခဲ့သည့် ရှေ့လုပ်ငန်းစဉ် (၅) ရပ်၊ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး ဦးတည်ချက် (၁၂) ရပ်တို့ကို ပြီးခဲ့သည့်ကာလအတွင်း အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခဲ့သည့် အခြေအနေများကို ပြည့်စုံစွာရှင်းလင်းဆွေးနွေးသွားသည်ကို တွေ့ရှိရပါကြောင်း။

လက်ရှိနိုင်ငံရေးအခင်းအကျင်းကို ဖြစ်ပေါ်စေခဲ့သည့် ၂၀၂၀ ပြည့်နှစ်ရွေးကောက်ပွဲ မဲမသမာမှုကို ဖြေရှင်းဆောင်ရွက်ပြီးချိန်၌ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအနေဖြင့် မူလဦးတည်ရည်မှန်းချက်ဖြစ်သည့်ရွေးကောက်ပွဲ အခင်းအကျင်း ဖြစ်ပေါ်လာစေရေးအတွက် ဦးတည်ဆောင်ရွက်နေသည်ကိုလည်း သတိပြုမိပါကြောင်း။

ဒီမိုကရေစီစနစ်၏ အသက်ဖြစ်သည့် လွတ်လပ်ပြီး တရားမျှတသည့် ရွေးကောက်ပွဲတစ်ရပ် ဖြစ်ပေါ်လာစေရေး၊ စုစည်းမှုအင်အားရှိသည့် နိုင်ငံရေးပါတီများ ဖြစ်ပေါ်လာစေရေး၊ တိုင်းရင်းသား ပြည်သူလူထုများ၏ အသံကို ကြားသိနိုင်သည့် အခင်းအကျင်းဖြစ်ပေါ်လာစေရေးအတွက် နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်း ဥပဒေကို ပြင်ဆင်ပေးခဲ့ခြင်းမှာလည်း သင့်လျော်ကောင်းမွန်သည့် ဆောင်ရွက်ချက်တစ်ခုဖြစ်သည်ဟု ပြောကြားလိုပါကြောင်း။

**အနှစ်သာရအားဖြင့် ပြည့်စုံသည့်ဥပဒေဖြစ်**

လက်ရှိဖြစ်ပေါ်နေသည့် အခြေအနေများနှင့် အခြားပုဂ္ဂိုလ်ရေး၊ စည်းရုံးရေးဆိုင်ရာ အခြေအနေ အချို့ကြောင့် ယခင်တည်ရှိခဲ့သည့် ပါတီများအနက် အချို့ပါတီများသည် မှတ်ပုံတင်ရန် ပျက်ကွက်ခဲ့ကြပါကြောင်း၊ ယင်းဖြစ်စဉ်၏ အခြားတစ်ဖက်တွင် နိုင်ငံရေးပါတီတချို့ ပူးပေါင်းခြင်း၊ ပါတီသစ်တချို့ မှတ်ပုံတင်ခြင်း စသည်များလည်း ဖြစ်ထွန်းလာသည်ကို တွေ့မြင်ရသည့်အတွက် ပြင်ဆင်ပြဋ္ဌာန်းလိုက်သည့် နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေသည် အနှစ်သာရအားဖြင့် ပြည့်စုံသည့် ဥပဒေဖြစ်သည်ကို သက်သေပြနေခြင်းဖြစ်ကြောင်းကိုလည်း ထည့်သွင်းပြောကြားလိုပါကြောင်း၊ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်း ဥပဒေနှင့်အညီ မှတ်ပုံတင်ခြင်းလုပ်ငန်းစဉ်များ ပြီးဆုံးချိန်တွင် ရွေးကောက်ပွဲ ကျင်းပခြင်းဟူသည့် လုပ်ငန်းစဉ်ကို ရောက်ရှိနိုင်ရေး ပြင်ဆင်ခြင်း အဆင့်ကို ကျော်ဖြတ်ရဦးမည်ဖြစ်ပါကြောင်း။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၏ ဆွေးနွေးချက်တွင်ရွေးကောက်ပွဲကျင်းပမှုကိုအခင်းအကျင်း နှစ်ခုဖြင့် ဆွေးနွေးသွားသည်ကို တွေ့ရပါကြောင်း၊ **ပထမအခင်းအကျင်း**အရ လက်ရှိပစ်ခတ်တိုက်ခိုက်မှု၊ အကြမ်းဖက်မှု၊ ဥပဒေမဲ့ပြုကျင့်မှုများ ဖြစ်ပွားနေသည့် စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးမြောက်ဘက်ခြမ်း နေရာအချို့၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ ပဲခူးတိုင်းဒေသကြီးအရှေ့ခြမ်းနှင့် တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ နေရာအနည်းငယ်တို့ကို ချန်လှပ်ပြီး ရွေးကောက်ပွဲပြုလုပ်ရန် ဖြစ်ပါကြောင်း။

**မမိုတ်မသုန်ထမ်းဆောင်ရမည်**

**ဒုတိယအခင်းအကျင်း**အနေဖြင့် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ရွေးကောက်ပွဲကို ဖြစ်မြောက်အောင်ဆောင်ရွက်ခြင်းပင်ဖြစ်ပါကြောင်း၊ အခင်းအကျင်းတိုင်းတွင် အားသာချက်၊ အားနည်းချက်များရှိသည်ကို တွေ့ရပါကြောင်း၊ လက်ရှိနိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် တပ်မတော်ကို အခြေပြုပြီး ဖွဲ့စည်းခဲ့ခြင်းဖြစ်သည့်အတွက် တပ်မတော်၏ မူလရပ်တည်ချက်ဖြစ်သည့် ဒွိတာဝန်အရေးသုံးပါးကို ကာကွယ်စောင့်ရှောက်ရေး၊ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားထိခိုက်မှုမရှိစေရေး၊ ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)၊ ပုဒ်မ-၆(စ)ပါ နိုင်ငံတော်၏ အမျိုးသားနိုင်ငံရေးဦးဆောင်မှုအခန်းကဏ္ဍတွင် တပ်မတော်က ပါဝင်ထမ်းဆောင်နိုင်ရေးတို့ကိုအစဉ်တစိုက် ဦးတည်သည် ဟူသည့် တာဝန်ကြီးများကို မမိုတ်မသုန် ထမ်းဆောင်ရမည်လည်းဖြစ်ပါကြောင်း၊ ရွေးကောက်ပွဲ အခင်းအကျင်းနှစ်ခု၏ အားသာချက်၊ အားနည်းချက်များ အနက် လျှောက်လှမ်းမည့် ဒီမိုကရေစီလမ်းကြောင်းသည် ပြည်သူအနိုင်ရရေးကိုသာ ဦးတည်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌအနေဖြင့် ဆွေးနွေးသွားသည်ကိုလည်း လေးလေးနက်နက် သတိပြုမိပါကြောင်း။

တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ရွေးကောက်ပွဲကျင်းပနိုင်ရေးအတွက် နိုင်ငံတစ်ဝန်းလုံးတွင်ရှိသည့် ပြည်သူအားလုံး၏ ဆန္ဒသဘောထားကို ထင်ဟပ်စေမည့် တစ်နိုင်ငံလုံးအတိုင်းအတာနှင့် ရွေးကောက်ပွဲကျင်းပရမည်ဖြစ်ပါကြောင်း၊ ထိုကဲ့သို့ကျင်းပရာတွင်လည်း အကြောက်တရားကင်းကင်း၊ အမှီအခိုကင်းကင်းဖြင့် မဲပေးခွင့်ရစေရေး၊ အကြမ်းဖက်မှုကို လိုလားသူများနှင့် အားပေးသူများ လွှတ်တော်အတွင်း ရောက်ရှိမလာစေရေး စသည့် **ပြည်သူကိုရှေးရှုသည့် ရည်မှန်းချက်**များသည် ပြည့်စုံလှသည့် ဆွေးနွေးချက်များဖြစ်သည်ဟု ဆိုရမည်ဖြစ်ပါကြောင်း၊ လွတ်လပ်ပြီး တရားမျှတသည့် ရွေးကောက်ပွဲတစ်ရပ် ကျင်းပနိုင်ရန်အတွက် နယ်မြေတည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေး စသည့်လုပ်ငန်းများကို စဉ်ဆက်မပြတ် ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်နေရမည်ဖြစ်ပါကြောင်း။

လတ်တလော နိုင်ငံတကာဆက်ဆံရေးနယ်ပယ်တွင်လည်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် လွတ်လပ်တက်ကြွ၍ ဘက်မလိုက်သည့်မူဝါဒကို ကျင့်သုံးပြီး ပြည်ပနိုင်ငံအသီးသီးနှင့် ဆက်ဆံရေးကိစ္စရပ်များ၊ စီးပွားရေး၊ ကျန်းမာရေး၊ ပညာရေး အစရှိသည့် နယ်ပယ်အသီးသီးမှ ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တိုးမြှင့်ဆောင်ရွက်နေသည်ကို တွေ့ရှိရပါကြောင်း၊ ဆက်လက်ပြီး တိုးတက်မှုများ ရရှိအောင် အရှိန်အဟုန်မြှင့် ဆောင်ရွက်နေသည်ကိုလည်း မြင်တွေ့နေရပါကြောင်း။

ထို့အပြင် နိုင်ငံသူ၊ နိုင်ငံသားများအတွက် ချမှတ်ထားသည့် အမျိုးသားရေးလုပ်ငန်းစဉ် (၂)ရပ်နှင့် နိုင်ငံရေးလုပ်ငန်းစဉ် (၂)ရပ်ကိုလည်း လက်ရှိရထားသည့် အခြေအနေကောင်းတစ်ရပ်မှ ဆက်လက်မြှင့်တင်နိုင်ရေး ဆောင်ရွက်သွားရန် အချိန်အတိုင်းအတာအရ လိုအပ်လျက်ရှိနေကြောင်း တွေ့ရှိရပါကြောင်း၊ အခု ဆွေးနွေးခဲ့သည့် ခြောက်လတာကာလအတွင်း ကြုံတွေ့ခဲ့ရသည့် လေဘေးအပါအဝင် မိုခါမုန်တိုင်းဒဏ်ကြောင့် ထိခိုက်ပျက်စီးဆုံးရှုံးခဲ့ရသည့် ဒေသခံပြည်သူလူထုများ၏ အခြေခံအဆောက်အအုံများ ပြန်လည်တည်ဆောက်ခြင်းအပါအဝင် ပြန်လည်ထူထောင်ရေးနှင့် မူလအခြေအနေသို့ ပြန်လည်ရောက်ရှိစေရေးအတွက် စိတ်ခွန်အား၊ ငွေအား၊ လူအားတို့ကို အရှိန်အဟုန်နှင့် ဖြည့်ဆည်းပေးရန် လိုအပ်လျက်ရှိနေဆဲဖြစ်သည်ကိုလည်း တွေ့ရှိရပါကြောင်း။

**သမိုင်းမှတ်တမ်းရေးထိုးနိုင်ခဲ့**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် နိုင်ငံ့တာဝန်ကိုထိန်းသိမ်းဆောင်ရွက်လျက်ရှိသည့်ကာလအတွင်း နိုင်ငံတကာနှင့် ဘက်ပေါင်းစုံမှ ထိုးနှက်တိုက်ခိုက်မှုကြားမှ နိုင်ငံတော်နှင့် နိုင်ငံသူ၊ နိုင်ငံသားများ၏ အကျိုးစီးပွားတိုးတက်ရေးကို ရှေးရှုပြီး ဆောင်ရွက်ခဲ့မှုများကို လေးစားစွာ အသိအမှတ်ပြုပါကြောင်း၊ ဖြစ်ပေါ်ပြောင်းလဲလာမှုများအပေါ် မူတည်ပြီး ရှေ့လုပ်ငန်းစဉ်နှင့် ဦးတည်ချက်များ ပြင်ဆင်၊ ဖြည့်စွက်ဆောင်ရွက်ချက်များနှင့် လွတ်လပ်ပြီး တရားမျှတသည့် ရွေးကောက်ပွဲတစ်ရပ်ဖြစ်ပေါ်လာစေရေး ကြိုးပမ်းဆောင်ရွက်ချက်များသည် သမိုင်းမှတ်တမ်းရေးထိုးနိုင်ခဲ့ပြီဟု ဆိုနိုင်ပါကြောင်း။

တိုင်းပြည်တည်ငြိမ်အေးချမ်းမှုရရှိစေရေး၊ တရားဥပဒေစိုးမိုးရေး၊ ပြည်သူတစ်ဦးချင်းစီ၏ လွတ်လပ်မှု၊ အမှီအခိုကင်းမှု၊ အကြောက်တရားကင်းမဲ့စွာ မဲပေးနိုင်မှု စသည့် ရွေးကောက်ပွဲအခင်းအကျင်းတစ်ရပ် ဖြစ်ပေါ်လာစေရေးအတွက် အားလုံးဝိုင်းဝန်းပူးပေါင်းဆောင်ရွက်သွားကြရမည် ဖြစ်ပါကြောင်း။

ယနေ့အစည်းအဝေးသို့ တက်ရောက်လာကြသည့် မိမိအပါအဝင်အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီအဖွဲ့ဝင်များအားလုံး၏သဘောတူဆွေးနွေးဆုံးဖြတ်ချက်များအရလည်းကောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေ **ပုဒ်မ ၄၂၁၊ ပုဒ်မခွဲ(ခ)**၏ လုပ်ပိုင်ခွင့်များအရလည်းကောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေ**ပုဒ်မ ၄၂၅** နှင့်အညီ နိုင်ငံတော်၏ နိုင်ငံရေးအခြေအနေအရ **"နိုင်ငံတစ်ဝန်းလုံးအရေးပေါ်အခြေအနေ ကြေညာထားသည့် ကာလကို ၁-၈-၂၀၂၃ ရက်နေ့မှစ၍ နောက်ထပ် ၆ လ တိုးမြှင့်သတ်မှတ်ကြောင်း"**နှင့် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ နိုင်ငံတော်၏ တာဝန်အရပ်ရပ်ကို **"နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်"** ထံသို့ ထပ်မံအပ်နှံကြောင်း အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီသို့ အသိပေးကြေညာအပ်ပါကြောင်း၊ "အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ" အနေဖြင့်လည်း ကြေညာချက်ထုတ်ပြန်သွားမည်ဖြစ်ကြောင်း ဖြင့် ပြောကြားခဲ့သည်။

■ ■ ■